# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၃၁)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
၂၀၂၆ ခုနှစ်၊ မတ် ၁၅ ရက်၊ တနင်္ဂနွေနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

ပညာရှိတို့သည် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း မကောင်းမှုမှ စောင့်ရှောက်ကုန်၏။ ထိုကိုယ်နှုတ်စိတ်သုံးပါးတို့ဖြင့် ကောင်းစွာစောင့်ရှောက်သော ပညာရှိတို့သည်သာလျှင် ကောင်းစွာစောင့်ရှောက်သောသူတို့မည်ကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ဆက်လက်ဖြေဆို

နေပြည်တော် မတ် ၁၄

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို မတ်လ ၁၁ ရက်မှစတင်ကျင်းပခဲ့ရာ ယနေ့စာမေးပွဲဖြေဆိုမှု စတုတ္ထနေ့တွင် သက်ဆိုင်ရာ ဘာသာရပ်များဖြစ်သည့် ဓာတုဗေဒဘာသာရပ်၊ ပထဝီဝင်ဘာသာရပ်၊ စက်မှုအတတ်ပညာ(ပေါင်းစပ်သိပ္ပံ)ဘာသာရပ်နှင့် စိုက်ပျိုးရေးအတတ်ပညာ (သီးနှံထုတ်လုပ်ရေး (၃)) ဘာသာရပ်တို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာစစ်ဌာနများ၌ ကျောင်းသား၊ ကျောင်းသူများက စိတ်အေးချမ်းသာစွာ ဖြေဆိုခဲ့ကြသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊

စာမျက်နှာ ၉ ကော်လံ ၁ ➔



ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒ/ပထဝီဝင်ဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကို တွေ့ရစဉ်။


**အာကာသသိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မရှင်ဥပဒေပြဌာန်း** စာ – ၃ သို့

**ဆောင်းပါး**

**ရဲဘော်စိတ် (သို့မဟုတ်) ဝင်္ကပါခရီးကြမ်း လျှောက်လှမ်းကြရာဝယ် .....** စာ – ၅ သို့

**ရင်တွင်းစွမ်းအင် ပြောပြချင်ရဲ့** စာ – ၁၂ သို့


# စက်သုံးဆီအရောင်းဆိုင်များတွင် Barcode/ QR Code များအသုံးပြုမှုအခြေအနေနှင့် နိုင်ငံတကာနှင့်ပြည်တွင်းဈေးနှုန်းနှိုင်းယှဉ်ချက်အား အသိပေးထုတ်ပြန်ခြင်း

စက်သုံးဆီပြတ်လပ်မှုမရှိစေရေးနှင့် စက်သုံးဆီအမှန်တကယ်လိုအပ်သူများ အဆင်ပြေချောမွေ့စွာ ဝယ်ယူရရှိနိုင်စေရန်ရည်ရွယ်၍ ၁၂-၃-၂၀၂၆ ရက်နေ့မှစတင်၍ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မော်တော်ယာဉ်များအတွက် Wheel Tax တွင်ပါရှိသည့် Barcode နှင့် မော်တော်ဆိုင်ကယ်များအတွက် Wheel Tax ပါအချက်အလက်များကိုအသုံးပြု၍ QR Code ထုတ်ပေးပြီး Application ဖြင့် စစ်ဆေးသည့်နည်းလမ်းကို အသုံးပြုဆောင်ရွက်လျက်ရှိပြီး ပိုမို၍ အဆင်ပြေကောင်းမွန်လာစေရန် Application Software နည်းပညာပိုင်းဆိုင်ရာမြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိသည်။

၁၂-၃-၂၀၂၆ ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့ရှိ စက်သုံးဆီအရောင်းဆိုင်များ၌ Application အသုံးပြု၍ စိစစ်ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် ၆၂၀၁၇ စီးနှင့် မော်တော်ဆိုင်ကယ် ၅၆၀၈၀ စီးကို အဆင်ပြေချောမွေ့စွာ ရောင်းချပေးနိုင်ခဲ့ပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ◆




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မတ် ၁၅ ရက်)

# ယုံကြည်မှု၊ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့်မြန်မာ့မျက်နှာစာသစ်ဖိုရမ်

မြန်မာ့မျက်နှာစာသစ်ဖိုရမ်မှာ ရိုးရာနှင့်ခေတ်သစ်ကိုပေါင်းကူးပေးမည့် တံတားတစ်စင်းဖြစ်သလို ဗဟုသုတများ၊ အတွေးအမြင်သစ်များ တီထွင်ဖန်တီးမှုများစီးဆင်းရာမြစ်တစ်ခုလည်းဖြစ်သည်။ အားလုံး၏မျှော်လင့်ချက်များ၊ ရည်မှန်းချက်များကို အဆိုပါမြန်မာ့မျက်နှာစာသစ်တွင်အတူတကွရေးထိုးကြမည်ဖြစ်သည်။ သမိုင်းဆိုသည်မှာ အဟောင်းများကိုသင်ခန်းစာယူပြီး အသစ်များကိုတည်ဆောက်သည့်အခွင့်အရေးတစ်ခုဖြစ်သည်။ အမှောင်ကိုခွင်းသည့် အလင်းတန်းတစ်ခုလို အတိတ်၏အဟန့်အတားများကိုကျော်လွှားပြီး ပိုမိုကောင်းမွန်တောက်ပသည့်အနာဂတ်ဆီသို့ ကြိုဆိုနေသောခြေလှမ်းများနှင့် လှမ်းချီကြမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတ်လ ၁၃ ရက်ကကျင်းပသည့် မြန်မာ့မျက်နှာစာသစ်ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ် **"ယခုဆွေးနွေးပွဲကြီးရဲ့ရလဒ်တွေဟာ မြန်မာနိုင်ငံရဲ့မျက်နှာစာသစ်ကို လှပစွာပုံဖော်နိုင်ဖို့ ပံ့ပိုးဆောင်ရွက်ပေးနိုင်မယ်လို့မျှော်လင့်ထားပါတယ်။ မကြာခင်ကာလမှာ အစိုးရအဖွဲ့သစ်နဲ့အတူ မြန်မာနိုင်ငံရဲ့ အရှုဏ်ဦးနံနက်ခင်းသစ်တစ်ခုဒါမှမဟုတ်မျက်နှာစာသစ်တစ်ခုကို ရောက်ရှိတော့မှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အမှောင်တွေပြေပျောက်ပြီး ရွှေရောင်လင်းလက်အလင်းဖြာစေမယ့် ရောင်နီသစ်ချိန်ရောက်ရှိတော့မှာဖြစ်ပါတယ်။ ယခုလိုမင်္ဂလာရှိတဲ့ အချိန်အခါသမယမှာ မြန်မာနိုင်ငံသားအားလုံး စည်းလုံးမှု၊ ညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ကြွယ်ဝချမ်းသာမှု၊ လွတ်လပ်မှု စတဲ့ကောင်းကျိုးတရားများရရှိခံစားနိုင်ကြပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို အတူတကွ တည်ထောင်အကောင်အထည်ဖော်ကြပါစို့"** ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်သို့ကူးပြောင်းဆောင်ရွက်နိုင်ခဲ့သော်လည်း ဒီမိုကရေစီအလေ့အကျင့်ကောင်းများအားနည်းခဲ့မှု၊ အဖွဲ့အစည်းအသီးသီး၏ အတိတ်ဖြစ်ရပ်တွေအပေါ် မကျေနပ်ချက်များဖြစ်ပေါ်လာအောင် သွေးထိုးလှုံ့ဆော်လာမှု၊ ပါတီစွဲ ပုဂ္ဂိုလ်စွဲများကိုရှေ့တန်းတင်ပြီး နိုင်ငံ့အကျိုးကိုလျစ်လျူရှုမှုတွေကြောင့် တည်ငြိမ်အေးချမ်းမှုများအားနည်းခဲ့ရသည်။ ဤအားနည်းချက်များကိုသင်ခန်းစာဖော်ထုတ်ပြီး အေးချမ်းတည်ငြိမ်သည့် လူမှုပတ်ဝန်းကျင်များဖြစ်ပေါ်လာအောင်တည်ဆောက်ပေးကြရမည်ဖြစ်သည်။

မြန်မာ့မျက်နှာစာသစ်ဖိုရမ်ဆွေးနွေးပွဲသည် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများမှာအမြင်ကျယ်ကျယ်နှင့်ရှုမြင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်မည့်လုပ်ငန်းများကို ကြိုတင်သိမြင်နိုင်စေရန်၊ နိုင်ငံတော်၏စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ကုန်/သွင်းကုန်ကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍများတွင် ဥပဒေများရေးဆွဲကြသည့်အခါ ချဉ်းကပ်ဆောင်ရွက်ရမယ့်နည်းလမ်းများနှင့် ထိရောက်သည့်ဥပဒေများရေးဆွဲပြဋ္ဌာန်းနိုင်စေရန်၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်းစားဆောင်ရွက်သင့်သည့်အချက်အလက်များ၊ နိုင်ငံတကာတွင်ကျင့်သုံးနေသည့်အချက်အလက်များကိုသိရှိနိုင်စေရန်၊ နိုင်ငံတော်အစိုးရသစ်လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းကူညီဆောင်ရွက်နိုင်စေရန်ဟူသော ရည်ရွယ်ချက်(၄)ရပ်နှင့်ကျင်းပခြင်းဖြစ်သည်။

အမှန်အားဖြင့် ဖိုရမ်ကို **"နိုင်ငံ့မျက်နှာစာသစ်"** ဟုအမည်တပ်ထားသော်လည်း နိုင်ငံ၏ရုပ်ပိုင်းဆိုင်ရာမျက်နှာစာသစ်တစ်ခုတည်းကိုဆိုလိုခြင်းမဟုတ်ဘဲ စိတ်သစ်၊ လူသစ်၊ အတွေးအမြင်သစ်၊ အခင်းအကျင်းသစ်၊ လုပ်နည်းလုပ်ဟန်သစ်၊ Vision အသစ်၊ Mission အသစ်တို့ကိုပါ ထည့်သွင်းညွှန်းဆိုရည်ရွယ်ခြင်းဖြစ်သည်။ နိုင်ငံ၏အခြေခံအဆောက်အအုံများဖြစ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ လမ်းပန်းဆက်သွယ်မှုနှင့်ဒေသတစ်ခုနှင့်တစ်ခုကွန်ရက်ချိတ်ဆက်နိုင်မှု၊ ဒစ်ဂျစ်တယ်ဆက်သွယ်ရေးစနစ်အားကောင်းမှုတို့သည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးရေး၊ ကုန်ထုတ်လုပ်မှုနှင့်ရောင်းဝယ်ဖောက်ကားမှုတိုးတက်ရေးတို့အတွက် အခရာကျသည့်လိုအပ်ချက်များဖြစ်သည်။ ဤသည်ကို ပိုမိုတိုးတက်ကောင်းမွန်အောင် နိုင်ငံတော်အစိုးရတစ်ခုတည်းကဆောင်ရွက်၍မရဘဲ ဒေသခံပြည်သူများ၊ အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ဤသည်များကို အစိုးရကတည်ဆောက်အကောင်အထည်ဖော်ပေးရမည်ဖြစ်သလို ပြည်သူများကလည်း မပျက်စီး၊ မပျောက်ပျက်စေရန်၊ မသမာသူများ၏ ဖျက်ဆီးမှုမခံရအောင် ဝိုင်းဝန်းထိန်းသိမ်းပေးကြရမည်ဖြစ်သည်။ သို့မှသာ နိုင်ငံတော်အစိုးရနှင့်ပြည်သူများမျှော်မှန်းထားသည့် မြန်မာ့မျက်နှာစာသစ်ကိုကောင်းမွန်စွာတည်ဆောက်နိုင်မည်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ်မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ရေး။




## ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ်အကြောင်းအသိပညာပေး

နေပြည်တော် မတ် ၁၄

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဟန်းဆက်နှင့်ဆက်စပ်ပစ္စည်းလုပ်ငန်းရှင်များနှင့် မိုဘိုင်းလက်ကိုင်ဖုန်း သုံးစွဲသူပြည်သူများအား ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ် (CEIR) အကြောင်း သိကောင်းစရာနှင့် အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းပွဲ အခမ်းအနားကို မတ်လ ၁၃ ရက်တွင် ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဇမ္ဗူသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေနော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာန၊ သီရိ(၅)မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးလှငွေက CEIR စနစ် အသုံးပြုခြင်းအားဖြင့် တင်သွင်းသူများမှ ကျသင့်အခွန်အကောက်များကို Online စနစ်အသုံးပြု၍ အလွယ်တကူပေးဆောင်တင်သွင်းနိုင်ခြင်း၊ အခွန်တိမ်းရှောင်မှုနှင့် တရားမဝင်တင်သွင်းခြင်းမှ တားဆီးကာကွယ်နိုင်ခြင်း၊ အများပြည်သူများမှ မိုဘိုင်းလက်ကိုင်ဖုန်းအတုများ ဝယ်ယူမိခြင်းမှ ကာကွယ်ပေးနိုင်ခြင်း၊ လက်ကိုင်ဖုန်းဈေးကွက်များ၏ စစ်မှန်မှုနှင့်ယုံကြည်စိတ်ချရမှု မြှင့်တင်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ခြင်းများနှင့် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ဟန်းဆက်နှင့်ဆက်စပ်ပစ္စည်းလုပ်ငန်းရှင်များနှင့် လက်ကိုင်ဖုန်းသုံးစွဲသူပြည်သူများအား CEIR အကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များဖြန့်ဝေကြကြောင်း သိရသည်။

(၄၀၂)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အာကာသသိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
**အာကာသသိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ဥပဒေ**
(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
ဥပဒေအမှတ် ၁၇ /၂၀၂၆)
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၁၄ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **အာကာသသိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုသည်၊

(ခ) **ကော်မရှင်**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် အာကာသသိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ကိုဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ (က) အာကာသသိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရန်၊

(ခ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အာကာသဆိုင်ရာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံ တည်ဆောက်နိုင်ရန်၊

(ဂ) အာကာသပညာရပ်ကို လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးအတွက် အသုံးချနိုင်ရန်၊

(ဃ) နိုင်ငံတော်၏အမျိုးသားလုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတထိန်းသိမ်းစောင့်ရှောက်ရန်၊

(င) စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် တုံ့ပြန်ရေးအပါအဝင် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အာကာသနည်းပညာများဖြင့် အထောက်အကူပြုနိုင်ရန်။

**အခန်း(၃)**

**ကော်မရှင်ဖွဲ့စည်းခြင်း**

၄။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ဥက္ကဋ္ဌအပါအဝင် သင့်လျော်သည့် ပုဂ္ဂိုလ်အနည်းဆုံးငါးဦးဖြင့် အာကာသသိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ကို ဖွဲ့စည်းနိုင်သည်။

၅။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ကို ဖွဲ့စည်းသည့်အခါ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးကို တစ်ပါတည်းသတ်မှတ်ပေးရမည်။

၆။ နိုင်ငံတော်သမ္မတသည် ကော်မရှင်တွင်ခန့်အပ်တာဝန်ပေးရန် သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကို ကော်မရှင်တွင် ခန့်အပ်တာဝန်ပေးလိုလျှင် သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးနိုင်သည်။

၇။ နိုင်ငံတော်သမ္မတသည် **ပုဒ်မ ၃** ပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

**အခန်း(၄)**

**ရာထူးမှနုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်း၊**
**လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း**

၈။ ကော်မရှင်ဥက္ကဋ္ဌသည်တာဝန်ထမ်းဆောင်နေစဉ်အကြောင်းတစ်ခုခုကြောင့် မိမိသဘော ဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်းကို နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီးရာထူးမှနုတ်ထွက်နိုင်သည်။

၉။ ကော်မရှင်ဥက္ကဋ္ဌမှအပ ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည်တာဝန်ထမ်းဆောင်နေစဉ်အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ် ထွက်လိုကြောင်းကို ကော်မရှင်ဥက္ကဋ္ဌမှတစ်ဆင့် နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။

၁၀။ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးအား အောက်ပါအခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်ပါက တာဝန်မှရပ်စဲနိုင်သည်–

(က) ဆေးစစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါး ထာဝစဉ် ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကိုဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိတော့ကြောင်း တွေ့ရှိရခြင်း၊

(ခ) ကော်မရှင်ကချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း။

၁၁။ နိုင်ငံတော်သမ္မတသည် ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ကော်မရှင်အဖွဲ့ဝင်နေရာ လစ်လပ်လျှင် သင့်လျော်သည့်ပုဂ္ဂိုလ်များဖြင့် ဖြည့်စွက်ခန့်ထားရမည်။

**အခန်း(၅)**

**အထွေထွေ**

၁၂။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မရှင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ လစဉ်ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်နှင့် ခံစားခွင့်များကို သတ်မှတ်ပေးရမည်။

၁၃။ ကော်မရှင်၏သက်တမ်းသည် နိုင်ငံတော်သမ္မတ၏ သက်တမ်းအတိုင်းဖြစ်သည်။

၁၄။ ကော်မရှင်၏ရုံးလုပ်ငန်းများအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက စီစဉ်ဆောင်ရွက်ပေးရမည်။

၁၅။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်နည်းဥပဒေ၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ**

---

# အောင်ပန်းမြို့နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကိုကြည့်ရှုအားပေးစဉ်။

နေပြည်တော် မတ် ၁၄

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍတိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့၊ ဇောတိကျေးရွာမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား အဆိုပါကျေးရွာရှိအရိန္ဒမ မစိုးရိမ်ကျောင်းတိုက်သစ်၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်(၄) ပါး၊ သာသနာ့နွယ်ဝင်သီလရှင် (၁၁)ပါးနှင့် ဒေသခံပြည်သူ ၃၀၆ ဦးတို့ကို အရိုးအကြောရောဂါ၊ နှလုံးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး Ultrasound စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းနှင့် ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးခြင်းများဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူတစ်ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

အလားတူ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်ရှိဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင်အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က အောင်ရတနာဓမ္မဗိမာန်တော်ကြီး၊ မုန့်တိုင်ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၆၁ ဦးအား သွေးတိုးရောဂါ၊အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပေးပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)

# အရိပ်

မစန္ဒာ

**ယမန်နေ့မှအဆက်**

'အမှိုက်တွေကို စက္ကူနဲ့အသာထုပ်ထည့်ပြီး ရုံပြင်ကျ အမှိုက်ပုံးထဲပစ်လို့ရှိရင်လည်း ရတာပဲနော်ကိုကို၊ ကြည့်တဲ့လူတွေကသာ နည်းနည်းလေးသတိထားလိုက်ကြရင် ဒီလောက်ပွရှုပ်နေမှာမဟုတ်ဘူး'

'စည်းကမ်းဆိုတာ နေရာတကာမှာအရေးကြီးတယ်၊ စည်းကမ်းမရှိတဲ့လူက တိုးတက်ဖို့မလွယ်ဘူး သက်ရဲ့၊ ဒီလိုပဲ လူမျိုးလိုက်ချီပြီး စည်းကမ်းမဲ့နေရင် ဒီတိုင်းပြည် တိုးတက်ဖို့လွယ်ပါဦးမလား'

'စည်းကမ်းရှိဖို့ဆိုတာကလည်း စည်းကမ်းပေးဦးမှပေါ့ ကိုကိုရယ်၊ အခုဟာက အမှိုက်ပစ်ချင်တိုင်းပစ်၊ ဘာမှ အရေးမှမယူတာ'

သက်သက်သည် ပြောင်းဖူးစေ့လေးများကို တစ်စေ့ချင်းခွဲယူပြီး ကျော်ထွန်းညို၏လက်ထဲသို့လှမ်းထည့်သည်။ သူတို့နှစ်ဦးသည် သမီးရည်းစားဖြစ်လာကြသော်လည်း ချစ်စကားကြိုက်စကားများကို ချွဲနွဲ့ပြီး မပြောကြပေ။ 'ဘယ်လောက်ချစ်' 'မိုးလောက်ကြီးချစ်' 'ယုံပါဘူးကွယ်' ဆိုသောစကားမျိုးများကိုပြောမည့်အစား တွေ့သမျှမြင်သမျှလေးများကိုသာ သူ့အမြင်ကိုယ့်အမြင်ပြောရင်း သဘောချင်းမတိုက်ဆိုင်လျှင် ငြင်းခုံရင်း၊ ထို့နောက် ပြိုင်တူအလျှော့ပေးရင်း အချိန်ကုန်တတ်သည်။ 'ချစ်တယ်၊ ချစ်တယ်'ဟု အထပ်ထပ်ပြောနေသည်ထက် ထိုသို့ကြည်လင်ချမ်းမြေ့စွာစကားပြောရသည်ကို နှစ်ဦးစလုံး ပို၍နှစ်သက်ကြသည်။ အမာညိုကမူ 'ဘယ်လိုစုံတွဲကြီးလဲဟ၊ ပျင်းစရာကြီး' ဟု ဩဘာပေးလေသည်။

'ဟော ကြွက်'

သက်သက်က လန့်၍အော်သည်။ ကွာစေခွံလေးများနားသို့ရောက်လာသောကြွက်လေးသည် ရုတ်ခနဲနောက်ဆုတ်ပြီး ထွက်ပြေးသွားသည်။

'ရှိုင်ရယ်ရုံကကြွက်ကပိုဆိုးတယ်၊ တစ်ခါတုန်းက ရုပ်ရှင်ကြည့်တုန်း ကိုကို့ခြေမကို ဘာမှတ်လဲမသိဘူး၊ လာကိုက်ဖူးတယ် သိလား'

'ကြွက်လေးက ပြောမသွားဘူးလား'

'ဘာပြောရမှာလဲ'

'ခွေးချေးစော်နံလိုက်တာ၊ နောက်တစ်ခါ ချေးပုံနင်းမလာနဲ့လို့လေ'

'အဲဒီလိုတော့ မပြောပါဘူး၊ ဒါပေမဲ့ နောက်တစ်ခါလာရင် တစ်ယောက်တည်းမလာနဲ့၊ အတွဲနဲ့လာခဲ့တဲ့'

'အောင်မာ တယ်ဟုတ်'

မီးမှောင်ပြီး ကြော်ငြာများထိုးပြနေသော်လည်း ရုံထဲသို့ဝင်လာသူများ မစဲသေးချေ။ မှောင်ထဲတွင်ပင် စမ်းတဝါးဝါးဝင်လာရသူများကို မျက်စိအကျင့်ရပြီးသူများက ထိုင်လျက်မှကြည့်နေရသည်မှာ ရယ်ဖွယ်ကောင်းလှသည်။

'အခုလေ တုပ်ကွေးအဆန်းဖြစ်နေတယ် ကိုကိုသိလား၊ သွေးလွန်တုပ်ကွေးတဲ့၊ အရင်တုန်းက မြန်မာပြည်မှာမရှိဘူး၊ အခုမှရောက်လာတာလို့ပြောတယ်၊ သိပ်ကြောက်ဖို့ကောင်းတယ်၊ ကလေးတွေဆိုရင် ပိုဖြစ်နိုင်တယ်တဲ့'

'အခုဖြစ်နေကြပြီလား'

'ဟင့်အင်း အများကြီးတော့ မဖြစ်သေးပါဘူး၊ ဒါပေမဲ့ စိုးရိမ်ရတယ်လို့ ဆရာတွေပြောနေကြတာပဲ'

သက်သက်က ကျော်ထွန်းညို၏လက်ထဲသို့ ပြောင်းဖူးစေ့လေးများ ထည့်ပေးပြန်သည်။ ပြောင်းဖူးကို တစ်စေ့ချင်း တဖောက်ဖောက်ဝါးနေရင်း ကျော်ထွန်းညိုသည် သက်သက်ပြောသမျှကို စိတ်ဝင်တစားနားထောင်နေသည်။ 'ဟိုမှာတွေ့လား ကိုကို၊ ကြော်ငြာက စကားလုံးကို ကြည့်စမ်းပါဦး၊ မီးနီကိုဖြတ်ကူးက လိုရာမရောက် သေရွာရောက်နိုင်သည်တဲ့၊ မှားနေတယ်နော်၊ မီးနီကို ဖြတ်ကူးကဆိုတော့ မီးနီကြီးပေါ်ကနင်းပြီး ဖြတ်ကူးတဲ့အတိုင်းပဲ၊ မီးနီစဉ်ဖြတ်ကူးကလို့ ရေးရမှာပေါ့နော် ကိုကို'

'အေးလေကွာ ဟုတ်ပါရဲ့'

'သဒ္ဒါက သိပ်အရေးကြီးတယ်၊ သဒ္ဒါမတတ်ရင် စာမတတ်ဘူးဆိုတာ မှန်တယ်နော်'

> **"ပိတ်ကားပေါ်မှ ရှာမီလာတဂိုးက ပြုံးချိုစွာညို့ယူနေချေပြီ။ ရထားနောက်မှ မော်တော်ကားဖြင့်လိုက်ရင်း သီချင်းဆိုနေသော မင်းသား၏တေးသံကလည်း မြူးကြွလှသည်။ ကျော်ထွန်းညိုရော သက်သက်ပါ ရှာမီလာတဂိုးထက် စုလှိုင်ကို ပို၍စိတ်ဝင်စားကြသည်။ ထို့ကြောင့် ပိတ်ကားကိုမကြည့်ဘဲ အလယ်လမ်းကို ခေါင်းစောင်း၍ ကြည့်နေမိကြသည်။ မြူးကြွသောတေးသံထက် သူတို့ပြောသည့်စကားကို ပို၍သိလိုသည်။ ထို့ကြောင့် နားကို စွင့်ထားမိပြန်သည်..."**

'ကိုကို့ရဲ့မိသက်က ဆေးပေးခန်းမရှိတဲ့ရွာဆိုရင်လည်း မူလတန်းဆရာမလေးဝင်လုပ်လို့ရနေပြီပဲ၊ ဆရာမကြီးဒေါ်သက်သက်ရဲ့ကျောင်းက ကလေးတွေဆိုရင် သဒ္ဒါနိုင်နိုင်နင်းနင်းနဲ့ထွက်လာမှာ'

'ကိုကိုကလည်း'

သက်သက်က ခေါင်းလေးငုံ့ကာ ပြုံးရယ်နေသည်။ ကလေးများကို စာသင်ပြရလျှင်လည်း သက်သက်ကတော့ ပျော်မည်ပင်ဖြစ်သည်။ လူအများကို အကျိုးပြုရသောအလုပ်သာဖြစ်ပါစေ၊ မည်သည့်အလုပ်မျိုးမဆို သက်သက်ဟူသည့်မိန်းကလေးသည် စိတ်ဝင်တစားဖြင့် ပြုလုပ်မိမည်သာဖြစ်လေသည်။

နိုင်ငံတော်အလံက ပိတ်ကားပေါ်တွင် တလွင့်လွင့်ပေါ်လာသောအခါ တစ်ရုံလုံး ဝုန်းခနဲ မတ်တတ်ရပ်လိုက်ကြသည်။ အမျိုးသားသီချင်းတီးလုံးကြားရသောအခါ သက်သက်သည် ကြက်သီးမြမြလေးထလာသည်။ တလူလူလွင့်နေသော အလံတော်ကိုမြင်ရတိုင်း၊ စိတ်အင်အားတက်ကြွဖွယ်ရာ မြိုင်ဆိုင်လှသောအမျိုးသားသီချင်းတီးလုံးကိုကြားရတိုင်း သက်သက်၏ရင်ထဲတွင် ပြည်ချစ်စိတ်များ ပြည့်လျှမ်းပြီး ကြက်သီးထလာလေ့ရှိလေသည်။

'ဒါဒ့ိပြေ၊ ဒါဒ့ိမြေဆိုတဲ့စကားက သိပ်ကောင်းတာပဲနော်ကိုကို၊ အားအပြည့် မာန်အပြည့် ဟင်ကိုကို ဟိုကဝင်လာတာ စုလှိုင်မဟုတ်လား'

မှောင်ထဲတွင် ကျင့်သားရနေပြီဖြစ်သော ကျော်ထွန်းညို၏မျက်လုံးများသည် စုလှိုင်ကို ချက်ချင်းမှတ်မိသည်။ စုလှိုင်၏ဘေးတွင် အမျိုးသားတစ်ဦးပါသည်။ သူတို့နှစ်ဦးစလုံး မျက်လုံးများပြာဝေနေဟန်ဖြင့် အလယ်လမ်းတွင် ခေတ္တမတ်တတ်ရပ်နေကြသည်။

ပိတ်ကားပေါ်မှ ရှာမီလာတဂိုးက ပြုံးချိုစွာညို့ယူနေချေပြီ။ ရထားနောက်မှ မော်တော်ကားဖြင့်လိုက်ရင်း သီချင်းဆိုနေသော မင်းသား၏တေးသံကလည်း မြူးကြွလှသည်။ ကျော်ထွန်းညိုရော သက်သက်ပါ ရှာမီလာတဂိုးထက် စုလှိုင်ကို ပို၍စိတ်ဝင်စားကြသည်။ ထို့ကြောင့် ပိတ်ကားကိုမကြည့်ဘဲ အလယ်လမ်းကို ခေါင်းစောင်း၍ ကြည့်နေမိကြသည်။ မြူးကြွသောတေးသံထက် သူတို့ပြောသည့်စကားကို ပို၍သိလိုသည်။ ထို့ကြောင့် နားကိုစွင့်ထားမိပြန်သည်။

' စု မျက်စိတွေတော့ ပြာနေတာပဲ စိုင်းမင်းအောင်၊ ယူရော မြင်ရပြီလားဟင်'

'နည်းနည်းမြင်ရပြီ၊ လာ လာ'

စုလှိုင်၏ဘေးမှလူသည် စုလှိုင်၏လက်ကိုတွဲ၍ခေါ်သွားသည်။ သူတို့၏ထိုင်ခုံသည် တစ်ဖက်အစွန်တွင်ဖြစ်သည်။ ထိုင်ချလိုက်သောအခါ သူတို့ကို မမြင်ရတော့ချေ။ သက်သက်က တိုးတိုးလေးမေးသည်။

'အာရ်အိုင်တီက လူပဲလားဟင်'

'မသိဘူး'

သူတို့နှစ်ဦးစလုံးပြိုင်တူသက်ပြင်းချလိုက်ကြသည်။ ရထားပေါ်မှ ရှာမီလာတဂိုးသည် မခို့တရို့နှင့် ရှက်စနိုးလေးပြုံးနေလေသည်။

■ ■ ■ ■ ■

'လှလိုက်တာဟယ်၊ အဲဒီကော့စမတ်ပန်းတွေက စမ်းသပ်ပြီးစိုက်ထားတာများလားမသိဘူး၊ အပွင့်ကြီးတွေ ကြီးလိုက်တာ အရမ်းပဲ'

ညိုးဖျော့လာသောနေရောင်အောက်တွင်ပွင့်နေသော ပန်းပွင့်ရောင်စုံများသည် သန်မာလန်းဆန်းလှသည်။ ခရမ်းရင့်ရောင်၊ ခရမ်းနုရောင်၊ အဝါဖျော့၊ အဖြူ စသည်ဖြင့် ရောင်စုံရောယှက်ကာ လေပြည်ထဲတွင် ယိမ်းညွတ်နေကြလေသည်။ အမာညိုသည် ရောင်စုံပန်းတောကြီးကို ကြည့်ကာ ခူးချင်စိတ်ဖြင့် လက်ယားလာသည်။

'သွားခူးရအောင် မိလေးရာ'

'တော်ကြာ စမ်းသပ်ထားတာတွေဆိုရင် မကောင်းပါဘူးဟာ'

'အိုကွာ တစ်ပွင့်နှစ်ပွင့်ခူးရုံနဲ့ သူတို့စမ်းသပ်ထားတာတွေ မပျက်ပါဘူး'

စက်မှုတက္ကသိုလ်နှင့်မျက်နှာချင်းဆိုင်တွင် စိုက်ပျိုးရေးသုတေသနအဆောက်အအုံရှိသည်။ ခြံဝင်းကကျယ်လှသည်။ ကျယ်လှသောထိုခြံဝင်းထဲတွင် စမ်းသပ်စိုက်ပျိုးထားသော ဂျုံ၊ စပါး၊ ဟင်းသီးဟင်းရွက်ခင်းများကို တွေ့ရတတ်သည်။ အရှေ့ဘက်မြက်ခင်းတွင် အလှစိုက်ထားသောပန်းများသည်ကား စမ်းသပ်ချက်ဟုတ်၊ မဟုတ် သူတို့မသေချာလှပေ။

'မာညိုရာ၊ မဟုတ်တာတွေ လုပ်မနေပါနဲ့၊ ကလေးကျနေတာပဲ'

ပေါက်ကျိုင်းက မကြိုက်သလိုပြောသောအခါ အမာညိုက မျက်စောင်းခဲသည်။ ခူးမည်၊ မခူးမည် မသေချာသေးသောစိတ်သည် ခူးယူမည့်ဘက်သို့ ချက်ချင်းအလေးသာသွားလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

## သထုံမြို့နယ်၌ ခွေးရူးပြန်ရောဂါ ဖြစ်ပွား/သေဆုံးမှုတို့မှ ကာကွယ်ထိန်းချုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး



သထုံ မတ် ၁၄

မွန်ပြည်နယ် သထုံမြို့နယ် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခွေးရူးပြန်ရောဂါဖြစ်ပွား/သေဆုံးမှုတို့မှ ကာကွယ်ထိန်းချုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မတ်လ ၁၃ ရက်က ကျင်းပသည်။

ရှေးဦးစွာ သထုံခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန်းဦးက လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ကျန်းမာရေးမှူး(၁) ဦးစိုးထက်ကိုက ခွေးရူးပြန်ရောဂါအကြောင်း၊ ကူးစက်ပုံ၊ ဖြစ်ပွားသည့်ကာလ၊ ရောဂါလက္ခဏာများ၊ ထိတွေ့မှုဒဏ်ရာအဆင့်သုံးဆင့်၊ ခွေးကိုက်ခံရပါက ရောဂါမဖြစ်ပွားအောင် ကာကွယ်ကုသခြင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများ စသည်တို့ကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် သထုံမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခွန်မင်းမောင်က သထုံမြို့နယ်အတွင်း ခွေးရူးပြန်ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ခွေး၊ ကြောင်များကို ကာကွယ်ဆေးထိုးနှံပေးနေမှုနှင့် ပြည်သူအသိပညာပေးလုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေများကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများက ခွေးလေခွေးလွင့်များ လျှော့နည်းရေး ထိန်းချုပ်ဆောင်ရွက်နေမှုနှင့် အခက်အခဲများကိုလည်းကောင်း၊ သထုံခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ဝင်းဇော်က ခွေးကိုက်ခံရသည့်လူနာများအား ကာကွယ်ဆေးထိုးနှံပေးခဲ့မှုအခြေအနေနှင့် ခွေးရူးပြန်ရောဂါမဖြစ်ပွားအောင် သတိပြုလိုက်နာသင့်သည့်အချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

**ချမ်းမြေ့**

# ရဲဘော်စိတ် (သို့မဟုတ်) ဝက်ပါခရီးကြမ်း လျှောက်လှမ်းကြရာဝယ် . . . . .

ဇော်မင်းထွန်း(ရေနံချောင်း)





လက်ရှိအချိန်မှာ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်တဲ့ တိမ်ပင်လယ်ခရီးကြမ်း ဇာတ်ကားကတော့ Social Media မှာ ခေတ်စားနေတာတွေ့ရပါတယ်။ ဒီတိမ်ပင်လယ်ခရီးကြမ်း ဇာတ်ကားဟာ ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်ထဲက တောင်ခမ်းဒေသတိုက်ပွဲကိုအခြေခံပြီး ရိုက်ကူးထားတာဖြစ်ပါတယ်။

ဇာတ်လမ်းမှာ နောင်ချိုဒေသကို ပြန်လည်သိမ်းပိုက်ရရှိနိုင်သည်အထိ အဓိကကျခဲ့တဲ့ တောင်ခမ်းဒေသက တိုက်ပွဲဝင်တပ်များရဲ့ တိုက်ပွဲများကို ဇာတ်လမ်း/ဇာတ်ကွက်များ၊ ဒရာမာဆန်တဲ့ ပြကွက်များနဲ့ စိတ်ခံစားတက်ကြွဖွယ်၊ လွမ်းမောဖွယ်ဖြစ်အောင် ရိုက်ကူးတင်ဆက်ထားတာဖြစ်ပါတယ်။ တပ်မတော်ရဲ့ မျက်မှောက်ကာလတိုက်ပွဲများစွာထဲက ကြီးမားတဲ့ တိုက်ပွဲအလှည့်အပြောင်းကိုဖြစ်ပေါ်စေခဲ့တဲ့ တိုက်ပွဲပဲ ဖြစ်ပါတယ်။ နောင်လာမယ့်မျိုးဆက်သစ်တွေအတွက် "အမိမြေမှ သားကောင်းများ" ဇာတ်ကားကဲ့သို့ပင် သမိုင်းဝင်အောင်ပွဲ၊ သမိုင်းတင်ရုပ်ရှင်ဇာတ်ကားတစ်ကားအဖြစ် "တိမ်ပင်လယ်ခရီးကြမ်း" ဖြစ်ရပ်မှန်ဇာတ်လမ်းက ဖော်ဆောင်နေတာကြောင့် ယနေ့ Social Media မှာ ခေတ်စားနေတာလည်းဖြစ်ပါတယ်။

ဒီတိမ်ပင်လယ်ခရီးကြမ်းဆိုတဲ့ ဇာတ်ကားမှာ အခြေခံထားတဲ့ တောင်ခမ်းတိုက်ပွဲဖြစ်စဉ်ဟာ တကယ်တော့ မိမိတို့တပ်မတော်ဖြတ်သန်းလျှောက်လှမ်းခဲ့ရတဲ့ ဝက်ပါခရီးကြမ်းကြီးထဲက ခြေလှမ်းတစ်လှမ်းမျှသာဖြစ်ပါသေးတယ်။ မြန်မာ့တပ်မတော်ဟာ **သမိုင်းစဉ်ဆက်ကာလတစ်လျှောက်လုံး ပြည်သူတို့ရဲ့ လိုအပ်ချက်၊ နိုင်ငံတော်ရဲ့လိုအပ်ချက်၊ ခေတ်စနစ်ရဲ့ လိုအပ်ချက်ဆိုတဲ့ သမိုင်းပေးတာဝန်ကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်ခဲ့ပါတယ်။ မြန်မာ့သမိုင်းကို ပြောတဲ့အခါ၊ ရေးတဲ့အခါတိုင်း တပ်မတော်ရဲ့ သမိုင်းက ဒွန်တွဲပါလာမြဲပါ။ နိုင်ငံတော်ရဲ့သမိုင်းသည် တပ်မတော်ရဲ့သမိုင်းဖြစ်သည်မှာ ခေတ်ကာလသမိုင်းကြေးမုံပြင်ထဲက ပုံရိပ်စစ်၊ ပုံရိပ်မှန်ပဲဖြစ်ပါတယ်။**

**● သမိုင်းစဉ်ဆက်ကာလတစ်လျှောက်လုံး ပြည်သူတို့ရဲ့လိုအပ်ချက်၊ နိုင်ငံတော်ရဲ့လိုအပ်ချက်၊ ခေတ်စနစ်ရဲ့လိုအပ်ချက်ဆိုတဲ့ သမိုင်းပေးတာဝန်ကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်ခဲ့ပါတယ်။ မြန်မာ့သမိုင်းကိုပြောတဲ့အခါ၊ ရေးတဲ့အခါတိုင်း တပ်မတော်ရဲ့သမိုင်းက ဒွန်တွဲပါလာမြဲပါ။ နိုင်ငံတော်ရဲ့သမိုင်းသည် တပ်မတော်ရဲ့သမိုင်းဖြစ်သည်မှာ ခေတ်ကာလသမိုင်းကြေးမုံပြင်ထဲက ပုံရိပ်စစ်၊ ပုံရိပ်မှန်ပဲ ဖြစ်ပါတယ် . . .**

ဒီနေရာမှာ တပ်မတော်လျှောက်လှမ်းရတဲ့ခရီးဟာ ခက်ခဲတဲ့ခရီးကြမ်းဖြစ်ခဲ့သလို ခေတ်ကာလအခြေအနေတွေအရ ဝက်ပါလို ကောက်ကွေ့သွယ်ဝိုက်နေရတဲ့ ခရီးလမ်းတွေကြုံခဲ့ရပါတယ်၊ ကိုလိုနီလက်ကျန်အုပ်ချုပ်ရေးဝက်ပါ၊ အချင်းချင်းအာဏာပြိုင်ဆိုင်တဲ့ နိုင်ငံရေးဝက်ပါ၊ ကိုလိုနီခေတ်သွေးခွဲအုပ်ချုပ်မှုက စခဲ့တဲ့ တိုင်းရင်းသားရေးဝက်ပါတွေပါပဲ။ တပ်မတော်ရဲ့ ဝက်ပါခရီးကြမ်းကို ပြန်ကြည့်မယ်ဆိုရင် ပြည်တွင်းသောင်းကျန်းမှုအရှိန်မြင့်တက်ပြီး ရန်ကုန်အစိုးရလို့ အခေါ်ခံရချိန် တပ်ရင်း ၃ ရင်း၊ ၄ ရင်းဖြင့် နိုင်ငံတော်အစိုးရရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ခဲ့ရတာက စပြီး လက်ရှိမျက်မှောက်ကာလမှာတော့ တပ်မတော်အကြီးအကဲများရဲ့ ဦးဆောင်မှုဖြင့် **သမားရိုးကျစစ်ပွဲများကို အဆင့်မီဆင်နွှဲနိုင်စွမ်းရှိတဲ့ ခေတ်မီတပ်မတော်(Standard Army)** ဖြစ်တဲ့အထိ တည်ဆောက်နိုင်ခဲ့တာကို တွေ့နိုင်ပါတယ်။

ကျွန်တော့်အနေနဲ့ ဆောင်းပါးမှာ တပ်မတော်သမိုင်းကြောင်းကို အကျယ်ချဲ့မရေးတော့ပါဘူး။ အဓိကပြောလိုတာကတော့ တပ်မတော်လျှောက်လှမ်းခဲ့တဲ့ ဝက်ပါခရီးကြမ်းကြီးမှာ ခေတ်အဆက်ဆက် တပ်မတော်ကြီး ခိုင်ခိုင်မာမာရပ်တည်နိုင်ခဲ့တာဟာ တပ်မတော်သားအားလုံးရဲ့ **"ရဲဘော်စိတ်(Esprit de Corps)"** ကြောင့်ပဲဖြစ်ပါတယ်။ " ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်၏။"ဆိုတာ ကျွန်တော်တို့ တပ်မတော်သားတွေရဲ့ ရဲဘော်စိတ်ပါပဲ။

တပ်မတော်သားတွေအနေနဲ့ တိုင်းပြည်နဲ့လူမျိုးကိုမချစ်တဲ့ တပ်မတော်သားတစ်ဦးတစ်ယောက်မှ မရှိပါဘူး။ တပ်မတော်သားတိုင်းက နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ဖို့အတွက် ကိုယ်စီဆန္ဒပြုဝင်ရောက်လာကြသူများသာ ဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးနဲ့ တပ်မတော်ထဲ ဝင်လာကြပေမယ့် တပ်မတော်သားအဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီးတဲ့အခါ အားလုံးက တစ်စိတ်တည်း၊ တစ်ဝမ်းတည်း ဖြစ်သွားပါတယ်။ ဆွေရင်းမျိုးရင်း ညီရင်းအစ်ကိုမောင်နှမအရင်းများသဖွယ်ဖြစ်သွားကြတဲ့အထိ တိုင်းပြည်နဲ့လူမျိုးကိုချစ်တဲ့စိတ်က လှုံ့ဆော်ပေးလိုက်တာဖြစ်ပါတယ်။ ဒီစိတ်ကို ရဲဘော်စိတ်လို့ သတ်မှတ်နိုင်ပါတယ်။

၁၃-၃-၂၀၂၄ ရက်နေ့ မွန်းလွဲပိုင်းက နေပြည်တော် ဇေယျာသီရိဗိမာန် သဘင်ဆောင်ခန်းမမှာ ကျင်းပပြုလုပ်တဲ့ "နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ခေတ်မီတပ်မတော်ဖြစ်စေရေးဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားခြင်း " အခမ်းအနားမှာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းကို ခမ်းခမ်းနားနား ချီးကျူးဂုဏ်ပြုစကားပြောကြားခဲ့ခြင်းဟာလည်း ၁၅ နှစ်တာကာလအတွင်း ရဲဘော်စိတ်နဲ့ အနီးကပ်အတူလက်တွဲ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုအပေါ် ရိုးရှင်းလှတဲ့စကား၊ ခမ်းနားထည်ဝါတဲ့နှလုံးသားဖြင့် ကမ္ပည်းထိုးမှတ်တမ်းတင်ဂုဏ်ပြုလိုက်ခြင်း ဖြစ်ပါတယ်။ အခမ်းအနားတက်ရောက်ကြသူအားလုံးကတော့ ဒီဂုဏ်ပြုစကားကြားလိုက်ရတဲ့အချိန်မှာ ရဲဘော်စိတ်ဆိုတဲ့အသိက တပ်လှန့်လိုက်သည်နဲ့တစ်ပြိုင်နက် ကြက်သီးမွေးညင်းတဖြန်းဖြန်းထသည်အထိ ဖြစ်ခဲ့ရပါတယ်။

ဒီချီးကျူးစကားသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သားတိုင်းကို ပြောကြားတဲ့စကားလည်းဖြစ်ပါတယ်၊ လက်ရှိတာဝန်ထမ်းဆောင်ဆဲ တပ်မတော်သားတွေသာမက တပ်မတော်မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ တပ်မတော်သားများ၊ ပါရမီဖြည့်ဖက် မိသားစုဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းအားလုံးအတွက် ဖြစ်ပါတယ်။

ကျွန်တော်တို့တပ်မတော်ဟာ ရဲဘော်စိတ်နဲ့ တပ်မတော်ကိုထူထောင်ခဲ့ကြပါတယ်။ ရဲဘော်စိတ်နဲ့ လွတ်လပ်ရေးကို ရယူခဲ့ရပါတယ်။ အဲဒီစိတ်နဲ့ပဲ ပြည်တွင်းသောင်းကျန်းမှုခေတ်ဆိုးကြီးကို ပြည်သူနဲ့ အတူဖြတ်ကျော်ခဲ့ရပါတယ်။ ဒီစိတ်နဲ့ပဲ နိုင်ငံတော်ကို တည်ဆောက်နေပါတယ်။ ဆက်လက်ပြီး ဒီရဲဘော်စိတ်နဲ့ပဲ နိုင်ငံအကျိုး၊ ပြည်သူလူထုအကျိုးကို သယ်ပိုးဆောင်ရွက်သွားကြပါလို့ တိုက်တွန်းရေးသားရင်း ကျွန်တော်တို့တပ်မတော်အနေနဲ့ တိမ်ပင်လယ်ကြီးနဲ့နီးတဲ့ ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်ထဲက တောင်ခမ်းဒေသတိုက်ပွဲမှာ စစ်သည်တော်တိုင်းရဲ့ ရင်ထဲနှလုံးသားထဲမှာ အစဉ်ကိန်းဝပ်နေတဲ့ ရဲဘော်စိတ်နဲ့ သောင်းကျန်းသူတွေကို အမြစ်ပြတ်ချေမှုန်းသုတ်သင်ရှင်းလင်းခဲ့သလို မြန်မာ့တပ်မတော်လျှောက်လှမ်းခဲ့ရတဲ့ ဝက်ပါခရီးကြမ်းမှာ ခြေလှမ်းတိုင်းခြေလှမ်းတိုင်းက ရဲဘော်စိတ်ကို အခြေတည် မြန်မာဆိုတဲ့ရွှေပြည်ကိုတည်ဆောက်နိုင်ခဲ့တာဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားဖော်ပြလိုက်ရပါတယ်။ ။

**● အဓိကပြောလိုတာကတော့ တပ်မတော်လျှောက်လှမ်းခဲ့တဲ့ ဝက်ပါခရီးကြမ်းကြီးမှာ ခေတ်အဆက်ဆက် တပ်မတော်ကြီးခိုင်ခိုင်မာမာ ရပ်တည်နိုင်ခဲ့တာဟာ တပ်မတော်သားအားလုံးရဲ့ "ရဲဘော်စိတ် (Esprit de Corps)" ကြောင့်ပဲဖြစ်ပါတယ်။ " ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်၏။ " ဆိုတာ ကျွန်တော်တို့ တပ်မတော်သားတွေရဲ့ ရဲဘော်စိတ်ပါပဲ . . .**

# သီတဂူဆရာတော်ကြီး ဓမ္မစကူးဖောင်ဒေးရှင်း(ဗဟို)တည်ထောင်ခြင်း (၁၄)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်ပွဲကျင်းပ



ရန်ကုန် မတ် ၁၄

ဓမ္မစကူးပညာရေးကဏ္ဍ၊ ဓမ္မစကူးများ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးကဏ္ဍတို့၌ အချင်းချင်းရင်းနှီးပွင့်လင်းစွာ ဆွေးနွေးဖလှယ်အကြံပြုနိုင်ရန် စသောရည်ရွယ်ချက်များဖြင့် ဓမ္မစကူးဖောင်ဒေးရှင်း (ဗဟို) တည်ထောင်ခြင်း (၁၄)နှစ်ပြည့်နှစ်ပတ်လည် အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဓမ္မာ့သီရိဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဓမ္မစကူးဖောင်ဒေးရှင်း(ဗဟို) ဩဝါဒါစရိယ သီတဂူဆရာတော်ကြီး ဘဒ္ဒန္တဉာဏိဿရ တက်ရောက်ချီးမြှင့် ဩဝါဒမိန့်ကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တ (နေနတ်သား) ဆရာတော်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တကုမာရ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ အဂ္ဂသာမိ ၊ဓမ္မစကူးဖောင်ဒေးရှင်း(ဗဟို) ဂုဏ်ထူးဆောင်နာယက စိန်ရတနာဆရာတော် ဒေါက်တာဘဒ္ဒန္တသာသနဝရ၊ ဓမ္မစကူးဖောင်ဒေးရှင်း(ဗဟို)ဥက္ကဋ္ဌဆရာတော်နှင့်အနယ်နယ်အရပ်ရပ်မှပင့်သံဃာတော်များကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဓမ္မစကူးဆရာ၊ ဆရာမများ တက်ရောက်ပူဇော်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သီတဂူဆရာတော်ကြီးအား ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများဆက်ကပ်ခြင်း၊ ဓမ္မစကူးဖောင်ဒေးရှင်းအတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဓမ္မစကူးဖောင်ဒေးရှင်း (ဗဟို) ဩဝါဒါစရိယ နိုင်ငံတော်ဩဝါဒါစရိယ သောဠသမရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူဆရာတော်ကြီးထံမှ တက်ရောက်လာကြသူများက ဓမ္မစကူးဆိုင်ရာ ဩဝါဒကထာနာယူကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ဩဝါဒကထာနာယူခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော်ထံမှ ဓမ္မစကူးဆိုင်ရာ ဩဝါဒကထာနာယူခြင်း၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံမှ ဩဝါဒကထာနာယူခြင်း၊ ဓမ္မစကူးဖောင်ဒေးရှင်း(ဗဟို)ဂုဏ်ထူးဆောင်နာယက စိန်ရတနာဆရာတော်ထံမှ ဓမ္မစကူးဆိုင်ရာ ဩဝါဒကထာနာယူခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ဓမ္မစကူးဖောင်ဒေးရှင်း (ဗဟို)ဥက္ကဋ္ဌဆရာတော်က ဓမ္မစကူးလုပ်ငန်းစဉ်များ အကျဉ်းချုပ်လျှောက်ထားပြီး ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက သာသနာရေးဆိုင်ရာများလျှောက်ထားကာ အလှူရှင်များက ကြွရောက်တော်မူလာကြသည့် ဆရာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြပြီး ဓမ္မစကူးဖောင်ဒေးရှင်း(ဗဟို)မှ ဂုဏ်ပြုလွှာများ ပေးအပ်ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဓမ္မစကူးဖောင်ဒေးရှင်း(ဗဟို) ဥက္ကဋ္ဌဆရာတော်ထံမှ ရေစက်ချတရားနာယူကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

လင်းခန့်

# (၄၃)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်(ပရိယတ္တိစာအောင်)နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ပြုလုပ်



ဆရာတော်ထံ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် အောင်လက်မှတ်နှင့် စာအောင်ဆုဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် မတ် ၁၄

မွန်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် (၄၃)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင် (ပရိယတ္တိစာအောင်)နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ရှိ ပရိယတ္တိဓမ္မဗိမာန်တော်ကြီး၌ပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်မော်လမြိုင်မြို့ အတုလရန်အောင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကောသလ္လ အမှူးပြုသောသံဃာတော်များကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ စေတနာရှင် အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် မော်လမြိုင်မြို့၊ အောက်ကျင်းရပ်ကွက်၊ သာသနာ့မာရ်အောင်ဝဲပျံ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များရွတ်ပွားသရဇ္ဈာယ်တော်မူသော အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ်၊ မော်လမြိုင်စာဖြေဌာနမှ ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုအောင်မြင်တော်မူခဲ့သော စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် စာအောင်ဆုများဆက်ကပ်လှူဒါန်းကြပြီး အတုလရန်အောင်ကျောင်းတိုက်ဆရာတော်ထံတွင် အနုမောဒနာတရားနာယူကြည်ညိုကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပင့်သံဃာဆရာတော်ကြီး(၁၀)ပါး၊ စာအောင်သံဃာတော်(၈၆၁)ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင်(၈၁)ပါး၊ စုစုပေါင်း(၉၅၂)ပါးတို့အား ဆွမ်းဆန်စိမ်းများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ၂၀၂၅ ခုနှစ် စာအောင်ဆုဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ



ပဲခူး မတ် ၁၄

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲနှင့် တိပိဋကဓရတိပိဋကကောဝိဒစာမေးပွဲတို့တွင် ဖြေဆိုအောင်မြင်တော်မူခဲ့ကြသော စာအောင်သံဃာများနှင့်အဘိဓမ္မာ၊ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့ကြသည့် လူပုဂ္ဂိုလ်တို့အား စာအောင်ဆုဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက တက်ရောက်ကြည်ညိုသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ပဲခူးမြို့ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဥေယျဓမ္မာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ ဖတ်ကြားလျှောက်ထားပြီး တာဝန်ရှိသူများနှင့်အတူ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်ဦးစီးပဓာနနာယက ဘဒ္ဒန္တသိရိန္ဒထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲနှင့် နိကာယ်စာမေးပွဲတို့၌ ဓမ္မာစရိယ (ကျမ်းပြီး) ၁၁၁ ပါး၊ ဓမ္မာစရိယ(ကျမ်းစွဲ) ၂၂၅ ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ (ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်းအာဂုံ၊ ဥဘတောဝိဘင်္ဂရေ)သုံးပါးနှင့်ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်းသဘောရေးဖြေအောင်၊ ဥဘတောဝိဘင်္ဂကောဝိဒ) တစ်ပါး၊မြန်မာဂုဏ်ထူး(ကျမ်းပြီး) တစ်ပါး၊ ပါဠိပထမပြန် (ပထမကြီးတန်း) ၅၄ ပါး၊ ပထမလတ်တန်း ၇၄ ပါး၊ ပထမငယ်တန်း ၂၀၄ ပါး၊ အခြေပြုမူလတန်း ၄၇၄ ပါး စုစုပေါင်း ၁၁၄၇ ပါး အောင်မြင်ခဲ့ကြသည့်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စာအောင်ဆုအလှူငွေကျပ် ၈၁၅ သိန်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

ဥဿာတိုင်းသား

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲများ စတုတ္ထနေ့ဆက်လက်ကျင်းပ၊ တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့တွင် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၇၁၇ ဦးရှိပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့တွင် လာရောက်ဖြေဆိုသူ ၂၈၆၉ ဦးရှိ

နေပြည်တော်   မတ် ၁၄

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားစာစစ်ဌာန အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်ကျင်းပသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၆ ခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၇၁ ခု စာစစ်ဌာန စုစုပေါင်း ၈၈၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၆၈၇၅၃ ဦးရှိပြီး စာမေးပွဲ စတုတ္ထနေ့တွင် ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၇၁၇ ဦး၊ ပျက်ကွက် ၁၄၀၃၆ ဦးရှိကာ ဖြေဆိုသူ ၉၄ ဒသမ ၇၈ ရာခိုင်နှုန်းရှိသည်။

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို ပြည်တွင်းစာစစ်ဌာန စုစုပေါင်း ၅၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စက်မှုအတတ်ပညာဘာသာတွဲနှင့် စိုက်ပျိုးရေးအတတ်ပညာဘာသာတွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၈၉၀ ဦးရှိပြီး စာမေးပွဲ စတုတ္ထနေ့တွင် စက်မှုကျောင်းသား၊ ကျောင်းသူများက ပေါင်းစပ်သိပ္ပံဘာသာရပ်နှင့် စိုက်ပျိုးရေးကျောင်းသား၊ ကျောင်းသူများက သီးနှံထုတ်လုပ်ရေး(၃)ဘာသာရပ်တို့ကို ဖြေဆိုကြကာ လာရောက်ဖြေဆိုသူစုစုပေါင်း ၂၈၆၉ ဦး၊ ပျက်ကွက် ၂၁ ဦးရှိပြီး ဖြေဆိုသူ ၉၉ ဒသမ ၂၇ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

မြဝတီ

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်- ဓာတုဗေဒ+ပထဝီဝင် | နေ့စွဲ - ၁၄.၃.၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၅ | ၁၀ | ၂၃ | ၄၅၄၃ | ၇၆၃၇ | ၁၂၁၈၀ | ၄၂၃၆ | ၇၃၈၉ | ၁၁၆၂၅ | ၃၀၇ | ၂၄၈ | ၅၅၅ | ၉၅.၄၄% | ၄.၅၆% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၉၈ | ၂၉၉ | ၄၉၇ | ၁၈၃ | ၂၈၈ | ၄၇၁ | ၁၅ | ၁၁ | ၂၆ | ၉၄.၇၇% | ၅.၂၃% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၂၉၁ | ၂၅၄၉ | ၃၈၄၀ | ၁၁၈၇ | ၂၄၆၉ | ၃၆၅၆ | ၁၀၄ | ၈၀ | ၁၈၄ | ၉၅.၂၁% | ၄.၇၉% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၃၄၉ | ၅၆၆ | ၉၁၅ | ၃၁၈ | ၅၁၁ | ၈၂၉ | ၃၁ | ၄၅ | ၇၆ | ၉၁.၆၉% | ၈.၃၁% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၄၀ | ၅၂၁၀ | ၈၀၇၃ | ၁၃၂၈၃ | ၄၈၀၃ | ၇၇၀၄ | ၁၂၅၀၇ | ၄၀၇ | ၃၆၉ | ၇၇၆ | ၉၄.၁၆% | ၅.၈၄% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၇ | ၂၂၄၀ | ၄၀၈၃ | ၆၃၂၃ | ၂၁၀၂ | ၃၈၈၈ | ၅၉၉၀ | ၁၃၈ | ၁၉၅ | ၃၃၃ | ၉၄.၇၃% | ၅.၂၇% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၄၀ | ၆၀၉၅ | ၉၃၃၀ | ၁၅၄၂၅ | ၅၆၃၂ | ၈၉၇၇ | ၁၄၆၀၉ | ၄၆၃ | ၃၅၃ | ၈၁၆ | ၉၄.၇၁% | ၅.၂၉% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၅၃၄၈ | ၇၂၉၃ | ၁၂၆၄၁ | ၄၈၅၇ | ၆၉၉၈ | ၁၁၈၅၅ | ၄၉၁ | ၂၉၅ | ၇၈၆ | ၉၃.၇၈% | ၆.၂၂% | |
| ၉ | မကွေး | ၇ | ၂၂ | ၅၂ | ၈၈၈၃ | ၁၃၂၀၂ | ၂၂၀၈၅ | ၈၃၄၁ | ၁၂၈၆၃ | ၂၁၂၀၄ | ၅၄၂ | ၃၃၉ | ၈၈၁ | ၉၆.၀၁% | ၃.၉၉% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၁၀၈ | ၂၀၅၃၇ | ၂၇၀၁၂ | ၄၇၅၄၉ | ၁၉၂၆၁ | ၂၆၁၇၉ | ၄၅၄၄၀ | ၁၂၇၆ | ၈၃၃ | ၂၁၀၉ | ၉၅.၅၆% | ၄.၄၄% | |
| ၁၁ | မွန် | ၄ | ၁၀ | ၃၀ | ၃၆၇၀ | ၇၂၆၄ | ၁၀၉၃၄ | ၃၄၈၉ | ၇၀၄၅ | ၁၀၅၃၄ | ၁၈၁ | ၂၁၉ | ၄၀၀ | ၉၆.၃၄% | ၃.၆၆% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၁၀ | ၈၅၆ | ၉၄၃ | ၁၇၉၉ | ၇၈၈ | ၉၀၀ | ၁၆၈၈ | ၆၈ | ၄၃ | ၁၁၁ | ၉၃.၈၃% | ၆.၁၇% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၁၀၇ | ၂၂၂၃၁ | ၂၇၀၂၅ | ၄၉၂၅၆ | ၂၀၇၁၈ | ၂၆၀၁၄ | ၄၆၇၃၂ | ၁၅၁၃ | ၁၀၁၁ | ၂၅၂၄ | ၉၄.၈၈% | ၅.၁၂% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၈ | ၅၁၅၅ | ၈၇၄၇ | ၁၃၉၀၂ | ၄၈၈၅ | ၈၄၈၆ | ၁၃၃၇၁ | ၂၇၀ | ၂၆၁ | ၅၃၁ | ၉၆.၁၈% | ၃.၈၂% | |
| ၁၅ | ရှမ်း(မြောက်) | ၄ | ၇ | ၈ | ၆၆၇ | ၁၁၁၃ | ၁၇၈၀ | ၆၂၈ | ၁၀၅၈ | ၁၆၈၆ | ၃၉ | ၅၅ | ၉၄ | ၉၄.၇၂% | ၅.၂၈% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၈၁၈ | ၁၂၆၁ | ၂၀၇၉ | ၇၅၃ | ၁၂၁၆ | ၁၉၆၉ | ၆၅ | ၄၅ | ၁၁၀ | ၉၄.၇၁% | ၅.၂၉% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၇ | ၁၇၃၇၇ | ၂၁၉၅၀ | ၃၉၃၂၇ | ၁၅၅၂၁ | ၂၀၉၀၄ | ၃၆၄၂၅ | ၁၈၅၆ | ၁၀၄၆ | ၂၉၀၂ | ၉၂.၆၂% | ၇.၃၈% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၉ | ၆၇၁၅ | ၈၁၉၉ | ၁၄၉၁၄ | ၆၂၀၃ | ၇၈၈၉ | ၁၄၀၉၂ | ၅၁၂ | ၃၁၀ | ၈၂၂ | ၉၄.၄၉% | ၅.၅၁% | |
| ၁၉ | နိုင်ငံခြား | | ၁၃ | ၁၆ | ၈ | ၁၆ | ၂၄ | ၈ | ၁၆ | ၂၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၅ | ၂၆၆ | ၈၈၇ | ၁၁၂၁၉၁ | ၁၅၆၅၆၂ | ၂၆၈၇၅၂ | ၁၀၃၉၁၃ | ၁၅၀၈၀၄ | ၂၅၄၇၁၇ | ၈၂၇၈ | ၅၇၅၈ | ၁၄၀၃၆ | ၉၄.၇၈% | ၅.၂၂% | |

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှု အခြေပြဇယား

ဘာသာရပ် - စက်မှုအတတ်ပညာ(ပေါင်းစပ်သိပ္ပံ) + စိုက်ပျိုးရေးအတတ်ပညာ(သီးနှံထုတ်လုပ်ရေး(၃)) | နေ့စွဲ - ၁၄.၃.၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၂ | ၃ | ၃ | ၉၉ | ၆၆ | ၁၆၅ | ၉၉ | ၆၆ | ၁၆၅ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၁ | ၁၁ | ၂၂ | ၁၁ | ၁၁ | ၂၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၃ | ကရင် | ၁ | ၁ | ၂ | ၆၃ | ၂၈ | ၉၁ | ၆၃ | ၂၈ | ၉၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၅ | ၁၂ | ၂၇ | ၁၅ | ၁၂ | ၂၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၅ | စစ်ကိုင်း | ၄ | ၅ | ၅ | ၁၆၃ | ၁၄၄ | ၃၀၇ | ၁၆၂ | ၁၄၁ | ၃၀၃ | ၁ | ၃ | ၄ | ၉၈.၇၀% | ၁.၃၀% | |
| ၆ | တနင်္သာရီ | ၂ | ၂ | ၂ | ၁၉ | ၆ | ၂၅ | ၁၉ | ၆ | ၂၅ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၇ | ပဲခူး(ရှေ့) | ၂ | ၃ | ၃ | ၁၁၉ | ၆၆ | ၁၈၅ | ၁၁၉ | ၆၆ | ၁၈၅ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ၂ | ၃ | ၃ | ၁၁၅ | ၅၉ | ၁၇၄ | ၁၁၃ | ၅၈ | ၁၇၁ | ၂ | ၁ | ၃ | ၉၈.၂၈% | ၁.၇၂% | |
| ၉ | မကွေး | ၄ | ၅ | ၅ | ၁၈၇ | ၁၁၆ | ၃၀၃ | ၁၈၃ | ၁၁၄ | ၂၉၇ | ၄ | ၂ | ၆ | ၉၈.၀၂% | ၁.၉၈% | |
| ၁၀ | မန္တလေး | ၄ | ၅ | ၆ | ၁၉၉ | ၁၂၁ | ၃၂၀ | ၁၉၇ | ၁၂၁ | ၃၁၈ | ၂ | ၀ | ၂ | ၉၉.၃၈% | ၀.၆၃% | |
| ၁၁ | မွန် | ၂ | ၂ | ၂ | ၃၁ | ၂၄ | ၅၅ | ၃၁ | ၂၄ | ၅၅ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၇ | ၃ | ၁၀ | ၇ | ၃ | ၁၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၃ | ရန်ကုန် | ၄ | ၄ | ၄ | ၁၉၇ | ၁၃၇ | ၃၃၄ | ၁၉၇ | ၁၃၇ | ၃၃၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၃ | ၃ | ၃ | ၁၄၈ | ၁၆၉ | ၃၁၇ | ၁၄၇ | ၁၆၉ | ၃၁၆ | ၁ | ၀ | ၁ | ၉၉.၆၈% | ၀.၃၂% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၂ | ၂ | ၄ | ၂ | ၂ | ၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၁ | ၁ | ၂ | ၁၉ | ၅ | ၂၄ | ၁၉ | ၅ | ၂၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၇ | ဧရာဝတီ | ၄ | ၆ | ၆ | ၂၄၉ | ၈၆ | ၃၃၅ | ၂၄၆ | ၈၄ | ၃၃၀ | ၃ | ၂ | ၅ | ၉၈.၅၁% | ၁.၄၉% | |
| ၁၈ | နေပြည်တော် | ၂ | ၃ | ၃ | ၁၂၃ | ၆၉ | ၁၉၂ | ၁၂၃ | ၆၉ | ၁၉၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၄၁ | ၅၀ | ၅၃ | ၁၇၆၆ | ၁၁၂၄ | ၂၈၉၀ | ၁၇၅၃ | ၁၁၁၆ | ၂၈၆၉ | ၁၃ | ၈ | ၂၁ | ၉၉.၂၇% | ၀.၇၃% | |

မှတ်ချက် - ယနေ့စာမေးပွဲတွင် မွေးမြူရေးအတတ်ပညာဘာသာတွဲအတွက် စစ်ဆေးသည့် ဘာသာရပ်မရှိပါ။

# နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ မိမိရဲ့တာဝန်လို့ခံယူထားပြီး ပြည်သူကိုအကျိုးပြုဖို့ အားလုံးနဲ့ပူးပေါင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်

**ဦးစိုင်းခမ်းလင်း (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**

နေပြည်တော် မတ် ၁၄

**မြန်မာ့မျက်နှာစာသစ်ဖိုရမ်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ နှစ်ရက်တာကာလ ဖိုရမ်မှရရှိခဲ့သည့် အသိအမြင်၊ ဗဟုသုတ၊ အကြံပြုချက်၊ သုံးသပ်ဆွေးနွေးချက်များက အခြေခံမျှသာဖြစ်သော်လည်း မိမိတို့အတွေ့အကြုံများနှင့်ပေါင်းစပ်၍ ဆက်လက်ဆောင်ရွက်သွားပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အပံ့ဖြစ်ပေမည်။**

**ပါဝင်ဆွေးနွေးပေးကြသည့် ပညာရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်သူများအားလုံးတွင် နိုင်ငံကိုပိုမိုတိုးတက်ကောင်းမွန်စေလိုသည့် တူညီသောစိတ်စေတနာကို အထင်းသားမြင်တွေ့ရပြီး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဟန်ချက်ညီစွာရှေ့ဆက်နိုင်ရန် သမိုင်းစာမျက်နှာသစ်ဖွင့်လှစ်လိုက်ခြင်းလည်းဖြစ်ရာ တက်ရောက်လာသူများ၏ သဘောထားအမြင်များကို စုစည်းဖော်ပြလိုက်ရပါသည်-**

**ဦးညိုအုန်းမြင့် (အကြံပေး၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့)**



ဖွင့်ပွဲအခမ်းအနားမှာ နိုင်ငံတော်အကြီးအကဲက အနာဂတ်မှာ နိုင်ငံကိုဘယ်လိုဆက်လက်သွားမယ်ဆိုတာ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်တွေကို လမ်းညွှန်သွားပါတယ်။ ကျွန်တော်သဘာပတိအဖြစ်ဆောင်ရွက်မယ့်အစီအစဉ်မှာ ဒစ်ဂျစ်တယ်စီးပွားရေးကို ဘယ်လိုဖော်ဆောင်ကြမလဲ၊ လူသားအရင်းအမြစ်တွေကို ဒီထက်ပိုပြီးအကျိုးရှိအောင် ဘယ်လိုလုပ်မလဲ၊ အစိုးရသစ်နဲ့ လွှတ်တော်အသစ်အံဝင်ခွင်ကျဖြစ်အောင် ဘယ်လိုသွားကြမလဲဆိုတာတွေကို ဆွေးနွေးကြမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တွေက အသိအမြင်ဗဟုသုတများတဲ့သူတွေဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပညာရှင်တွေက ဘက်ပေါင်းစုံကအသိပညာတွေကို မျှဝေပေးကြတဲ့ဖိုရမ်ဖြစ်ပါတယ်။ ကျွန်တော်တို့လည်း အတွေ့အကြုံအတွေးအမြင်တွေကို အမြဲတမ်းလေ့လာသင်ယူနေရပါတယ်။ နိုင်ငံအတွက် အကျိုးရှိမယ့် စိုက်ပျိုးရေး၊ စီးပွားရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေး စသဖြင့်ကဏ္ဍစုံမှာ နိုင်ငံတကာပညာရှင်တွေရဲ့ အကြံပြုချက်တွေ၊ ကျွန်တော်တို့ရဲ့ ဆွေးနွေးချက်တွေကနေ အကျိုးရှိရှိအသုံးချနိုင်မယ်လို့ မျှော်လင့်ပါတယ်။

အခုဆိုရင် ပြည်သူတွေကရွေးကောက်တင်မြှောက်လိုက်တဲ့လွှတ်တော်ကိုယ်စားလှယ်တွေရှိလာပါပြီ။ ကျွန်တော်တို့က အရာရာကို အသစ်နဲ့သွားရမယ့်အချိန်ရောက်ရှိလာပါပြီ။ အစိုးရအဖွဲ့အစည်းမှာ တာဝန်ယူကြမယ့်သူတွေအတွက် ကျွန်တော်တို့ရဲ့ အကြံပြုချက်တွေက သဲတစ်ပွင့်ဖြစ်ခဲ့ရင် ကျေနပ်ပါတယ်။ အသစ်တစ်ခုကိုသွားဖို့ ဒီဖိုရမ်က ပြန်လည်စတင်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒါကြောင့် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ပိုမိုကောင်းမွန်တဲ့ နိုင်ငံတစ်ခုကို ရောက်ရှိနိုင်မယ်လို့ မျှော်လင့်ပါတယ်။

**ဒေါက်တာနိုင်ဆွေဦး(ဒါရိုက်တာ၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့)**



အခွင့်အလမ်းနှင့်စိန်ခေါ်မှုအပိုင်း(၂)မှာ သဘာပတိအဖြစ်ဆောင်ရွက်ခဲ့တာဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးကနေ စက်မှုစီးပွားကူးပြောင်းရာမှာ အခွင့်အလမ်းတွေ၊ တွေ့ကြုံရမယ့်စိန်ခေါ်မှုတွေကို ဆွေးနွေးခဲ့ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေရဲ့ အခန်းကဏ္ဍ၊ လုပ်သားတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်း၊ အခြေခံအဆောက်အဦတွေနဲ့ ပတ်သက်ပြီး အသေးစိတ် ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။ နိုင်ငံအတွက် အရေးကြီးတဲ့စွမ်းအင်ကဏ္ဍကိုလည်း ဆွေးနွေးခဲ့ပါတယ်။ မကြာခင်စတင်တော့မယ့် လွှတ်တော်ကိုတက်ရောက်ကြမယ့် လွှတ်တော်ကိုယ်စားလှယ်တွေကို ပညာရှင်တွေက လေ့လာထားတဲ့ အတွေ့အကြုံ၊ ပညာရပ်တွေ၊ အချက်အလက်တွေ မျှဝေပေးခြင်းအားဖြင့် ဥပဒေပြဋ္ဌာန်း ပြင်ဆင်ရေးကဏ္ဍတွေမှာ အကျိုးပြုပေးနိုင်မှာဖြစ်ပါတယ်။ ဒီဖိုရမ်က တစ်ဆင့် ထွန်းလင်းတောက်ပပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကိုမြင်ရလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ဒေါ်သီဂီဝင်းရွှေ (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)**



ပညာရှင်တွေက သူတို့ရဲ့အတွေ့အကြုံတွေ၊ ဗဟုသုတတွေ၊ လေ့လာဆည်းပူးထားတဲ့ အသိပညာတွေကို ဆွေးနွေးပြောကြားပေးတဲ့အတွက် ဖိုရမ်ကျင်းပပေးတဲ့ နိုင်ငံတော်အကြီးအကဲကို ကျေးဇူးတင်ပါတယ်။ ဒီဖိုရမ်ကရရှိတဲ့ အတွေ့အကြုံတွေ၊ ဗဟုသုတတွေကို ပြန်လည်အသုံးချပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အမျိုးသားအကျိုးစီးပွားအတွက် အကောင်းဆုံးတာဝန်ထမ်းဆောင်သွားမှာဖြစ်ပါတယ်။

ရောင်နီသစ်ပြီဖြစ်တဲ့အတွက် ကျွန်မတို့နိုင်ငံက ကောင်းတဲ့အလားအလာ၊ အခွင့်အလမ်းတွေ အများကြီးရရှိနေပြီဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း နိုင်ငံကောင်းကျိုးအတွက် အားလုံးပူးပေါင်းပြီး တက်ညီလက်ညီနဲ့ ကြိုးစားဖော်ဆောင်ကြလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။ ကျွန်မတို့အနေနဲ့လည်း နိုင်ငံရဲ့လိုလားချက်တွေ၊ ဖြစ်နေတဲ့အခင်းအကျင်းတွေ၊ စိန်ခေါ်မှုတွေကို ကျော်လွှားပြီး အကောင်းဆုံး မှတ်တမ်းရေးထိုးနိုင်အောင် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးသန်းရွှေ(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**



ဒီဖိုရမ်က နိုင်ငံအတွက်အများကြီးအကျိုးရှိပါတယ်။ ပထမနေ့မှာ ပညာရှင်တွေက Green Economy ကနေ စိုက်ပျိုးရေးကို အခြေခံတဲ့ Land Reform ကို ဆွေးနွေးပေးသွားပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် တန်ဖိုးရှိပါတယ်။ ကျန်ရှိနေတဲ့ကဏ္ဍတွေမှာလည်း အများကြီးပြောင်းလဲဖို့လိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက ဥပဒေပြုပြင်ပြောင်းလဲမှုတွေ အများကြီးလုပ်ကြရမှာဖြစ်ပါတယ်။ ဒီဖိုရမ်ကနေ ဗဟုသုတတွေ၊ အတွေးအမြင်သစ်တွေ အများကြီးရရှိတဲ့အတွက် အကျိုးရှိပါတယ်လို့ ပြောချင်ပါတယ်။

**ဦးစိုင်းခမ်းလင်း (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**



ဖိုရမ်က နိုင်ငံတည်ဆောက်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်တွေ သိသင့်သိထိုက်တဲ့ အတွေးအမြင်တွေကို ပြည့်ပြည့်စုံစုံ သိရှိစေပါတယ်။ ပြည်တွင်း၊ ပြည်ပ ပညာရှင်တွေပေးတဲ့ အသိပညာဝေမျှမှုတွေက ထိရောက်ပါတယ်။ ဒီလိုဖိုရမ်တွေ မကြာခဏ ကျင်းပပေးစေချင်ပါတယ်။ ကိုယ်တိုင်လေ့လာတာထက် ပညာရှင်တွေမျှဝေပေးတာက အသိပညာတွေကို တစုတစည်းတည်း ရရှိလိုက်တဲ့အတွက် အင်မတန်တန်ဖိုးရှိပါတယ်။ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရမယ့်သူတွေဖြစ်တဲ့အတွက် ဒီလိုဖိုရမ်က အကျိုးကျေးဇူးများစွာရရှိစေပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ မိမိရဲ့တာဝန်လို့ခံယူထားပြီး ပြည်သူကိုအကျိုးပြုဖို့ အားလုံးနဲ့ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဒေါ်နန်းဝိုးစိန် (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)**



ကျွန်မတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ဒီဖိုရမ်က ထိရောက်တဲ့အသိပညာတွေရရှိစေပါတယ်။ မြန်မာ့မျက်နှာစာသစ်ဖိုရမ်က ဒေသအားလုံးကိုအကျိုးပြုမယ့် ဖိုရမ်တစ်ခုဖြစ်ပါတယ်။ တောင်ပေါ်ဒေသရဲ့ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် လမ်းပန်းဆက်သွယ်ရေးနဲ့ Telecom-munication ကောင်းမွန်ဖို့၊ ဈေးကွက်စီးပွားရေးရရှိအောင် ဆောင်ရွက်နိုင်ဖို့ ဒီဖိုရမ်ကနေ အသိပညာတွေရရှိပါတယ်။ ကျွန်မတို့ရှမ်းပြည်နယ်နဲ့ အနီးစပ်ဆုံးက ထိုင်းနဲ့ တရုတ်နိုင်ငံဖြစ်ပါတယ်။ ဆွေးနွေးချက်တွေကနေ ငွေကြေးလဲလှယ်မှုနဲ့ တရားမဝင်ဖြစ်နေတဲ့ကိစ္စတွေ၊ ငွေလွှဲပြောင်းမှုတွေကို တရားဝင်ဆောင်ရွက်နိုင်တယ်ဆိုတာကို သိရှိလိုက်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။

**အမေးအရေး-သန့်ကျော်စွာ**

**ဓာတ်ပုံ-အောင်မင်းသန်း**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မတ် ၁၄

ယနေ့မြန်မာစံတော်ချိန် ၁၀ နာရီ ၂၈ မိနစ် ၂၃ စက္ကန့်အချိန်တွင် သီပေါမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၃၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(နမ္မတူမြို့၏အနောက်ဘက် ၁၃ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၀၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၁၉ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ (မိုး/ဇလ)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၁°c | / | ၃၅°c |
| ရန်ကုန် | ၂၂°c | / | ၃၅°c |
| မန္တလေး | ၂၅°c | / | ၃၉°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့




မဟာအောင်မြေမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒ/ပထဝီဝင်ဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုပြီးစီးမှုကိုတွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒ/ပထဝီဝင်ဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒ/ပထဝီဝင်ဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုပြီးစီးမှုကို တွေ့ရစဉ်။



ပြည်ကြီးတံခွန်မြို့နယ်၌ ၂၀၂၆ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒ/ပထဝီဝင်ဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုပြီးစီးမှုကို တွေ့ရစဉ်။



မကွေးမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒ/ပထဝီဝင်ဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒ/ပထဝီဝင်ဘာသာရပ်အား လာရောက်ဖြေဆိုကြသည့်ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



ညောင်ဦးမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒ/ပထဝီဝင်ဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုပြီးစီးမှုကို တွေ့ရစဉ်။



တောင်ငူမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒ/ပထဝီဝင်ဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကို တွေ့ရစဉ်။



ဒိုက်ဦးမြို့၌ ၂၀၂၆ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒ/ပထဝီဝင်ဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုပြီးစီးမှုကို တွေ့ရစဉ်။



မြစ်ကြီးနားမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒ/ပထဝီဝင်ဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



မိုးညှင်းမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒ/ပထဝီဝင်ဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



တနိုင်းမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒ/ပထဝီဝင်ဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။

➜ ရှေ့ဖုံးမှအဆက်

ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန်စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြသည်။

ထိုသို့ တက္ကသိုလ်ဝင်စာမေးပွဲများ ဖြေဆိုကြရာတွင် ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်တို့ကို နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ် စာစစ်ဌာနများနှင့် နိုင်ငံခြားစာစစ်ဌာန အပါအဝင် စာစစ်ဌာန စုစုပေါင်း ၈၈၇ ခု၌ ဝင်ရောက်ဖြေဆိုသူစုစုပေါင်း ၂၅၄၇၁၇ ဦး (၉၄ ဒသမ ၇၈ ရာခိုင်နှုန်း)ဖြင့်လည်းကောင်း၊ စက်မှုအတတ်ပညာ(ပေါင်းစပ်သိပ္ပံ) ဘာသာရပ်နှင့် စိုက်ပျိုးရေးအတတ်ပညာ (သီးနှံထုတ်လုပ်ရေး(၃)) ဘာသာရပ်တို့ကို စာစစ်ဌာန ၅၃ ခု၌ ဖြေဆိုသူစုစုပေါင်း ၂၈၆၉ ဦး (၉၉ ဒသမ ၂၇ ရာခိုင်နှုန်း)ဖြင့်လည်းကောင်း အသီးသီးဖြေဆိုခဲ့ကြကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

ယင်းသို့ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်နှင့် တာဝန်ရှိသူများ၊

စာမျက်နှာ ၁၀ သို့ ➜




ရှင်မွေလွန်မြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒ/ပထဝီဝင်ဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ကျောင်းသူများကို တွေ့ရစဉ်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒ/ပထဝီဝင်ဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကို တွေ့ရစဉ်။



ဧရာဝတီတိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒ/ပထဝီဝင်ဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကို တွေ့ရစဉ်။



မြိတ်မြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒ/ပထဝီဝင်ဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုပြီးစီးမှုကို တွေ့ရစဉ်။




မိုးကောင်းမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒ/ပထဝီဝင်ဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



လှည်းကူးမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒ/ပထဝီဝင်ဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



တောင်ကြီးမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒ/ပထဝီဝင်ဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



ကလေးမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒ/ပထဝီဝင်ဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။

→ စာမျက်နှာ ၉ မှအဆက်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို မတ်လ ၁၆ ရက် (တနင်္လာနေ့)တွင် ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်၊ မတ်လ ၁၇ ရက် (အင်္ဂါနေ့)တွင် ဇီဝဗေဒဘာသာရပ်နှင့်ဘောဂဗေဒဘာသာရပ်တို့ကို ဆက်လက်ဖြေဆိုကြရမည်ဖြစ်ပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲကိုလည်း မတ်လ ၁၈ ရက်အထိ ဆက်လက်ဖြေဆိုရမည်ဖြစ်ကာ မတ်လ ၁၅ ရက် တနင်္ဂနွေနေ့အား ပိတ်ရက်အဖြစ် သတ်မှတ်ကြောင်း သတင်းရရှိသည်။

"စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးသင်တန်းကျောင်းက ကလေးတွေကကျတော့ G-12 ဘာသာရပ်မှာ မွေးမြူရေးဘာသာရပ်က မရှိပါဘူး။ ဒီနေ့ စက်မှုနဲ့စိုက်ပျိုးရေးဘာသာရပ်တွေကို ဖြေဆိုကြရတာဖြစ်ပါတယ်။ ကလေးတွေရဲ့ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်ဖြေဆိုတဲ့ အခြေအနေတွေကတော့ အားလုံးကောင်းမွန်ပါတယ်။ မိဘတွေရော ရပ်ကွက်ကတာဝန်ရှိသူတွေရောအားလုံးကလေးတွေအတွက် အာဟာရဒါနကအစ အားလုံးပံ့ပိုးကူညီကြပါတယ်။ ကျွန်မတို့ကိုလည်း ပညာရေးဌာနတွေမဟုတ်တဲ့ အခြားဌာနဆိုင်ရာအားလုံး ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးခဲ့ကြလို့ အထူးပဲအောင်မြင်ခဲ့ကြပါတယ်။ အဆင်ပြေပြေချောချောမွေ့မွေ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နောက်ထပ်ဖြေဆိုရမယ့် နှစ်ဘာသာကျန်ပါသေးတယ်။ အဲဒီဖြေဆိုရမယ့်ဘာသာတွေကိုလည်း အားလုံးချောချောမွေ့မွေ့ဖြေဆိုနိုင်အောင်လို့ ကျွန်မတို့ကစီစဉ်ထားပါတယ်။ ကလေးတွေအနေနဲ့လည်း ကိုယ့်ရဲ့အနာဂတ်အတွက် အားမလျှော့ဘဲနဲ့ ကြိုးကြိုးစားစား အောင်အောင်မြင်မြင်နဲ့ ဖြေဆိုနိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ပြောသည်။







"စာမေးပွဲနဲ့ပတ်သက်ပြီး ပြင်ဆင်ထားတဲ့အပိုင်းတွေကတော့ အများကြီးရှိတာပေါ့။ အချိန်တွေရော၊ လူတွေရောပင်ပန်းပြီးတော့မှ တစ်နှစ်ပတ်လုံးကြိုးစားထားရတဲ့အချိန်တွေက အများကြီးရှိပါတယ်။ ဘယ်လိုလေ့လာခဲ့လည်းဆိုတော့ အချိန်အပိုင်းအခြားနဲ့ အများကြီးရင်းနှီးမြှုပ်နှံပြီးတော့ လေ့ကျင့်ထားရပါတယ်။ ဘဝတစ်ဆစ်ချိုးပြောင်းလဲမှာဆိုတော့ ဒီစာမေးပွဲက အောင်မြင်မှုကိုဖြစ်မှာပါရှင်။ အရမ်းတော့ စိတ်လှုပ်ရှားပါတယ်" ဟုပြောသည်။

"အောင်မြင်စေချင်တာရယ်၊ သူတို့ဘဝအတွက်ကို ရှေ့တက်လမ်းလေးကို အန်တီတို့ဘက်ကနေပြီးတော့ ပံ့ပိုးပေးချင်တာပေါ့နော်။ သူတို့နားချင်တဲ့အချိန်လေးနားရအောင်၊ သူတို့စားချင်တဲ့အချိန်လေးစားရအောင် အန်တီတို့ကစီစဉ်ပေးရပါတယ်။ စာမေးပွဲအတွက် အချိန်လေးတွေ အနှောင့်အယှက်ဖြစ်မှာစိုးလို့ သူတို့အတွက် အန်တီဂရုစိုက်ပါတယ်။ ရည်မှန်းချက်ကတော့ အမြင့်ကြီးမှာပဲပေါ့၊ အမြင့်ကြီးထားထားပါတယ်။ သူတို့အားလုံးအောင်မြင်ပါစေပေါ့။ သမီးလေးလည်း ဂုဏ်ထူးတွေ အများကြီးနဲ့အောင်စေချင်တယ်။ ဖြေဆိုတဲ့ကလေးတွေအားလုံးကို အောင်စေချင်တယ်" ဟုပြောသည်။

"ကျောင်းသားအားလုံးစိတ်အေးချမ်းသာစွာနဲ့ စာတွေကိုကျက်မှတ်နိုင်အောင် အေးအေးသက်သာနဲ့စိတ်အေးချမ်းသာစွာ ဖြေနိုင်ဖို့ရာအတွက် ကျွန်မတို့ကြီးကြပ်ရေးမှူးတွေအပါအဝင် ပညာရေးဌာနကလူတွေအကုန်လုံး၊ ကျန်းမာရေးနဲ့ကျန်းမာရေးဆိုင်ရာ၊ဌာနဆိုင်ရာအားလုံး ကနေပြီးတော့ ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါတယ်။ ကလေးတွေအားလုံး စာမေးပွဲကိုအခက်အခဲမရှိ စိတ်အေးချမ်းသာစွာ၊ လုံခြုံမှုရှိစွာဖြင့် ဖြေဆိုနိုင်ကြပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲကြီးကို ထူးချွန်စွာနဲ့အောင်မြင်ပြီးတော့ သူတို့ရည်မှန်းချက်ပန်းတိုင်အတိုင်း လျှောက်လှမ်းချင်တဲ့တက္ကသိုလ်ကို ဆက်ပြီးတော့ လျှောက်လှမ်းနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းပေးပါတယ်" ဟု ပြောသည်။

(၁၀၀)

## နိပါတ်တော်လာ သိမှတ်စရာ

# အတုယူဖွယ်မိတ်ဆွေကောင်းများ (ကုရုင်္ဂမိဂဇာတ်)

ဘုရားရှင်အား သတ်ဖြတ်ရန် ကြံစည်ကြိုးပမ်းသော ဒေဝဒတ်ကိုအကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူလေ၏။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ကုရုင်္ဂမည်သော သမင်ဖြစ်၍ တောအုပ်တစ်ခုအတွင်းမှ ရေအိုင်အနီးရှိ ချုံထဲတွင်နေထိုင်၏။ ထိုရေအိုင်တွင် လိပ်တစ်ကောင်နှင့် ရေအိုင်အနီးရှိ သစ်ပင်ပေါ်၌ ခေါက်ရှာငှက်တစ်ကောင်လည်းနေထိုင်၏။ ၎င်းတို့သည် အချင်းချင်း အဆွေခင်ပွန်းဖွဲ့၍ နေထိုင်လေ၏။



ညဉ့်ဦးတွင် ဘုရားလောင်းကုရုင်္ဂသမင်သည် ရေဆိပ်သို့ ရေသောက်ဆင်းရာ မုဆိုးထောင်ထားသောကျော့ကွင်း၌မိ၏။ လိပ်နှင့်ခေါက်ရှာငှက်တို့သည် အော်သံကြားရသဖြင့် သမင်ထံသို့ရောက်လာကြကာ အချင်းချင်းတိုင်ပင်ကြပြီးနောက် လိပ်သည် ကျော့ကွင်းကိုကိုက်ဖြတ်ရန် တာဝန်ယူ၏။ မုဆိုးကြီးအချိန်မီရောက်မလာစေရန် ခေါက်ရှာငှက်က တာဝန်ယူ၏။

မိုးလင်းသောအခါ မုဆိုးသည် လှံတံကိုကိုင်၍ အိမ်ရှေ့တံခါးမှထွက်လာစဉ် အသင့်စောင့်နေသော ခေါက်ရှာငှက်သည် အော်မြည်လျက် မုဆိုး၏မျက်နှာကို အတောင်ဖြင့်ပုတ်ခတ်လိုက်၏။ မုဆိုးသည် နိမိတ်မကောင်းဟု နှလုံးသွင်း၍ အိမ်ထဲသို့ပြန်ဝင်ကာ အိပ်နေလိုက်၏။

နောက်တစ်ကြိမ်တွင် အနောက်တံခါးမှ ထွက်လာသော်လည်း ခေါက်ရှာငှက်သည် ရှေးနည်းအတိုင်းပင် ပုတ်ခတ်ပြန်၏။ မုဆိုးလည်း ယခင်အတိုင်းပင် နှလုံးသွင်း၍ ပြန်အိပ်နေ၏။ နောက်ဆုံးတစ်ကြိမ်တွင်မူ ခေါက်ရှာငှက်သည် အဟန့်အတားမပြုတော့ဘဲ သမင်ထံသို့လာ၍ မုဆိုးလာနေပြီဖြစ်ကြောင်း သတင်းပို့လိုက်၏။

ထိုအချိန်တွင် လိပ်သည်ကျော့ကွင်းကိုကိုက်ဖြတ်၍ မပြီးသေးဘဲ ကြိုးတစ်လွှန်းကျန်နေသေး၏။ သွားများကျိုးကြေလုမတတ်ဖြစ်ပြီး ခံတွင်းမှသွေးများပင် စီးကျနေ၏။ ကျန်နေသောကြိုးကို မကိုက်ဖြတ်ရမီမှာပင် သမင်သည် မုဆိုးလာနေသည်ကို မြင်မိ၍ အားဖြင့်အတင်းရုန်းလိုက်ရာ ကြိုးပြတ်သွားပြီး တောအတွင်း ပြေးဝင်သွား၏။

မုဆိုးသည်ကျန်နေခဲ့သောလိပ်ကိုတွေ့ရလတ်သော် ကောက်ယူ၍ အိပ်အတွင်းထည့်ပြီး သစ်ငုတ်တစ်ခု၌ ချိတ်ဆွဲလိုက်၏။ သမင်သည် နောက်ကိုပြန်၍ လှည့်ကြည့်ရာ လိပ်၏ကံဆိုးပုံကိုမြင်လိုက်ရသောကြောင့် လိပ်အား အသက်ပေး၍ကယ်ရန် ဆုံးဖြတ်လိုက်သည်။ ထို့နောက် သမင်သည် ချည့်နဲ့နေဟန်ဖြင့် မုဆိုးမြင်အောင် အယောင်ပြရာ မုဆိုးသည် ပြေးလိုက်လာ၏။ သမင်သည် မုဆိုးကို အဝေးသို့ရောက်သည်အထိ သွေးဆောင်ကာ မျက်ခြည်ပြတ်ချိန်တွင် ပြန်လှည့်လာလျက် လိပ်အားထည့်ထားသည့်အိတ်ကို ချိုဖြင့်ကော်ယူခဲ့၏။

ထိုအချိန်တွင် ခေါက်ရှာငှက်သည်လည်း သစ်ပင်ပေါ်မှသက်ဆင်း၍ လွတ်ရာသို့ပြေးလာ၏။ ၎င်းတို့သုံးဦးဆုံမိကြရာ၌ သမင်က "ငါသည် သင်တို့ကြောင့် အသက်ရှင်သန်ခွင့်ရခဲ့၏။ မုဆိုးသည် ပြန်လာ၍ သင်တို့ကို ဖမ်းယူလိမ့်မည်။ ခေါက်ရှာငှက်လည်း သားသမီးများနှင့်အတူ အရပ်တစ်ပါးသို့သွားပါ။ အဆွေလိပ်လည်း ရေထဲသို့ငုပ်ဝင်နေပါ" ဟုဆို၏။ ခေါက်ရှာငှက်နှင့်လိပ်တို့သည် သမင်ညွှန်ကြားသည့်အတိုင်း လိုက်နာကြရာ အသက်ချမ်းသာရာရခဲ့ကြ၏။

ဇာတ်ပေါင်းသော် မုဆိုးသည် ဒေဝဒတ်၊ ခေါက်ရှာငှက်သည် အရှင်သာရိပုတ္တရာ၊ လိပ်သည် အရှင်မောဂ္ဂလာန်၊ ကုရုင်္ဂသမင်သည် ဗုဒ္ဓဖြစ်လေ၏။ နိပါတ်တော်လာသိမှတ်စရာအနေဖြင့် မိတ်ဆွေကောင်းတို့မည်သည် အရေးကြုံလျှင် မိမိအသက်ကိုပင် မငဲ့ကွက်ဘဲ အချင်းချင်း ကူညီရိုင်းပင်းကြသည်ဖြစ်ကြောင်း သိမှတ်အပ်ပါသည်။ ။

သုတကြွယ်

## ရယ်စရာပုံပြင်



### ကြိုတင်ပြင်ဆင်မှု

ရုံးတော်၌ဖြစ်သည်။ တရားသူကြီးက သက်သေကို မေးမြန်းနေသည်။

"အခင်းဖြစ်ပွားတဲ့နေရာနဲ့ ဘယ်လောက်အကွာမှာ ခင်ဗျား ရပ်နေသလဲ"

"၃ မီတာနဲ့ ၇၈ စင်တီမီတာတိတိ အကွာအဝေးမှာခင်ဗျ"

သက်သေက သွက်လက်စွာဖြေသည်။ တရားသူကြီး သဘောကျသွားသည်။

"တိကျသေချာလှချည်လား"

"ကတ်တီးကတ်ဖဲ့ မေးတတ်တဲ့သူနဲ့တွေ့ရင် ဖြေနိုင်အောင်ဆိုပြီး တမင်ကို သေသေချာချာ တိုင်းခဲ့တာခင်ဗျ"

သည်တစ်ကြိမ်၌လည်း သက်သေက ချက်ချက်ချာချာပင် ဖြေသည်။ သို့သော် တရားသူကြီးခမျာ သဘောမကျနိုင်ရှာတော့ပေ။ ။

ဖိုးပြုံးချို

## မှတ်သားဖွယ်စုံ စကားပုံ

### ကျွဲကူး ရေပါ

ကျွဲရေကူးလျှင် ကျွဲနောက်မှရေအလျဉ်လိုက်ပါသကဲ့သို့ ကိစ္စတစ်ခုဆောင်ရွက်ရာ၌ ထိုကိစ္စနှင့် အကျုံးဝင်ရာကိစ္စများပါ တစ်ပါတည်းပြီးစီးသွားသည်။

"ဥပမာဆိုသော်ကား ရေပေါ်မုန့်လုံးကို စားသုံးဖို့ဝယ်လျှင်ပင် အလယ်က ထန်းလျက်ဖိုးဟု ငွေတိုး၍မပေးကြ၊ ထန်းလျက်ပါရသကဲ့သို့ အဝုတ္တာသိဒ္ဓိ ပါဝင်လျက်ရှိသောကြောင့် ဤလောကီကျေးဇူးမှာ **ကျွဲကူးရေပါ**ဖြစ်တော့သည်။" [၁၂၂၅- ခန့်] ပုညဝတ်။ ၃၃။

### ခွေးတောက်မြစ်ယှက်၊ စိုက်ရောဖက်က သရက်ပင်မင်း၊ သီးချိုကင်း၏

ခွေးတောက်မြစ်နှင့် သရက်ပင်အမြစ်တို့ ရောယှက်စိုက်သဖြင့် သရက်သီးတွင် အချိုအရသာကင်းပြီး အခါးအရသာဖြစ်လာသကဲ့သို့ နီးစပ်ရာ၏ဝေလေ့စရိုက်ကူးစက်သည်။ **(ခါးတောက်မြစ်ယှက်၊ စိုက်ရောဖက်သား၊ သရက်ပင်မင်း၊ သီးချိုကင်း၏–** ဟုလည်း အသုံးရှိသည်။)

"**ခါးတောက်မြစ်ယှက်၊ စိုက်ရောဖက်သား၊ သရက်ပင်မင်း၊ သီးချိုကင်း**သို့၊" [၈၈၅] ကိုး* ၁၅။

"**ချိုမှည့်သရက်၊ ခါးတောက်ဖက်**သို့၊ ယွင်းပျက်လေတတ်၊ မင်းနှင့်မတ်ကို၊" [၁၁၈၄] အာသံ*၂၁။

"**တမာခွေးတောက်၊ မြစ်ရှောက်ရောယှက်၊ တူနှောဖက်၍၊ သရက်ချိုမြ**၊ ဘန္တရလည်း၊ ကွယ်ပအပြီး၊ **အခါးသီး**၏၊" [၁၂၆၆] မဃ *၂၃၇။

တစ်နေ့သ၌ ဒဓိဝါဟနအမည်ရှိသောမင်းသည် မြစ်အတွင်း၌ ရေကစားစဉ် နတ်တို့သုံးဆောင်သော သရက်သီးတစ်လုံးသည် မြစ်ရေတွင် မျောပါလာကာ မင်းကြီးရေကစားရာ၌ ကာကွယ်ထားသော ပိုက်ကွန်၌ငြိလေ၏။ ထိုအခါ မင်းချင်းတို့က မင်းကြီးအား သရက်သီးကိုဆက်၏။ မင်းကြီးသုံးဆောင်ကြည့်သော် သရက်သီးသည် အလွန်ချိုမြိန်လှသဖြင့် အစေ့ကိုစိုက်စေ၏။ သီးသောအခါ တစ်ပါးသောမင်းတို့အား လက်ဆောင်ပေး၏။ ထိုသို့ပေးသောအခါ အပင်မပေါက်စေအံ့သောငှာ အညှောက်ထွက်ရာနေရာကို ဓားရိုးဖြင့် ထိုးဖောက်၍ပေးစေ၏။ မင်းတို့သည် သရက်သီးကိုစားပြီးသော် အစေ့ကိုစိုက်လျှင် အပင်မပေါက်။ ထိုအကြောင်းကိုစုံစမ်း၏။ ဒဓိဝါဟနမင်း၏ အစီအမံဖြစ်ကြောင်းသိရလျှင် မင်းတစ်ပါးသည် ထိုသရက်ပင်ပျက်စေအံ့သောငှာ မိမိ၏ ဥယျာဉ်စောင့်ကို ဒဓိဝါဟနမင်းထံ စေလွှတ်ဖျက်ဆီးစေ၏။ ဥယျာဉ်စောင့်သည် ဒဓိဝါဟနမင်းထံရောက်သော် မင်းကြီးနှစ်ခြိုက်စေအံ့သောငှာ ပွင့်ချိန်မတန်သေးသောပန်းတို့ကို ပွင့်စေ၏။ သီးချိန်မတန်သေးသောအသီးတို့ကို သီးစေ၏။ ဥယျာဉ်ကိုလည်း မွေ့လျော်ဖွယ်ပြုပြင်၏။ မင်းကြီးနှစ်ခြိုက်လှသဖြင့် ဥယျာဉ်တွင် ဥယျာဉ်စောင့်ခန့်၏။ ဥယျာဉ်စောင့်သည် သရက်ပင်ကိုခြံရံ၍ တမာပင်၊ ခွေးတောက်ပင်တို့ကို စိုက်လျှင် ချိုမြိန်သောသရက်သီးတို့ ခါးလေ၏။ ထိုအခါ ဥယျာဉ်စောင့်သည် ထွက်ပြေး၏။ ထိုအကြောင်းကို မင်းကြီးသိလျှင် သရက်ပင်ပတ်ဝန်းကျင်၌ရှိကုန်သော တမာပင်၊ ခွေးတောက်ပင်တို့ကို နုတ်စေ၏။ ခါးသောမြေမှုန့်တို့ကိုဖယ်၍ ချိုသောမြေမှုန့်တို့ကိုထည့်စေ၏။ သရက်ပင်ကို နို့ရည်၊ သကာရည်၊ နံ့သာရည်သွန်းလောင်းစေ၏။ ထိုအခါ သရက်သီးတို့ ချိုမြဲ ချိုလေ၏။

**ခုဒ္ဒကနိကာယ်၊ ၁၈၆–ဒဓိဝါဟနဇာတ်။**

### စီးတဲ့ရေ ဆည်တဲ့ကန်သင်း

စီးဝင်လာသောရေကို လယ်ကွင်းထဲ၌တည်နေအောင် ကန်သင်းဆည်၍ ပိတ်ထားရသကဲ့သို့ အိမ်ထောင်တစ်ခုတွင် လင်ယောကျ်ားရှာဖွေ၍ရသော စီးပွားဥစ္စာကို မလေမလွင့်ရအောင် အိမ်ရှင်မဖြစ်သူက ထိန်းသိမ်းရသည်။

"**စီးတဲ့ရေ ဆည်တဲ့ကန်သင်း**ဆိုသော စကားကဲ့သို့ အိမ်ထောင်ဦးစီးယောကျ်ားများ ရှာဖွေရရှိသောငွေကြေးကို ဇယားချ၍ စေ့ငအောင် သုံးစွဲရသည်။" [၁၃၁၉] စာဗိမာန်၊ ၆၊ ၇။ ၈၅။

### ဆင်မတတ်နိုင်၊ ကြွက်တတ်နိုင်၏

ဆင်သတ္တဝါ မဆောင်ရွက်နိုင်သောကိစ္စကို ကြွက်သတ္တဝါက ဆောင်ရွက်နိုင်သည်ဆိုသကဲ့သို့ တစ်ခါတစ်ရံ အင်အားကြီးသူ၊ ရာထူးဂုဏ်သိန်ကြီးသူတို့ မဆောင်ရွက်နိုင်သောကိစ္စကို ထိုအောက်ငယ်သူတို့က စွမ်းဆောင်နိုင်သည်။

"ခဲကတ်ရေးရာ၊ ရုံခါလူတွင်၊ ဖြစ်မြဲအင်ကား၊ **ဆင်မတတ်နိုင်၊ ကြွက်တတ်နိုင်**၏၊ လက်ကိုင်စွဲထုံ၊ အရေးပုံဖြင့်၊ မှတ်ယုံတသီး၊ လွန်လေပြီးက၊ ဆင်ကြီးကြွက်ငယ်၊ ဝတ္ထုနှယ်သို့၊ ပြုဖွယ်ကိစ္စ၊ ကိုယ်နှင့်မျှအောင်၊ ဆောင်မှမချွတ်၊ ပြီးကြတတ်ရှင့်၊" [၁၂၆၆] မဃ*၃၁၈။

**မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့ကထုတ်ဝေသည့် "မြန်မာစကားပုံ" စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။ ။**

# ရင်တွင်းစွမ်းအင် ပြောပြချင်ရဲ့

သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)

မီးချောင်းတွေ မလိုရင်ပိတ်ထားသမီး၊ လျှပ်စစ်ဓာတ်အားခကို ခွေ့တာရာရောက်သလို ကိုယ်လျှော့သုံးတော့ တခြားလိုအပ်တဲ့သူတွေ ပိုသုံးလို့ရတာပေါ့”

ကျွန်မမေမေပြောလေ့ရှိတဲ့စကားပါ။

ပြောရုံသာမဟုတ်ဘဲ မလိုဘဲဖွင့်ထားတဲ့မီးတွေကိုသူကိုယ်တိုင်လည်း လိုက်ပိတ်တတ်ပါတယ်။ အခု အသက် ၈၅ နှစ်အရွယ်အထိ အိမ်မီးတွေကို လိုက်ပိတ်၊ လိုက်ဖွင့်တုန်းပါပဲ။ ငယ်ငယ်တုန်းက မီးတွေပိတ်ဖို့မေ့တိုင်း အဆူခံရတတ်တာကို သတိရမိပါတယ်။

အခုတော့ဖြင့် အမေ့နေရာကို ကျွန်မရောက်လာပါပြီ။ မလိုတဲ့မီးတွေလိုက်ပိတ်တတ်တဲ့အမေ့ကိုလည်း နားလည်တတ်ခဲ့ပါပြီ။

“သမီးရေ... မီးကအခုမှပြန်လာတာ ရေမော်တာချက်ချင်းမဖွင့်နဲ့ဦး...”

ကျွန်မတို့ဆီမှာ မိုးဦးကျမို့ လေတွေမိုးတွေတိုက်ရင် မီးပျက်တတ်ပါတယ်။ တစ်ခါတလေ မီးလိုင်းပြင်တာ သိပ်မကြာတတ်ပေမယ့် တချို့အခါတွေကျတော့ နှစ်ရက်သုံးရက်ကြာတတ်ပါတယ်။ အဝီစိတွင်းရေကိုသုံးရတာမို့ မီးပျက်ရင်ရေပါပြတ်တတ်ပါတယ်။ ထမင်းချက်စားတာကို ထင်းတွေမီးသွေးတွေနဲ့ချက်လို့ရပေမယ့် ရေတင်တာကတော့ လျှပ်စစ်မီးရှိမှတင်လို့ရတာကြောင့် မီးပြန်လာတာနဲ့ ကျွန်မက အရင်ဆုံးရေတင်ပါတယ်။ အဲ့ဒီလိုအခါတိုင်း တစ်အိမ်တည်းအတူနေတဲ့ ကျွန်မခင်ပွန်းသည်ရဲ့အဖေက ရေချက်ချင်းမတင်ဖို့ပြောနေကျပါ။ ဘာမှပြန်မပြောခဲ့ပေမယ့် ကျွန်မစိတ်မှာအနှောင့်အယှက်ဖြစ်ရပါတယ်။ ကျွန်မ စိတ်အနှောင့်အယှက်ဖြစ်တာကိုလည်း သိပုံရပါတယ်။

“မီးပျက်နေတာကြာတော့ အိမ်တိုင်းက လျှပ်စစ်မီးကိုဝိုင်းသုံးလိုက်ကြရင် ထရန်စဖော်မာပေါက်ကွဲတာတွေဖြစ်မှာစိုးလို့ပါသမီးရယ်။ မီးတစ်ရက်နှစ်ရက်ပျက်တာတောင်အဆင်မပြေတာ အဲ့ဒီလိုဖြစ်ရင် အကြာကြီးပျက်နိုင်တာပေါ့။ ဒါ့ကြောင့် အဖေကပြောတာပါ”

“အဖေရယ် ကိုယ်တစ်ယောက် ရေမော်တာဖွင့်လိုက်လို့ ဘာများပိုထူးသွားမှာမို့လဲ။ လူတိုင်းဖွင့်နေကြတာပဲကို”

“အရင်လူတွေသုံးနေတာ ဘာမှမဖြစ်ပေမယ့် ကိုယ်သုံးလိုက်မှ အပိုဝန်ဖြစ်သွားမှာ စိုးရိမ်လို့ပါ။ တို့က ပညာရှိတဲ့သူတွေမို့ ဆင်ခြင်ရအောင်ပါ”

> ➤ **ကိုယ့်နိုင်ငံမှာ လျှပ်စစ်တွေလုံလောက်လာရင် စက်မှုလုပ်ငန်းတွေအပါအဝင် အရာအားလုံးတိုးတက်လာမှာသေချာပါတယ်။**
>
> ➤ **လျှပ်စစ်စီမံကိန်းတည်ဆောက်ဖို့ မြေကြီးတွေတူးဖော်ပြုပြင်တာကတော့လုပ်ရမှာပေါ့။ ပြီးတာနဲ့ သဘာဝပတ်ဝန်းကျင်ကို ဘက်စုံအကျိုးပြုတဲ့စီမံကိန်းတစ်ခုဖြစ်လာနိုင်ပါတယ်။**

ကျွန်မက တစ်ဖက်သားအတွက် ထည့်စဉ်းစားပေးတတ်ကြတဲ့ အဲ့ဒီလိုအသိုင်းအဝိုင်းမှာ ကြီးပြင်းနေထိုင်ခဲ့ရသူပါ။ ချက်ချင်းမှာစိတ်ဆိုးပေမယ့် နောက်တော့လည်း ကျွန်မအမေနဲ့ ကျွန်မရဲ့ယောက္ခမ အဖေတို့က စည်းကမ်းရှိသူ၊ တစ်ဖက်သားကို စာနာစိတ်ရှိသူတွေလို့ တွေးမိလာပါတယ်။

တစ်ခါတစ်ရံ လမ်းသွားရင်း ညကဖွင့်ထားတဲ့လုံခြုံရေးမီးကို နေ့လယ်အထိမပိတ်တဲ့သူတွေ၊ တစ်အိမ်သားလုံး ဘယ်သူမှမကြည့်အားဘဲနဲ့ တီဗွီဖွင့်ထားတဲ့သူတွေ၊ ရေတွေလျှံကျနေတဲ့အထိ ရေမော်တာ မပိတ်ကြတဲ့သူတွေကိုတွေ့ရင် ကျွန်မတို့ ဆုံးမပဲ့ပြင်ခံရတာတွေနဲ့နှိုင်းယှဉ်ပြီး မချင့်မရဲ ဖြစ်ရပါတယ်။ မလိုဘဲ လျှပ်စစ်အားကို ဖြုန်းတီးနေကြတယ်၊ စည်းကမ်းလျော့ရဲလိုက်တာလို့ အပြစ်တင်ချင်မိပါတယ်။

“မြစ်ဆုံစီမံကိန်းကို ငါကန့်ကွက်တယ်။ တို့နိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးတာ ငါလုံးဝမကြိုက်ဘူး”

အာပေါင်အာရင်းသန်သန်ပြောနေတဲ့သူငယ်ချင်းကို ကျွန်မ အငေးသားကြည့်နေမိပါတယ်။ ရေအားလျှပ်စစ်ကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးတယ်လို့ ဘယ်အထောက်အထားနဲ့ ပြောနေတာလဲလို့ ကျွန်မမေးလိုက်ရင် စိတ်ဆိုးတော့မယ်ထင်ပါတယ်။ ကိုယ့်နိုင်ငံမှာ လျှပ်စစ်တွေလုံလောက်လာရင် စက်မှုလုပ်ငန်းတွေအပါအဝင် အရာအားလုံးတိုးတက်လာမှာသေချာပါတယ်။ နေ့စဉ် လူနေမှုဘဝမှာ လျှပ်စစ်စွမ်းအင်ကမရှိမဖြစ်လိုအပ်ချက်ပါ။ သူပြောနေတဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုတာလည်း လျှပ်စစ်လုံလောက်အောင်ရမှ ထိန်းသိမ်းလို့ရမှာပါ။ လျှပ်စစ်မလုံလောက်သမျှ အလွယ်တကူရှာလို့ရတဲ့ထင်းကိုခုတ်ပြီး လောင်စာအဖြစ်သုံးနေမှတော့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်မှာမဟုတ်ပါဘူး။

လျှပ်စစ်စီမံကိန်းတည်ဆောက်ဖို့ မြေကြီးတွေ တူးဖော်ပြုပြင်တာကတော့လုပ်ရမှာပေါ့။ ပြီးတာနဲ့ သဘာဝပတ်ဝန်းကျင်ကို ဘက်စုံအကျိုးပြုတဲ့ စီမံကိန်းတစ်ခုဖြစ်လာနိုင်ပါတယ်။ အဓိကရည်မှန်းချက်ဖြစ်တဲ့လျှပ်စစ်ရမယ်။ ဓာတ်အားပေးစက်တွေ လည်ပတ်တိုင်း မြစ်အောက်ပိုင်းဒေသတွေကို နွေရာသီမှာရေရှိနေမယ်။ ရေကြောင်းသွားလာရေးကိုအထောက်အကူပြုနိုင်မယ်။ နွေရာသီမှာ သောင်တွေထွန်းပြီး ရေကြောင်းသွားလာရေး အဆင်မပြေဖြစ်နေတာတွေ လျော့သွားမယ်လို့ ကျွန်မနားလည်သလောက် ရှင်းပြချင်လိုက်တာ။ ကျွန်မတို့နိုင်ငံမှာ လျှပ်စစ်ဓာတ်အားတွေပိုရပြီး ပိုတိုးတက်မှာစိုးရိမ်တဲ့သူတွေရဲ့ မကောင်းတဲ့ လှုံ့ဆော်စကားတွေကို နားယောင်ကြသူတွေများပါတယ်။

သူတို့တွေကပဲ လျှပ်စစ်မီးပျက်ရင် လူမှုကွန်ရက်မှာ ဟိုရေးဒီရေးတွေလုပ်ကြတယ်။ လျှပ်စစ်ထုတ်ဖို့ကိုတော့ အကြောင်းအမျိုးမျိုးပြပြီး ကန့်ကွက်နေကြတယ်။ အနာခံမှအသာစံရမယ်တဲ့ ဘေးထွက်ဆိုးကျိုးတွေရှိရင် လျှော့ချနိုင်သမျှနည်းတွေနဲ့လုပ်ဆောင်ကြမယ်။ လျှပ်စစ်လုံလောက်အောင်ရနေမှ လူတစ်ဦးစီအတွက်ရော နိုင်ငံအတွက်ပါ အဆင်ပြေပါမယ်။ ခလုတ်လေးဖွင့်တာနဲ့ လျှပ်စစ်မီးရနေခြင်းဟာ တစ်ယောက်ချင်းစီအတွက်လည်း တကယ့်ကိုအဆင်ပြေချောမွေ့မှု ရနိုင်ပါတယ်။

ကျွန်မအိမ်နဲ့ သိပ်မဝေးတဲ့နေရာမှာ ရေအားလျှပ်စစ်တွေ မှန်မှန်ထုတ်နေတဲ့ ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံရှိနေလို့ ဒီစက်ရုံက လျှပ်စစ်ထုတ်ရင်း ထွက်လာတဲ့ရေတွေကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး စိမ်းလန်းသာယာပြီး လူစည်ကားတဲ့ အပန်းဖြေစခန်းတွေဖြစ်လာကြတာကို အခွင့်သင့်တိုင်း မိတ်ဆွေတွေကိုခေါ်ပြနေကျပါ။ တစ်ခါတလေ ကျွန်မတို့ရဲ့ မပြည့်ဝတဲ့အသိတရားတွေနဲ့ အမြော်အမြင်နည်းပါးမှုတွေကြောင့် နိုင်ငံနဲ့ချီပြီး ထိခိုက်နစ်နာနေတာကို အားမလိုအားမရဖြစ်လှပါတယ်။ ကျွန်မတို့မိသားစုအကြီးအကဲတွေရဲ့ ဆိုဆုံးမမှုတွေကိုလည်း တန်ဖိုးထားမိပါတယ်။


သဘာဝပတ်ဝန်းကျင်ပျက်စီးမှာကိုကြောက်တယ်လို့သာ တွင်တွင်အော်နေပြီး ကိုယ်တိုင်လုပ်လို့ရတဲ့ ပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ချနိုင်တဲ့ အမှိုက်စနစ်တကျစွန့်ပစ်တဲ့ကိစ္စကိုတော့ လုပ်ဖို့မေ့နေတာလားလို့ သူ့ကိုမေးလိုက်ရင် ကျွန်မကို စိတ်ဆိုးသွားမှာသေချာပါတယ်။

အလုပ်ခရီးအနေနဲ့ ထိုင်းနိုင်ငံ ချင်းမိုင်မြို့ကို နှစ်ခေါက်ရောက်ဖြစ်ပါတယ်။ အဓိကသတိထားမိတာကတော့ ၂၄ နာရီလျှပ်စစ်မီးရတာပါ။ ကုန်တိုက်ကြီးတွေထဲမှာ မီးရောင်တွေထိန်လင်းနေပြီး နေ့လား ညလားမကွဲပြားအောင်ပါပဲ။ ကုန်ပစ္စည်းတွေကို မီးတွေလင်းအောင်ဆင်ပြီး ပြထားတာကလည်း ဝယ်သူကိုဆွဲဆောင်မှုတစ်မျိုးပါပဲ။ အရောင်အသွေးစုံနဲ့ တောက်ပနေတဲ့ ရောင်းကုန်ပစ္စည်းတွေကို လှည့်ပတ်ကြည့်ရင်း အမိမြေကိုလွမ်းမိပါတယ်။

ရေအားလျှပ်စစ်ထုတ်ဖို့ အရင်းအမြစ်တွေပေါများပေမယ့် အကြောင်းအမျိုးမျိုးကြောင့် မထုတ်နိုင်ခဲ့တဲ့အတွက် လျှပ်စစ်လုံလောက်အောင်မရတာ စိတ်မကောင်းဖြစ်ရပါတယ်။ ခလုတ်နှိပ်လိုက်ရုံနဲ့ လျှပ်စစ်ရနေရင် နေ့စဉ်လူမှုဘဝတွေ ဘယ်လောက်ချောမွေ့မလဲ၊ ကုန်ထုတ်လုပ်ငန်းတွေ စရိတ်သက်သက်သာသာနဲ့ လည်ပတ်ထုတ်လုပ်နိုင်ရင် ကုန်ဈေးနှုန်းတွေ ကျဆင်းလာမယ်။ အချိန်မတော် ရေထတင်ရတာတွေ၊ ထမင်းထချက်ထားရတာတွေမလုပ်ရတော့ လူတွေပိုသက်သာမယ်။ အနားယူချိန်ရမယ်။ စားခါနီးမှ ပူပူနွေးနွေးချက်ပြုတ်ပြင်ဆင်စားရရင် ကျန်းမာရေးနဲ့ ပိုညီညွတ်လာမှာပေါ့။

ကုန်တိုက်ထဲပတ်ကြည့်ရတာမောလို့ လမ်းဘေးမှာထိုင်နားရင်း လျှပ်စစ်ဓာတ်အားအပြည့်အဝရလို့ တိုးတက်နေတဲ့ သူများတိုင်းပြည်နဲ့ ဓာတ်အားအပြည့်အဝမရလို့ တစ်ဦးချင်းစီကို ပင်ပန်းရစေတဲ့ ကိုယ့်တိုင်းပြည်အကြောင်း အတွေးတွေရောက်လာပြီး ကိုယ့်နိုင်ငံအတွက်လည်း ဝမ်းနည်းမိလာပါတယ်။ ဖုန်းကိုဖွင့်ကြည့်လိုက်တော့ ပထမဆုံးမြင်လိုက်တဲ့သတင်းက လျှပ်စစ်တာဝါတိုင်တွေကို ဖောက်ခွဲဖျက်ဆီးလိုက်တဲ့သတင်းပါ။

သူများနိုင်ငံတွေမှာ လျှပ်စစ်စွမ်းအားနဲ့ အရာရာကိုမြှင့်တင်နေတဲ့အချိန်မှာ ကျွန်မတို့ဆီမှာ နိုင်ငံကိုဖျက်ဆီးနေတဲ့လူတစ်စုက တည်ဆောက်ပြီးသား လျှပ်စစ်ဓာတ်အားစနစ်ကို ဖျက်ဆီးလိုက်နိုင်တာကို ဂုဏ်ယူအားရနေကြတာကတော့ တကယ့်ကိုအမြော်အမြင်နည်းတဲ့ မိုက်မဲမှုသက်သက်ပါပဲ။



“မီးကလည်းပျက်လိုက်တာဟယ်... လူတစ်ယောက်စီရဲ့အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ လျှပ်စစ်မီး၊ လမ်းတံတား၊ ဖုန်းလိုင်း၊ အင်တာနက်လိုင်းတွေ ကောင်းအောင်လုပ်မပေးဘူး။ အခြေခံလူ့အခွင့်အရေးတောင် မဖြည့်ဆည်းပေးနိုင်တဲ့နိုင်ငံမှာ ငါတို့နေတယ်သိလား”

ပြောအပြီးမှာ “ဝါး”ခနဲ ရယ်လိုက်သံကို ကြားလိုက်ရတယ်။ သူငယ်ချင်းတစ်ယောက်နဲ့ အလုပ်ကိစ္စအတွက် ကော်ဖီဆိုင်တစ်ခုမှာ ချိန်းထားပြီး သူရောက်မလာသေးလို့ စောင့်နေချိန်မှာ ကျွန်မ နောက်ကျောဝိုင်းက လူငယ်လေးတွေ ပြောလိုက်တဲ့အသံပါ။ ရင်ထဲမှာစစ်ခနဲ ခံစားလိုက်ရပါတယ်။ အဲ့ဒီအခြေခံအဆောက်အအုံတွေကို ဖျက်ဆီးနေကြတာက ဘယ်သူလဲလို့ မတွေးနိုင်ကြတာလား၊ မတွေးမိကြတာလား။

ယောကျ်ားလေး၊ မိန်းကလေး စုစုပေါင်း ခုနစ်ယောက်လောက် ဝိုင်းထိုင်ပြီးမှာလိုက်ကြ၊ စားလိုက်ကြ၊ ရယ်လိုက်ကြနဲ့ ကျွန်မသူငယ်ချင်းရောက်လာရင် စကားပြောလို့ရပါ့မလားလို့ တွေးနေမိပါတယ်။ စားပွဲဝိုင်းအလွတ်လည်းမရှိတော့ နေရာပြောင်းလို့မရဘဲ ဆက်ထိုင်နေရပါတယ်။ ၁၅ မိနစ်လောက်အကြာမှာ သူတို့အားလုံး ထွက်သွားကြပါတယ်။ သူတို့စားပွဲပေါ်မှာ တစ်ဝက်ပဲသောက်ထားတဲ့ အအေးခွက်တွေ၊ မကုန်နိုင်မခန်းနိုင်မှာ တစ်ဝက်တစ်ပျက်စားပြီး ထားခဲ့ကြတဲ့ မုန့်ပန်းကန်တွေကိုကြည့်ပြီး သူတို့ပြောခဲ့တဲ့စကားတွေကို ကြားယောင်မိပါတယ်။

ကိုယ်ရရမယ့်လူ့အခွင့်အရေးဆိုတဲ့စကားတွေ တွင်တွင်သုံးသွားပေမယ့် အစားအစာကိုအလေးမထား စည်းကမ်းမရှိတဲ့စိတ်ကိုတော့ သူတို့ထားခဲ့တဲ့ တစ်ဝက်တစ်ပျက် စားလက်စပန်းကန်တွေကိုကြည့်ပြီး အကဲခတ်လိုက်မိပါတယ်။

ကိုယ်ရသင့်တဲ့အခွင့်အရေးတွေရှိသလို ကိုယ်ထိန်းသိမ်းစောင့်ရှောက်ရမှာတွေလည်းရှိတယ်လို့ ပြောပြချင်လိုက်တာ။ တခြားသူတွေကို ကိုယ်မဆိုင်၊ မပိုင်၊ မနိုင်ပေမယ့် ကိုယ်ပြောတာလက်ခံနားထောင်ပေးမယ့် လူငယ်တွေကိုတော့ပြောပြဦးမှပါလို့ တွေးနေမိပါတယ်...။

မှန်ကန်တဲ့ သဘောထားတွေနဲ့ ကိုယ်နိုင်တဲ့တာဝန်ကိုဝိုင်းယူကြရင် တစ်ယောက်တစ်လက်နဲ့ ဝိုင်းဝန်းလုပ်ဆောင်ကြရင် မိသားစုလုပ်ငန်းပဲဖြစ်ဖြစ်၊ နိုင်ငံ့လုပ်ငန်းပဲဖြစ်ဖြစ် တိုးတက်အောင်မြင်မှာသေချာပါတယ်။

ကိုယ်လုပ်ရမယ့်တာဝန်ကိုရှောင်လွှဲပြီး တစ်ပါးသူကိုအပြစ်ဖို့သမျှ အောင်မြင်မှုနဲ့ဝေးကွာနေဦးမှာပဲလို့ ကျွန်မတို့မျိုးဆက်သစ်တွေကို သေချာပေါက်ပြောပြရပါဦးမယ်။ ။

# လွိုင်ကော်မြို့၌ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကျင်းပ



လွိုင်ကော် မတ် ၁၄

ကယားပြည်နယ် လွိုင်ကော်မြို့ အောင်သီဟရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ မတ်လ ၁၄ ရက် နံနက်ပိုင်းတွင် ကယားပြည်နယ်မီးသတ်ဦးစီးဌာနမှ ပွင့်လင်းရာသီသို့ရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်ကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်သန်းက အောင်သီဟရပ်ကွက် အခြေပြမြေပုံအား ရှင်းလင်းတင်ပြပြီး ဂက်စ်အိုးမီးလောင်မှုသရုပ်ပြခြင်း၊ ဆီဒယ်အိုးမီးလောင်မှုသရုပ်ပြခြင်း၊ လူနေအိမ်မီးလောင်မှုသရုပ်ပြခြင်း၊ မီးဘေးသင့်ပြည်သူ လူဦးရေစာရင်းကောက်ယူခြင်းနှင့် ပံ့ပိုးပစ္စည်းများပေးအပ်မှု သရုပ်ပြခြင်း၊ ဆီသိုလှောင်ကန်မီးလောင်မှုသရုပ်ပြခြင်း၊ မီးသတ်စက်/ယာဉ်များ၏ စက်စွမ်းအားဖြင့် ရေပက်ဖျန်းသရုပ်ပြသခြင်းတို့ကိုဆောင်ရွက်ပြီး ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦးက ဂုဏ်ပြုငွေပေးအပ်ရာ ပြည်နယ်မီးသတ်ဦးစီးဌာနမှူးညွှန်ကြားရေးမှူး ဦးလှိုင်ဝင်းအောင်က လက်ခံရယူသည်။

အဆိုပါ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြဇာတ်တိုက်လေ့ကျင့်ရာတွင် မီးသတ်ဦးစီးဌာနမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ ဦး၊ သန္နေတပ်ဖွဲ့ဝင် ၄၅ ဦး၊ ရေသယ်ယာဉ်နှစ်စီး၊ မီးငြိမ်းသတ်ယာဉ်လေးစီး၊ Luf micro robot တစ်စီး၊ လူနာတင်ကားနှစ်စီးတို့ဖြင့် လွိုင်ကော်မြို့နှင့်ဒီးမော့ဆိုခရိုင်တို့မှအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကယားပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကယားပြည်နယ် ကြက်ခြေနီအသင်းဝင်တို့က ပူးပေါင်းပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

(၄၀၅)

## ထော်ဦးကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

ကျုံပျော် မတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် သဲကုန်းကျေးရွာအုပ်စု ထော်ဦးကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်းမြေသားတာပေါင်တင်ခြင်းနှင့် ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများက မတ်လ ၁၄ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလိန်းကွီးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကျေးလက်ကုန်ထုတ်လမ်းမြေသားတာပေါင်တင်ခြင်းလုပ်ငန်း၊ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ပြောကြားသည်။

ကျုံပျော်မြို့နယ် ထော်ဦးကျေးရွာ၌ အရှည်ပေ ၃၁၇၀၊ အကျယ် ၁၆ ပေ၊ အမြင့် ၂ ပေ ၉ လက်မရှိသော မြေသားတာပေါင်တင်ခြင်းလုပ်ငန်းနှင့်ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၃၀၇ ဒသမ ၄၉၄ သန်းအသုံးပြုပြီး ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ ၂၀၂၅ ခုနှစ်နိုဝင်ဘာလ ၁ ရက်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုညို(ကျေးလက်)**



## ဇောင်းတူရေလွှဲဆည်နှင့် မိုးယွန်းကြီးကန်တို့မှ ဆည်ရေများဖြင့် ပဲခူးခရိုင်အတွင်းရှိ နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ပဲခူး မတ် ၁၄

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်အတွင်းရှိ ဇောင်းတူရေလွှဲဆည်နှင့် မိုးယွန်းကြီးကန်မှ ဆည်ရေများဖြင့် ပဲခူးမြို့နယ်၊ ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်တို့ရှိ နွေစပါးနှင့် အခြားသီးနှံများ အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိကြောင်း ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ပဲခူးခရိုင်အတွင်းရှိ ဒေသခံတောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ပဲခူးမြို့နယ်ရှိ စလူ၊ရွှေလောင်း၊ ကိုဒူကွဲဆည်မှ သိုလှောင်ရေများကို ဇောင်းတူရေလွှဲဆည်မှတစ်ဆင့် ဇောင်းတူဆည်ရေသောက်စနစ်အတွင်းသို့လည်းကောင်း၊ ထိုမှတစ်ဆင့် ပဲခူးစစ်တောင်းတူးမြောင်းအတွင်း ဆည်ရေပို့လွှတ်၍ မိုးယွန်းကြီးကန်မှ ဆည်ရေများနှင့်အတူ ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်တို့ရှိ နွေစပါးနှင့်အခြားသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်မှစတင်၍ စိုက်ပျိုးရေများပေးဝေလျက်ရှိသည်။

ယခုနှစ်စိုက်ပျိုးရာသီတွင်ဇောင်းတူဆည်ရေနှင့် မိုးယွန်းကြီးကန်တို့မှရေများဖြင့် ပဲခူးခရိုင်အတွင်း နွေစပါး ၅၉၁၁၆ ဧက စိုက်ပျိုးရန်လျာထားခဲ့ပြီး ယခုအချိန်တွင် လျာထားစိုက်ဧကအားလုံး အောင်မြင်စွာ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

(၄၁၀)

## အလေးပြုပါသည်

- ဇမ္ဗူဒီပါ၊ ပြည်မြန်မာသည်
  ရှည်ကြာပိုင်စိုး၊ သာကီမျိုးတည့်
  မြတ်နိုးလေးစား၊ ဝတ္တရားဝန်
  အားစိုက်သွန်စွ၊ ထူးချွန်ထက်မြက်
  အဘက်ဘက်က၊ ထမ်းရွက်စွန့်စား
  ပြည်ချစ်သားတို့၊ စည်ကားထွန်းသစ်
  ရွှေတစ်ခေတ်ကို
  ထုဆစ်ပုံဖော် နေလျက်ပါ။
- စစ်သမိုင်းဂုဏ်၊ ခေတ်တိုင်းလုံ့ခဲ့
  ယုံကြည်ရဲရင့်၊ ပွဲတိုင်းတင့်ခဲ့
  ရေနှင့်ရွှေကြာ၊ ဂုဏ်မြင့်သာသို့
  အနာဂတ်သစ်၊ သွန်းထုဆစ်သည်
  ပြည်ချစ်သားတို့ ဂုဏ်ဒြပ်ကျော်။
- သွေးနှင့်သစ္စာ၊ ပြည့်တွက်တာကို
  ခိုင်မာဓိဋ္ဌာန်၊ ပေးအပ်နှံလျက်
  နက်ဖြန်အတွက်၊ အဘက်ဘက်က
  တက်ကြွဆောင်ထမ်း၊ ရှေ့သို့လှမ်းသည်
  ရွှင်လန်းနေသော တပ်မတော်ပါ။
- ရတုနှစ်များ၊ ကျော်ဖြတ်သွားလျက်
  လေးစားချစ်အပ်၊ မြင့်မြတ်ထင်ပေါ်
  တပ်မတော်လျှင်၊ သမိုင်းတွင်ခဲ့
  သစ်လွင်ပြည့်မြောက်၊ (၈၁)နှစ်ရောက်ခဲ့ပြီ။
- တပ်နှင့်ပြည်သူ၊ ချစ်ကြည်ဖြူလျက်
  ပြည်သူနှင့်တပ်၊ ရင်ချင်းအပ်ပြီ
  မတ်လ ၂၇၊ ရက်မြတ်မွန်။
- တပ်မတော်နေ့၊ ဘယ်မမေ့ဘဲ
  ရှေ့သို့လှမ်းချီ၊ တို့မြန်ပြည်တွင်
  ညီနောင်ပေါင်းစပ်၊ မြတ်စိတ်ဓာတ်ဖြင့်
  ဂုဏ်ဒြပ်ထင်ပေါ်၊ တပ်မတော်သည်
  နှိုးဆော်ရွက်ထမ်း၊ သူလျှင်စွမ်း၍
  စိတ်ဝမ်းလန်းရွှင်၊ ကောင်းဂုဏ်အင်ကို
  လက်တင်အလေးပြုလိုက်ပါသတည်း။ ။

**ချမ်းမြဆောင်း(ကလော)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၃-၂၀၂၆(တနင်္ဂနွေနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၆:၄၅ ဓမ္မပူဇာတေး
၃။ ၀၆:၅၅ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၄။ ၀၉:၂၀ အမှတ်တရနေ့ရက်များ
၅။ ၁၃:၁၀ လေးစားအတုယူစံနမူသူရဲကောင်းများ
၆။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၇။ ၁၈:၃၀ ပြည်သူ့ကြားကပြည်သူ့စကား
၈။ ၁၉:၀၀ **(၈၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းကြယ်နှင့်အတူ အပိုင်း(၁၈)**
**သရုပ်ဆောင် ခန့်စည်သူ၊ ဖိုးသောကြာ၊ စိုးမြတ်နန္ဒာ**
**ဒါရိုက်တာ-အကယ်ဒမီတင်အောင်စိုး(ပန်းမြို့တော်)**

# နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဖျာပုံမြို့ အသောကာရာမကျောင်းတိုက်ဦးစီးပဓာနနာယက၊ ဘဒ္ဒန္တဉာဏိဿရာဘိဝံသ ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် မတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ အမှတ် ၇ ရပ်ကွက်၊ အသောကာရာမကျောင်းတိုက် ဦးစီးပဓာန နာယက၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဉာဏိဿရာဘိဝံသ (သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ) သက်တော် ၉၇ နှစ်၊ သိက္ခာ ၇၇ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ (၁၄-၃-၂၀၂၆)၊ စနေနေ့၊ နံနက် ၈ နာရီ မိနစ် ၅၀ အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**မြဝတီ**


### နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ အမှတ် ၇ ရပ်ကွက်၊ အသောကာရာမကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တဉာဏိဿရာ ဘိဝံသ(သာသနဓဇသိရီပဝရဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ) ၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ ဒေးဒနောကျေးရွာ၊ ခမည်းတော် ဦးပညာ + မယ်တော် ဒေါ်မယ်သာတို့က ၁၂၉၂ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၅ ခုနှစ်တွင် ကွမ်းခြံကုန်းမြို့နယ်၊ ကသစ်ကုန်းကျောင်း၊ အရိမဒ္ဒနာရာမပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသြသဓ



ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့တွင် ကသစ်ကုန်းကျောင်းတိုက် ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တသြသဓကို ဥပဇ္ဈာယ်ပြု၍ ကွမ်းခြံကုန်းမြို့၊ ဦးစိန်ကြီး + ဒေါ်အေးတင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ကွမ်းခြံကုန်းမြို့နယ်၊ ကသစ်ကုန်းကျောင်းတိုက်ဆရာတော်၊ ကျိုက်လတ်မြို့၊ ဒက္ခိဏာရုံကျောင်းတိုက်ဆရာတော်၊ မန္တလေးမြို့၊ ဘုရားကြီးတိုက်ဆရာတော် စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး "သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့၊ စေတိယင်္ဂဏဓမ္မာစရိယဘွဲ့" တို့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ကွမ်းခြံကုန်းမြို့နယ်၊ ကသစ်ကုန်းကျောင်းတိုက်၌ စာသင်သား ရဟန်း၊ သာမဏေများကို ငယ်၊ လတ်၊ ကြီးနှင့် ဓမ္မာစရိယတန်းဆိုင်ရာ စာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ အစိုးရဓမ္မာစရိယနှင့် နိကာယ်စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့(မဟာဒွါရ) ဥက္ကဋ္ဌဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ၁၃၇၁ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၇ နှစ်၊ သိက္ခာ ၇၇ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ (၁၄-၃-၂၀၂၆)၊ စနေနေ့၊ နံနက် ၈ နာရီ မိနစ် ၅၀ အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

# နေပြည်တော်အတွင်းရှိ စာစစ်ဌာနများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုအားပေး



နေပြည်တော် မတ် ၁၄

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနများ၌ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ကြည့်ရှုစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်၊ စာမေးပွဲဖြေဆိုသူနှင့် စာမေးပွဲလုပ်ငန်းများ အနှောင့်အယှက်မဖြစ်စေရေး ဂရုပြုဆောင်ရွက်ကြစေလိုကြောင်း၊ စာမေးပွဲကို စာမေးပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အောင်မြင်အောင်ကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်းနှင့် လိုအပ်သည်များကို မှာကြားသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စာစစ်ဌာန စုစုပေါင်း ၄၉ ခုတွင် ဓာတုဗေဒဘာသာရပ်ကို စာမေးပွဲဖြေဆိုရန် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၃၇၂၆ ဦး စာရင်းပေးသွင်းကြပြီး ၁၃၀၄၅ ဦး ဝင်ရောက်ဖြေဆိုရာ ၆၈၁ ဦး ပျက်ကွက်ပြီး ရာခိုင်နှုန်းအားဖြင့် ၉၅ ဒသမ ၀၄ ရာခိုင်နှုန်းရှိပြီး ပထဝီဝင်ဘာသာရပ်ကို စာစစ်ဌာန စုစုပေါင်း ၄၃ ခုတို့၌ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၁၈၈ ဦးဖြေဆိုရန်စာရင်းပေးသွင်းထားပြီး ၁၀၄၇ ဦး ဝင်ရောက် ဖြေဆိုရာ ၁၄၁ ဦးပျက်ကွက်ပြီး ရာခိုင်နှုန်းအားဖြင့် ၈၈ ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်းနှင့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် စာစစ်ဌာနသုံးခု၌စာမေးပွဲဖြေဆိုရန်ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၉၂ ဦး စာရင်းပေးသွင်းကြပြီး ၁၉၂ ဦး ဝင်ရောက်ဖြေဆိုရာ ပျက်ကွက်မရှိ ရာခိုင်နှုန်းအားဖြင့် ရာနှုန်းပြည့်ဖြစ်ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# ရန်ကုန်တိုင်းဒေသကြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ



ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့ကျင်းပသည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့တွင် ထုတ်ပြန်ထားသည့် "ထုတ်ကုန်ဘေးကင်းလုံခြုံမှုယုံကြည်စိတ်ချ စားသုံးသူဘဝ" ဟူသော ဆောင်ပုဒ်နှင့်အညီ စားသုံးသူပြည်သူများအနေဖြင့် အရည်အသွေးမြင့်မား၍ ဘေးအန္တရာယ်ကင်းရှင်းသည့် ကုန်စည်များသုံးစွဲနိုင်ရေး ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ဒုတိယဥက္ကဋ္ဌဒေါက်တာဝင်းစည်သူက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန စားသုံးသူကာကွယ်ရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု Video Clip ပြသကာ စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများက ဂုဏ်ပြုတေးသရုပ်ဖော်သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ဌာနဆိုင်ရာများ ပူးပေါင်းပြသထားသည့် စားသုံးသူအသိပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ အတွင်းရေးမှူး ဦးကျော်စွာဝင်းက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင်ဆုရရှိကြသူများကိုဆုများ ပေးအပ်ခဲ့ကြောင်းသိရသည်။

**မြဝတီ**

# မစ္စတာ အလီ မိုဟာမက် အဘူကာအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆိုမာလီယာနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ အလီ မိုဟာမက် အဘူကာအား ကွာလာလမ်ပူမြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဆိုမာလီယာနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ဆိုမာလီယာအစိုးရ၏အဆိုပြုချက်ကို သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အလီ မိုဟာမက် အဘူကာကို ၁၉၅၄ ခုနှစ်၊ ဇူလိုင်လ ၆ ရက်တွင် ဆိုမာလီယာနိုင်ငံ၊ မိုဂါဒီရှူမြို့တွင်မွေးဖွားခဲ့ပြီး ၎င်းသည် ဆိုမာလီယာနိုင်ငံရှိ ဆိုမာလီအမျိုးသားတက္ကသိုလ်မှ အင်္ဂလိပ်ဘာသာနှင့် ပြင်သစ်ဘာသာ (ဒီပလိုမာ) ကို ၁၉၈၃ ခုနှစ်တွင်လည်းကောင်း၊ ပြင်သစ်နိုင်ငံရှိ ဖရန်ချေ-ကွန်တေ တက္ကသိုလ်မှ အာရပ်ဘာသာနှင့် ပြင်သစ်ဘာသာ (ဒီပလိုမာ) ကို ၁၉၉၀ ပြည့်နှစ်တွင်လည်းကောင်း၊ ဆိုမာလီယာနိုင်ငံရှိ ဆိုမာလီယာသံတမန်သင်တန်းကျောင်းမှ သံတမန်ရေးရာမိတ်ဆက် (ဒီပလိုမာ) ကို ၂၀၂၄ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့သည်။

၎င်းသည် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဗြိတိန်နိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့တွင် ပညာရေးဆိုင်ရာအကြံပေး၊ စကားပြန်နှင့် ဘာသာပြန်တစ်ဦးအဖြစ် အလုပ်လုပ်ကိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ဘရပ်ဆဲလ်မြို့အခြေစိုက် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ ဆိုမာလီယာသံရုံးတွင် ပထမအတွင်းဝန်/ သံရုံးဒုတိယအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၂၄ ခုနှစ်မှ လက်ရှိအထိ ကွာလာလမ်ပူမြို့အခြေစိုက် မလေးရှားနိုင်ငံဆိုင်ရာ ဆိုမာလီယာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၅ ရက်။

---


◆ **ရှေ့ဖုံးမှအဆက်**


ယင်းသို့ စမ်းသပ်အသုံးပြုရာတွင် အချို့ယာဉ်များ၏ Wheel Tax Barcode များမှာ ဆေးရောင်မှိန်သည့်အတွက် Scan ဖတ်ရန်အခက်အခဲရှိခြင်း၊ Wheel Tax ၏ Barcode တွင်ပါဝင်သည့်ယာဉ်၏အချက်အလက်နှင့် စနစ်၏အချက်အလက်များအကြား ကွဲလွဲမှုအချို့တွေ့ရှိရခြင်း၊ အချို့ယာဉ်များမှာ တစ်ရက်အတွင်း ထပ်မံပြန်လည်ဝယ်ယူရန် ကြိုးစားခြင်းများကို စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယာဉ်၏အချက်အလက်များ ပိုမိုပြည့်စုံမှန်ကန်စေရေး သက်ဆိုင်ရာဌာနနှင့်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိပါသည်။

Barcode ဖတ်မရသည့် ယာဉ်များအတွက်အရောင်းဆိုင်များတွင် ယာဉ်၏အချက်အလက်များကို ဖြည့်သွင်းစေပြီး စက်သုံးဆီဝယ်ယူရန်အတွက်သာ QR Code များထုတ်ပေးခြင်းစနစ်ကို ၁၅-၃-၂၀၂၆ ရက်နေ့မှစတင်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယာဉ်ပိုင်ရှင်များအနေဖြင့်လည်း Wheel Tax Barcode ဖတ်မရသည့်ကိစ္စနှင့်ပတ်သက်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ အမြန်ဆုံးသွားရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ခရီးဝေးသွားလာသည့် ကိုယ်ပိုင်ယာဉ်များအတွက် စက်သုံးဆီဖြည့်လိုပါက Scan ထပ်မံဖတ်ရန်မလိုဘဲ ယင်းရက်အတွက် စက်သုံးဆီဝယ်ယူထားသည့်ငွေရှင်းပြေစာကိုပြသ၍ အဝေးပြေးလမ်းမကြီးများရှိ စက်သုံးဆီအရောင်းဆိုင်များနှင့် အခြားခရီးဝေး(မိုင် ၁၀၀ အထက်) မြို့များရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ထပ်မံဝယ်ယူနိုင်မည်ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် နိုင်ငံတကာစက်သုံးဆီဈေးနှုန်းသည် နေ့စဉ်နှင့်အမျှ လျင်မြန်စွာ မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ရေနံအကျပ်အတည်းမဖြစ်မီ နိုင်ငံတကာစက်သုံးဆီဈေးနှုန်းနှင့် ၁၃-၃-၂၀၂၆ ရက်နေ့တွင်ဖြစ်ပေါ်ခဲ့သည့် စက်သုံးဆီဈေးနှုန်းများနှိုင်းယှဉ်ရာတွင် ဓာတ်ဆီအုပ်စုတွင် ၇၀ ရာခိုင်နှုန်းကျော်နှင့် ဒီဇယ်အုပ်စုတွင် ၁၀၀ ရာခိုင်နှုန်းကျော်မြင့်တက်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ နိုင်ငံတကာဈေးနှုန်းသိသာစွာမြင့်တက်လာသော်လည်း နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်ပြီး စက်သုံးဆီဈေးနှုန်းတည်ငြိမ်ရေးဆောင်ရွက်လျက်ရှိရာ အကျပ်အတည်းမဖြစ်မီဈေးနှုန်းနှင့် ၁၃-၃-၂၀၂၆ ရက်နေ့တွင်ထုတ်ပြန်ခဲ့သည့် ဈေးနှုန်းများမှာ ဓာတ်ဆီအုပ်စုတွင် ၁၂ ရာခိုင်နှုန်းနှင့် ဒီဇယ်အုပ်စုတွင် ၂၃ ရာခိုင်နှုန်းသာ မြင့်တက်သည်ကိုတွေ့ရှိရမည်ဖြစ်ပါသည်။




နိုင်ငံတော်အတွင်း စက်သုံးဆီသိုလှောင်ထားမှုအနေဖြင့် ဓာတ်ဆီအုပ်စုတွင် ရက် ၄၀၊ ဒီဇယ်အုပ်စုတွင် ရက် ၅၀အတွက် သိုလှောင်ထားရှိပြီး သီလဝါတွင် ဆီချရန် ရောက်ရှိနေသည့် ဆီတင်သင်္ဘော ၃ စင်း၊ Pilot တွင်ရောက်ရှိနေသည့် ဆီတင်သင်္ဘော ၂ စင်း၊ လမ်းခရီးတွင်ရောက်ရှိနေသည့် ဆီတင်သင်္ဘော ၃ စင်း၊ ဆီတင်ရန်စောင့်ဆိုင်းနေသည့်ဆီတင်သင်္ဘော ၁၂ စင်း စုစုပေါင်း ဆီတင်သင်္ဘောအစင်း ၂၀ ရှိပါသည်။ ထို့ပြင် မတ်လအတွင်း စက်သုံးဆီသင်္ဘော ၁၉ စင်း ထပ်မံတင်သွင်းရန်လည်း စီမံထားရှိပြီးဖြစ်ပါသည်။ ပြည်သူလူထုအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်တွင် စက်သုံးဆီသိုလှောင်ထားမှုပမာဏ ထပ်မံမြင့်တက်လာမည်ဖြစ်ပါသည်။ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီများကို ပြည်သူများအားလုံး ညီတူညီမျှ လုံလောက်စွာသုံးစွဲနိုင်ရေးအတွက် အစဉ်တစိုက် စီမံဆောင်ရွက်လျက်ရှိပါသဖြင့် ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံသတင်းထုတ်ပြန်အပ်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**

---

# အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် မတ် ၁၄

ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်အပါအဝင် မြို့နယ် ၈ မြို့နယ်၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ၌ ကျောင်းဝင်းအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့နှင့် ဟိုပုံးမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ ဆေးရုံများနှင့် လမ်းများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။



ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက သန့်ရှင်းရေးဆောင်ရွက်စဉ်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တပ်နယ်အသီးသီးတို့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# နေပြည်တော်၌ မြန်မာ့မျက်နှာစာသစ်ဖိုရမ် အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် မတ် ၁၄

"မြန်မာ့မျက်နှာစာသစ်ဖိုရမ်" (ယုံကြည်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု) "FORUM ON THE DAWN OF A NEW STATE"(Trust, Stability & Development) ဒုတိယနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC-1)၌ ကျင်းပသည်။



ဆွေးနွေးပွဲ ပထမပိုင်းအဖြစ် **မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ(၂) ခေါင်းစဉ်ဖြင့်** ဆွေးနွေးကြရာ သဘာပတိအဖြစ် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒေါက်တာနိုင်ဆွေဦးက ဆောင်ရွက်ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်၊ SMART Group of Companies ဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်တို့က ပါဝင်ဆွေးနွေးကြသည်။

သဘာပတိ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒေါက်တာနိုင်ဆွေဦးက လယ်ယာသားငါး၊ ရေနံထုတ်လုပ်မှုနှင့် ပို့ကုန်မြှင့်တင်ရေးဆိုင်ရာများ၊ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အလုပ်အကိုင်နှင့် အားလုံးပါဝင်သောဖွံ့ဖြိုးတိုးတက်မှု၊ အခြေခံအဆောက်အဦ၊ စွမ်းအင်နှင့် Public-Private Partnership (PPP) ကဏ္ဍတို့နှင့်စပ်လျဉ်း၍ အကျဉ်းချုပ် ဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က စိုက်ပျိုးရေး မွေးမြူရေးနှင့် ရေလုပ်ငန်းဆက်စပ်တည်ရှိနေမှု၊ အစားအစာ လုံခြုံမှု၊ ဖူလုံမှုအတွက် သာမက စားဝတ်နေရေး၊ အသက်မွေးဝမ်းကျောင်းအတွက် အထောက်အကူပြုရေး၊ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး၊ အလုပ်အကိုင်များဖန်တီးပေးရေး၊ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးရေးကိုထိရောက်စွာ မြှင့်တင်ပေးနိုင်ရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း ကွင်းဆက်တစ်ခုလုံးဖွံ့ဖြိုးရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ အထွက်နှုန်းနှင့် ဈေးနှုန်း၊ ထုတ်လုပ်မှုနှင့် စားသုံးသူနှစ်ဖက်သင့်တင့်သည့် မျှခြေဖန်တီးရေး၊ စက်မှုလယ်ယာစနစ်ကူးပြောင်းမှုလွယ်ကူလျင်မြန်ရေး၊ တောင်သူများအတွက် စိုက်ပျိုးမွေးမြူရေးအာမခံစနစ်၊ သီးနှံများဈေးကွက်တည်ငြိမ်ရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာရေးအစီအမံများ၊ စိုက်ပျိုးရေးကဏ္ဍအတွက် မြေအသုံးချခွင့်နှင့် ရေရရှိရေးဆိုင်ရာ အကြံပြုချက်များ၊ မွေးမြူရေးကဏ္ဍအတွက် မြေအသုံးချခွင့်၊ အစာကုန်ကြမ်းနှင့် ဆေးကုန်ကြမ်းလိုအပ်မှု၊ မြန်မာနိုင်ငံ၏ လယ်ယာပို့ကုန်အခြေအနေ၊ Value Added ထုတ်ကုန်များအဖြစ် တင်ပို့နိုင်ရေး၊ စားသုံးဆီ ပိုမိုထုတ်လုပ်နိုင်ရေး၊ လယ်ယာသားငါးကဏ္ဍတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအကြံပြုချက်များ၊ ပို့ကုန်အာမခံစနစ်၊ သိုလှောင်ရုံ ကုန်အပ်လက်မှတ်ကို အခြေခံသည့် ငွေကြေးထောက်ပံ့မှုဆိုင်ရာ အကြံပြုချက်များ၊ စိုက်ပျိုးတောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ တွေ့ကြုံနိုင်သည့်အခက်အခဲများ၊ လယ်ယာကဏ္ဍတွင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ စီမံခန့်ခွဲမှု တိုးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။




ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အတွင်းရေးမှူးချုပ်ဒေါ်ခိုင်ခိုင်နွယ်က နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးမဏ္ဍိုင်များအပေါ်အခြေခံ၍ ယုံကြည်မှု တည်ဆောက်ရေး၊ တည်ငြိမ်သောအုပ်ချုပ်မှုစနစ် ခိုင်မာရေး၊ နိုင်ငံတော်၏ MSME အခန်းကဏ္ဍမှ အလုပ်အကိုင်အခွင့်အလမ်း ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းခန့်ကို ဖန်တီးပေးထားနိုင်မှု၊ SME ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ မူဝါဒ၊ နည်းဥပဒေပါ ရည်ရွယ်ချက်များ၊ ဥပဒေဆိုင်ရာ အကာအကွယ်ပေးရေး၊ ပံ့ပိုးပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ အခွန်မူဝါဒနှင့် ပံ့ပိုးမှု မက်လုံးများ၊ ချေးငွေအပါအဝင် ငွေကြေးအရင်းအနှီးပံ့ပိုးမှု၊ MSME ဖွံ့ဖြိုးရေးအတွက် လူငယ်နှင့်အမျိုးသမီးများ၏ အခန်းကဏ္ဍ၊ Social Protection ဆိုင်ရာ အထောက်အပံ့များရရှိရေး၊ တရားမဝင်စီးပွားရေးလုပ်ငန်း(Illegal Business)နှင့် အလွတ်သဘော စီးပွားရေးလုပ်ငန်း(Informal Business) ကွဲပြားမှု၊ Independent Body for MSME အဖွဲ့ ဖွဲ့စည်း၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အနာဂတ်လမ်းပြမြေပုံတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ဆက်လက်၍ SMART Group of Companies ဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်က မြန်မာနိုင်ငံ အခြေခံအဆောက်အဦလိုအပ်ချက်များ၊ လျှပ်စစ်ဓာတ်အား၊ ရထားလမ်းများ ဆိပ်ကမ်းများဖွံ့ဖြိုးမှုတွင် အကန့်အသတ်ရှိနေခြင်း၊ သယ်ယူပို့ဆောင်ရေးစရိတ်ကြီးမြင့်မှု၊ လျင်မြန်စွာဖွံ့ဖြိုးနေသော မြို့များအတွက် ခေတ်မီအခြေခံအဆောက်အဦများ လိုအပ်နေမှု၊ Intangible Infrastructure ဖွံ့ဖြိုးရေး၊ နိုင်ငံလုံခြုံရေးနှင့် စွမ်းအင်ဆက်စပ်မှု၊ မြန်မာနိုင်ငံ၏ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့်ပြည့်ဖြိုးမြဲ စွမ်းအင်စီမံကိန်းများ၊ နိုင်ငံတွင်းလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအခြေအနေ၊ Digital Prepaid Meter စနစ် အကောင်အထည်ဖော်ရေး၊ Public–Private Partnership (PPP) ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေး၊ နိုင်ငံရှိအကြီးစားစီမံကိန်းများကို ပြန်လည်စိစစ်သုံးသပ်ခြင်း၊ PPP အားကောင်းခိုင်မာရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ထိုသို့ ဆွေးနွေးမှုများအပေါ် နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအရေး စိတ်ပါဝင်စားကြသူများနှင့် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဆွေးနွေးကြသူများက အသေးစိတ်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဆွေးနွေးပွဲ ဒုတိယပိုင်းအဖြစ် **မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ(၃) ခေါင်းစဉ်ဖြင့်** ဆွေးနွေးရာ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဦးညီညီအုန်းမြင့်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး မြန်မာနိုင်ငံဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ဇေယျာလွင်၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဇော်၊ ဇနကပညာရေး ဖောင်ဒေးရှင်းအထွေထွေအတွင်းရေးမှူး ဒေါက်တာဇော်နိုင်တို့က ပါဝင်ဆွေးနွေးကြသည်။

သဘာပတိ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဦးညီညီအုန်းမြင့်က ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ မူဝါဒ၊ ပထဝီစီးပွားရေးနှင့် ဒေသတွင်း ပေါင်းစည်းရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ ထုတ်လုပ်မှုနှင့် အလုပ်သမားပြုပြင်ပြောင်းလဲရေးတို့နှင့်စပ်လျဉ်း၍ အကျဉ်းချုပ် ဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ဇေယျာလွင်က ဒစ်ဂျစ်တယ်စီးပွားရေးအသွင်ကူးပြောင်းမှု၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရာတွင် ထုတ်လုပ်မှု၊ ယှဉ်ပြိုင်မှု စွမ်းအားမြှင့်တင်ရန် လိုအပ်မှု၊ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှု ရည်မှန်းချက်၊ ဒစ်ဂျစ်တယ်စနစ်က ကဏ္ဍအားလုံးအပေါ် အထောက်အပံ့ပြုနေမှု၊ MSME လုပ်ငန်းများလိုအပ်နေသည့် Digital Marketing၊ AI နည်းပညာ ဖွံ့ဖြိုးလာမှု၊ AI တိုးတက်မှုအရှိန်အဟုန်ကြောင့် ပျောက်ကွယ်သွားနိုင်သည့် လုပ်ငန်းများနှင့် ပို၍တိုးတက်လာနိုင်သည့် လုပ်ငန်းများ၊ နည်းပညာတိုးတက်မှုနှုန်းမြင့်မားလာသည့်အတွက် လူသားအရင်းအမြစ်အတွက် မျှော်မှန်းလုပ်ဆောင်ထားရမည့် ကိစ္စရပ်များ၊ ဒစ်ဂျစ်တယ်ငွေကြေးစီးဆင်းမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဇော်က ပထဝီစီးပွားရေးအရ ပြောင်းလဲလာသည့် ကမ္ဘာ့နိုင်ငံရေးအခြေအနေ၊ ပထဝီစီးပွားရေး အခွင့်အလမ်းများကို ဖန်တီးဖော်ဆောင်သောကမ္ဘာ့နိုင်ငံများ၊ အမေရိကန်ကမ္ဘာအဖြစ် ဖော်ဆောင်ခဲ့မှု၊ ဖွံ့ဖြိုးမှုမူဝါဒများကို ပြောင်းလဲဖော်ဆောင်လာသည့် အာဆီယံနိုင်ငံများ၊ အာဆီယံဒေသတွင်း ဖြစ်ပေါ်လာသည့် ဖွံ့ဖြိုးမှုကွာဟချက်၊ ထုတ်လုပ်မှုစွမ်းအားနှင့် ကုန်သွယ်ရေးအခြေအနေ၊ မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းချမှုများ အပါအဝင် တရားမဝင်စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှု၊ ကုန်ထုတ်စွမ်းအားလိုအပ်ချက်၊ ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာများဖော်ဆောင်ခြင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်များစုပေါင်း၍ ဖွံ့ဖြိုးမှုကိုဖော်ဆောင်ခြင်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် ဇနကပညာရေးဖောင်ဒေးရှင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာဇော်နိုင်က မြန်မာနိုင်ငံ၏လူဦးရေ ပိရမစ်နှင့်လူဦးရေဆုလာဘ်၊ ပညာတတ်မြောက်မှုရာခိုင်နှုန်း၊ ကျောင်းတက်မှုရာခိုင်နှုန်း၊ လူသားအရင်းအမြစ်များ ပြည်ပသို့ စီးထွက်ခြင်း၊ မြန်မာနိုင်ငံကရရှိမည့် လူဦးရေဆုလာဘ်ကို ထိုင်းနိုင်ငံက ခံစားခြင်း၊ ရွှေ့ပြောင်းနေထိုင်သူများ၏ ပညာရေး၊ Gary Becker ၏ လူသားအရင်းအမြစ်သီအိုရီ၊ လူသားအရင်းအမြစ်များမှရရှိသည့် အကျိုးကျေးဇူး၊ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ ပညာရေးနှင့် နိုင်ငံ့လူသားအရင်းအမြစ်အပေါ် ရင်းနှီးမြှုပ်နှံမှုမူဝါဒ၊ နည်းပညာနှင့် သက်မွေးပညာရေး၊ မြန်မာနိုင်ငံ၏ လက်ရှိ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုများကို အားပေးဆောင်ရွက်ခြင်း၊ နည်းပညာအကူအညီဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုကို ဖော်ဆောင်ခြင်း၊ ပညာသင်ယူခွင့် အခွင့်အလမ်းများကို နည်းလမ်းမျိုးစုံဖြင့် ဖန်တီးပေးခြင်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ထိုသို့ဆွေးနွေးမှုများအပေါ် နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအရေး စိတ်ပါဝင်စားကြသူများနှင့် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဆွေးနွေးကြသူများက အသေးစိတ်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုက အနှစ်ချုပ်သုံးသပ် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဖိုရမ်နှစ်ရက်တာကာလအတွင်း ပါဝင်ဆွေးနွေးခဲ့ကြသည့် ပညာရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ပညာရှင်များ၏ ဆွေးနွေးချက်များသည် စိတ်ဝင်စားဖွယ်ကောင်းပြီး နိုင်ငံအတွက် အရေးကြီးပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအား လက်တွေ့လုပ်ဆောင်စေလိုသည့်အချက်များကို ထောက်ပြဆွေးနွေးလိုပါကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်၊ နိုင်ငံဖွံ့ဖြိုးမှုအတွက် လုပ်ဆောင်ရမည့်အချက်များ၊ မည်သည့်အရာများကို ဦးစားပေးဆောင်ရွက်သင့်သည်ကို သိရှိကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်က ပြည်သူများအတွက် ဆောင်ရွက်ပေးမှုများနှင့် ပြည်သူများ၏ လိုလားချက်များကို ယနေ့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များက ပေါင်းကူးဆက်သွယ်ပေးပြီး ပိုမိုကောင်းမွန်အောင် ဖန်တီးပေးကြစေလိုပါကြောင်း ပြောကြားသည်။

မြဝတီ

# (၃၂) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးနှင့် ဆက်စပ်အစီအစဉ်များသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် တက်ရောက်




နေပြည်တော် မတ် ၁၄

ဖိလစ်ပိုင်နိုင်ငံ တာဂွစ်မြို့၌ မတ်လ ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် (၃၂) ကြိမ်မြောက်အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး (Thirty-Second ASEAN Economic Ministers' Retreat – 32nd AEM Retreat) နှင့်ဆက်စပ်အစီအစဉ်များသို့ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးဝန်ကြီး ဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

(၃၂) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး ပထမပိုင်းတွင် အာဆီယံစီးပွားရေးအကြံပေးကောင်စီ (ASEAN Business Advisory Council – ASEAN-BAC)က ၂၀၂၆ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့်စီမံကိန်းများနှင့်လုပ်ငန်းစဉ်များတင်ပြခြင်း၊ အာဆီယံနှင့် အရှေ့အာရှစီးပွားရေးသုတေသနဌာန (Economic Research Institute for ASEAN and East Asia – ERIA) က အာဆီယံ၏ စီးပွားရေးခံနိုင်ရည်ရှိမှုကို မြှင့်တင်ပေးမည့် စက်မှုဆိုင်ရာမူဝါဒမူဘောင်ရေးဆွဲပေးမည့်ကိစ္စအား အဆိုပြုတင်ပြခြင်း၊ အာဆီယံနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank– ADB) တို့အကြား မိတ်ဖက်ဆက်ဆံရေးတိုးမြှင့်ရန် အဆိုပြုအစီအစဉ်များအပေါ် စီးပွားရေးဝန်ကြီးများက ပုဂ္ဂလိကအခန်းကဏ္ဍ ခိုင်မာအားကောင်းစေရေးနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ အကြံပြုချက်ဆွေးနွေးကြပြီး ဆွေးနွေးတင်ပြချက်များအား အစည်းအဝေးက မှတ်တမ်းတင်ခဲ့သည်။

ထို့နောက် အစည်းအဝေးဒုတိယပိုင်း ဆက်လက်ကျင်းပရာ စီးပွားရေးဝန်ကြီးများက ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးသုံးသပ်ချက်များ၊ အာဆီယံအဆင့်မြင့်အစည်းအဝေးတို့မှ ထွက်ပေါ်လာသည့် ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ အာဆီယံပထဝီစီးပွားရေး လုပ်ငန်းအဖွဲ့ (ASEAN Geoeconomic Task Force – AGTF) နှင့် အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (High-Level Task Force on ASEAN Economic Integration – HLTF-EI) တို့မှတင်ပြသည့် အကြံပြုချက်များ၊ ရေရှည်တည်တံ့မှု (Sustainability) ဆိုင်ရာ ကနဦးလုပ်ငန်းစဉ်များနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်မှုအခြေအနေများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် စီးပွားရေးဝန်ကြီးများက ၂၀၂၆ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌနိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံကဆောင်ရွက်မည့် ဦးစားပေးစီးပွားရေးလုပ်ငန်းစဉ်များအနက် အာဆီယံစီးပွားရေးဝန်ကြီးများ ကြီးကြပ်မှုအောက်ရှိသဘောတရားစာတမ်း (Concept Paper) များကို အတည်ပြုခဲ့ကြသည်။

ထို့ပြင် စီးပွားရေးဝန်ကြီးများက အာဆီယံဒစ်ဂျစ်တယ် စီးပွားရေးမူဘောင်သဘောတူစာချုပ် (ASEAN Digital Economy Framework Agreement – DEFA) ကို ၂၀၂၆ ခုနှစ်အတွင်း လက်မှတ်ရေးထိုးနိုင်ရေးနှင့်စပ်လျဉ်း၍ လိုအပ်သည့် လမ်းညွှန်ချက်များပေးခဲ့ပြီး အာဆီယံ ပြင်ပမိတ်ဖက်နိုင်ငံများဖြစ်သည့်ကနေဒါ၊ကိုရီးယား၊ အိန္ဒိယတို့နှင့်လွတ်လပ်သောကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှုအခြေအနေများ၊ အီးယူ၊အာရပ်ပင်လယ်ကွေ့နိုင်ငံများ၊ ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှုဘက်စုံ တိုးတက်ရေး သဘောတူစာချုပ်ဝင်နိုင်ငံများနှင့် အဖွဲ့အစည်းများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးကိစ္စများအပေါ် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက လက်ရှိကာလတွင် ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးဆိုင်ရာ မသေချာမှုများ မြင့်တက်နေသည့်အတွက် စီးပွားရေးလုံခြုံမှုသည် အရေးကြီးကြောင်း၊ ဒေသတွင်းတန်ဖိုးကွင်းဆက် ကြံ့ကြံ့ခံနိုင်ရေး၊ စီးပွားရေးတိုးတက်မှုတည်ငြိမ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းစေရေးအတွက် စီးပွားရေးလုံခြုံမှုသည် မရှိမဖြစ်လိုအပ်ကြောင်း၊ လက်ရှိဖြစ်ပွားနေသည့် အရှေ့အလယ်ပိုင်းပဋိပက္ခသည် ဒေသတွင်းစွမ်းအင်လုံခြုံမှုအပေါ် စိန်ခေါ်မှုဖြစ်စေသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့ပြင် စွမ်းအင်နှင့်သယ်ယူပို့ဆောင်မှုစရိတ်မြင့်တက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကုန်စျေးနှုန်းကြီးမြင့်မှု၊ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်ပြတ်တောက်မှု၊ စားရေရိက္ခာလုံခြုံမှုအတွက်လည်း ဒေသတွင်းပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စီးပွားရေးအပေါ် ရိုက်ခတ်လျက်ရှိသည့် လက်ရှိကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် အာဆီယံ၏အချက်အချာကျမှုကို ဗဟိုပြု၍ မည်သည့်အဖွဲ့ဝင်နိုင်ငံမှ နောက်ကျကျန်ရစ်နေမှုမရှိစေဘဲ ဒေသတွင်းနိုင်ငံများအကြား စည်းလုံးညီညွတ်မှုအားကောင်းစေရေးကို တွန်းအားပေး ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းခိုင်မာစေရန်လည်း လိုအပ်ကြောင်း အလေးထားဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ ခုနှစ် ဖိလစ်ပိုင်နိုင်ငံအာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းစဉ်များ (Priority Economic Deliverables– PEDs) အချိန်မီ အကောင်အထည်ဖော်ပြီးစီးရေးအတွက် အခြားအာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာဆီယံ အပေါင်းတစ် လွတ်လပ်သောကုန်သွယ်မှုဒေသများညှိနှိုင်းရာတွင် နှစ်ဦးနှစ်ဖက် အကျိုးရှိသည့်ရလဒ်များ ထွက်ပေါ်လာစေရေးအတွက်ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။

(၃၂) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးကာလအတွင်း မကြာမီက ဖြစ်ပွားခဲ့သော ကမ္ဘာ့စီးပွားရေးနှင့် ပထဝီစီးပွားရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများကို တုံ့ပြန်ရန်အာဆီယံ စီးပွားရေးကြံ့ကြံ့ခံနိုင်စွမ်းခိုင်မာစေရေး ဆိုင်ရာ အာဆီယံစီးပွားရေးဝန်ကြီးများ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

အစည်းအဝေးသို့ တက်ရောက်နေစဉ်ကာလအတွင်း ပြည်ထောင်စုဝန်ကြီးသည် အာဆီယံ အစိမ်းရောင်စီးပွားရေးကူးပြောင်းမှုနှင့်စပ်လျဉ်းပြီး ကမ္ဘာ့ဖွံ့ဖြိုးရေးဘဏ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား ပူးတွဲအစီရင်ခံစာထုတ်ပြန်သည့် အခမ်းအနားသို့ တက်ရောက်ပြီး မနီလာမြို့ရှိ ဖိလစ်ပိုင်နိုင်ငံ၏ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွာရေးလုပ်ငန်းများ ထုတ်ကုန်များကို ခင်းကျင်းပြသသည့် Likhang Filipino ပြခန်းသို့ သွားရောက်လေ့လာခဲ့ပြီး မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား စီးပွားဆက်သွယ်မှုမြှင့်တင်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ပြီး အာဆီယံစီးပွားရေး ဝန်ကြီးများအား တည်ခင်းဧည့်ခံသည့်ညစာစားပွဲသို့ တက်ရောက်သည်။

(၃၂) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးတွင် ဖိလစ်ပိုင်နိုင်ငံ၊ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးဖြစ်သူ H.E Ma Christina A. Roque က အစည်းအဝေးသဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒနှင့်ပထဝီဝင်ဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကြည့်ရှုအားပေး

ရန်ကုန် မတ် ၁၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းပညာရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲစတုတ္ထနေ့ ဓာတုဗေဒနှင့် ပထဝီဝင်ဘာသာရပ်ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။




ကြည့်ရှုစဉ် တာဝန်ကျစာမေးပွဲကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူး ဆရာ၊ ဆရာမများက စာဖြေသူများလိုက်နာရန် စာမေးပွဲစည်းမျဉ်းစည်းကမ်းများကို ဖတ်ကြားရှင်းပြခြင်း၊ ခုံအမှတ်မှန်ကန်မှုစစ်ဆေးခြင်း၊ မေးခွန်းစာမျက်နှာစုံလင်မှုစစ်ဆေးခြင်း၊ တာဝန်ကျစာမေးပွဲကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူး ဆရာ၊ ဆရာမများ စာမေးပွဲစည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျ ဆောင်ရွက်နေမှုများနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ မင်္ဂလာဒုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းဝင်းအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စာစစ်ဌာန စုစုပေါင်း ၁၀၇ ခု၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၉၂၅၆ ဦး စာရင်းပေးသွင်းကြကာ စတုတ္ထနေ့ ဓာတုဗေဒဘာသာရပ်ကို ၄၅၄၇၉ ဦး၊ ပထဝီဝင်ဘာသာရပ်ကို ၁၂၅၃ ဦး ဝင်ရောက်ဖြေဆိုကြပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင် စာမေးပွဲတွင် စာစစ်ဌာန စုစုပေါင်းလေးခု၌ ဖြေဆိုရန် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၀၂ ဦး စာရင်းပေးသွင်းကြပြီး စက်မှုအတတ်ပညာ(ပေါင်းစပ်သိပ္ပံ)၊ စိုက်ပျိုးရေးအတတ်ပညာ (သီးနှံထုတ်လုပ်ရေး (၃)) ဘာသာရပ်ကို ၃၃၄ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# 86 foreigners who illegally entered Myanmar through border captured in buildings and houses near Maehtawthalay Village, Myawady Township

NAY PYI TAW March 14

The Myanmar government has been energetically launching anti-online scam and gambling operations to completely prevent the illegal business from taking foothold in the country, acting in cooperation and coordination with the governments of neighbouring countries, in addition to domestic forces. Departmental combined teams in regions and states are also deterring anti-online scam and gambling businesses and illegal foreigners from entering Myanmar through detailed supervision in conducting checks and searches.

Acting on a tip that illegal foreigners were secretly residing at a place 1,500 meters east of Maehtawthalay Village, Myawady Township, Kayin State, combined teams comprising security forces, administrative bodies and departmental officials, surveyed the place and found and arrested 43 illegal male Chinese citizens, one illegal male Philippine citizen, and one illegal female Thai citizen, totalling 45, who were hiding in the buildings and houses 2,500 meters southeast of Maehtawthalay Village, Myawady Township at about 4pm on 14 March; 26 illegal male Chinese citizens and one illegal female Chinese citizen, totalling 27, who were hiding in the buildings and houses 2,800 meters southeast of Maehtawthalay Village; 10 illegal male Chinese citizens, one illegal male Malaysian citizen, one illegal female Philippine citizen, one illegal female Thai citizen, and one illegal female Vietnamese citizen, totalling 14, who were hiding in the buildings and houses 2,700 meters southeast of Maehtawthalay Village.

The illegal cross-border migrants, 79 male and one female Chinese citizens, two female Thai citizens, one male and one female Philippine citizens, one male Malaysian citizen, and one female Vietnamese citizen, totalling 86 illegal foreigners were detained in Myawady, and the departmental combined teams were collecting and recording their necessary personal information and data.




Photo shows 86 foreigners who illegally entered Myanmar through border and were captured in buildings and houses near Maehtawthalay Village, Myawady Township.

Photo shows the foreigners who illegally entered Myanmar through border and were captured in buildings and houses near Maehtawthalay Village, Myawady Township.



Chinese citizens.




Chinese citizens.

Photo shows the foreigners who illegally entered Myanmar through border and were captured in buildings and houses near Maehtawthalay Village, Myawady Township.



A Vietnamese citizen.



A Philippine citizen.

# More than 20,000 acres of pigeon pea harvested in Budalin Township



BUDALIN March 14

Local farmers have harvested 20,540 acres of pigeon pea planted in monsoon season in Budalin Township of Sagaing Region, according to the statistics of the Township Agriculture Department.

In Budalin Township, up to 34,533 acres of pigeon pea were cultivated during the monsoon crop season. Harvesting of the pigeon pea fields began in December 2025, and as of today, 20,540 acres have been harvested, with an average yield of 17.43 baskets per acre.

"In Budalin Township, pigeon pea has been cultivated on as many as 34,533 acres. Harvesting of these fields is currently under way, and to date, 20,540 acres have already been harvested. Pigeon pea cultivation has exceeded the initially targeted acreage, and measures have been taken to ensure good yields. Farmers grow pigeon pea both as a sole crop and under intercropping systems," said U Phyo Wai, Head of the Budalin Township Department of Agriculture.

In Budalin Township, the Department of Agriculture is providing field-level extension services to pigeon pea farmers, including guidance on selecting quality and pure seeds, applying proper cultivation methods, preventing pest infestations, and improving crop yields.

The Township Department of Agriculture is also disseminating techniques that combine the use of urea and potash to help pigeon pea farmers reduce the cost of purchasing foliar fertilizers. The combined use of urea and potash is reported to lower cultivation costs, reduce pest incidence, and promote healthy crop growth. **SK**

# Farmers expand cultivation of vegetables in Kanbalu Township

KANBALU March 14

Local farmers could expand sown acreage of vegetables on the croplands in Kanbalu Township of Sagaing Region this year, according to the Township Agriculture Department.

During the 2025-2026 winter crop season, Kanbalu Township authorities earmarked to cultivate 7,426 acres of vegetable crops. Planting began in October 2025, and to date, 7,515 acres have been planted, exceeding the original target.

"In Kanbalu Township, 7,426 acres were initially earmarked for vegetable cultivation, but planting has now reached 7,515 acres, surpassing the target. The main crops include mustard greens, chilies, culinary herbs and spices, potatoes, cabbage, eggplant, and cauliflower. Farmers have been provided with technical guidance to ensure that all vegetables are cultivated using the Good Agricultural Practices (GAP) system. We have also given technical support so that vegetables are grown in a health-conscious manner with minimal chemical residues," said U Myo Zaw, Head of the Kanbalu Township Department of Agriculture.

In Kanbalu Township, the Department of Agriculture has supported vegetable farmers by providing technical training on GAP cultivation methods, guidance to ensure that vegetables produced from farms meet health and safety standards, and assistance to encourage the expansion of vegetable cultivation.

Kanbalu Township annually cultivates a wide range of seasonal vegetables. These crops are reported to be growing successfully and contributing to household incomes. The Township Department of Agriculture has also been providing awareness and technical guidance to prospective vegetable growers on correct cultivation methods, pest prevention, and the production and use of natural fertilizers, natural pesticides, and bio-pesticies. **SMK**

# Farmers grow more than 1,000 acres of sweet corns in Kawlin District



KAWLIN March 14

The Agriculture Department of Kawlin District in Sagaing Region stated that local farmers grew more than 1,000 acres of sweet corns as cold season crops in Kawlin District this year.

During the 2025-2026 winter crop season, a total of 2,120 acres of sweet corn have been earmarked for cultivation in Kawlin District. Planting began in October 2025, and as of now, 382 acres have been planted in Kawlin Township, 1,024 acres in Wuntho Township, and 8 acres in Pinlebu Township, bringing the total planted area to 1,414 acres, according to reports.

"We have planned to cultivate more than 2,000 acres of sweet corn during the winter crop season in Kawlin District. To date, more than 1,000 acres have already been planted. We are also working to ensure that the full targeted acreage is achieved. To ensure successful crop development, we are providing technical guidance and raising awareness to prevent pest and disease infestations," said U Win Thein, Head of the Kawlin District Department of Agriculture.

For the 2025–2026 winter season, township-level targets for sweet corn cultivation in Kawlin District are set at 378 acres in Kawlin Township and 1,742 acres in Wuntho Township, totalling 2,120 acres.

Sweet corn farmers in Kawlin District are being supported by the respective township offices of the Department of Agriculture through training programmes, field demonstrations, advance prevention measures against fall armyworm, and the promotion of integrated crop protection systems, including the use of neem-based pesticides as well as ginger- and chili-based pest control methods, along with other agricultural extension services.

In Kawlin District, sweet corn yields are reported at around 15,000 ears per acre, while the cultivation cost per acre exceeds Ks-500,000. **SK**

# Ridge gourd trading booming at domestic market in Danubyu Township

DANUBYU March 14

Ridge gourds are being traded with high demand at the domestic market in Danubyu Township of Ayeyawady Region, said Daw Swe Swe, the owner of green grocery trading in Danubyu Township.

In Danubyu Township, locally produced ridge gourds are being actively traded at the wholesale vegetable market from the second week of January 2026 to the present, according to reports. At present, daily purchasing volumes have increased to between 45,000 and 60,000 gourds, with trading activity remaining strong. Prices are currently reported at up to Ks-27,500 per 100 gourds.

"Ridge gourds produced in this area are seeing strong demand from other townships," said Daw Swe Swe, a vegetable trader from Danubyu Township. "At present, daily trading volumes have reached as many as 60,000 gourds. These ridge gourds are locally grown in Danubyu Township and mainly supplied to the Yangon market. The ridge gourds currently trading well are of good quality. ," she said.

It is also reported that Danubyu Township is currently in the peak season for locally produced seasonal vegetables, including ridge gourds. As demand and sales of ridge gourds continue to rise, preparations are underway to expand cultivation. As only locally produced crops are being traded, transportation costs are lower, and only fresh produce is sold, resulting in mutual benefits for producers and traders. **SMK**

# Oil tanker attacked off Russian coast




ATHENS March 14

A Greek-flagged oil tanker was attacked by a "missile or a drone" off the Russian Black Sea coast, authorities in Athens have stated. Numerous ships carrying Russian oil and liquefied natural gas (LNG) have been targeted by suspected Ukrainian drones in recent months.

Kiev has singled out Russian oil and gas infrastructure in the Black Sea and beyond as a priority target.

On Saturday, Greek Minister of Maritime Affairs Vassilis Kikilias revealed that the Maran Homer with 24 sailors on board had been struck not far from the Russian port of Novorossiysk earlier in the day.

He relayed that the crew included ten Greeks, 13 Filipinos and a Romanian, none of whom suffered injuries in the incident, as quoted by Greek media. According to the ministry, the oil tanker had left the port of Thessaloniki before it was hit by a "missile or a drone (UAV)" 14 nautical miles off the Russian coast.

Maran Tankers Management Inc, which owns the vessel, said that the Maran Homer was expecting to "enter the Caspian Pipeline Consortium (CPC) Terminal… where it would receive a cargo of Kazakh crude oil." The attack only caused "minor material damage to the deck and deck equipment."

Maritime Affairs Minister Kikilias described as "unacceptable" attacks on Greek-flagged and Greek-owned civilian ships, vowing to lodge a protest "at the level of the European Council."

Last week, the Russia-flagged Arctic Metagaz LNG tanker was struck by Ukrainian unmanned boats in the central Mediterranean off the coast of Malta.

All 30 Russian crew members were rescued by Russian and Maltese emergency services.

Russian President Vladimir Putin characterized the incident as a "terrorist attack."

In January, the Malta-flagged Matilda oil tanker was targeted by Ukrainian drones in the Black Sea, the Kazakh state-owned oil company Kaz-Munay Gas (KMG) reported. The ship had been commissioned to pick up cargo at the Russian port of Novorossiysk as part of the operations of the international Caspian Pipeline Consortium (CPC).

Last November, Ukrainian naval drones disrupted the work of the project, which is partially owned by US oil majors Chevron and Exxon Mobil.

**RT**

# U.S. embassy in Baghdad hit by drone, no casualties reported so far

BAGHDAD March 14

The U.S. embassy here was hit by a drone on Saturday, with no immediate information on casualties, a security source said.

A booby-trapped drone struck the embassy in the Green Zone at dawn, no immediate information on casualties was available and smoke was seen rising from the site, an Iraqi Interior Ministry source told Xinhua on condition of anonymity.

The attack followed a "U.S. airstrike" about an hour earlier on a residential area in the Karrada neighborhood in Baghdad, which killed a senior leader and two members of Iraq's paramilitary Popular Mobilization Forces (PMF), and wounded five civilians in neighboring houses, the ministry source said.

Meanwhile, in an official statement the Iraqi Joint Operations Command's Security Media Cell (SMC) condemned the dangerous and unprecedented escalation of targeting civilians and carrying out strikes within densely populated residential areas. The SMC called it an attack on human rights and said the act should be internationally classified as a crime.


On March 7, the U.S. embassy in Baghdad was targeted by rockets, and explosions were heard, triggering its defence systems.

Over the past few days, dozens of PMF members have been killed in attacks, for which the group blamed U.S.-Israeli operations.

The attacks came amid heightened tensions following joint U.S.-Israeli strikes on Iran starting February 28, to which Iran and its regional proxies responded with attacks on Israeli and U.S. interests across the Middle East.

**Xinhua**

# Gas reserves in European storage facilities hit season low of 29.1 percent - Gazprom



MOSCOW March 14

Gas reserves in European underground storage facilities (UGS) have reached their lowest level since the start of the withdrawal season at 29.1 percent, Russian gas giant Gazprom stated on Saturday.

"Gas withdrawal from European underground storage facilities continues, according to Gas Infrastructure Europe data as of March 12. Stock levels have reached their lowest point since the beginning of the withdrawal season - 29.1 percent," the statement read.

All gas injected into European UGS facilities in preparation for winter was withdrawn by mid-February, Gazprom added. Current withdrawals are coming from previous years' reserves.

In the Netherlands, only 8.3 percent of gas reserves remain in storage - the lowest level for March 12 in recorded history.

**Sputnik**

# Putin's meeting with Iran's new leader could take place during Caspian Summit - Ambassador

MOSCOW March 14

The first meeting between Russian President Vladimir Putin and Iran's new Supreme Leader, Mojtaba Khamenei, could potentially take place this year during the Caspian Summit in Tehran, Iranian Ambassador to Moscow Kazem Jalali told Sputnik.

"Of course, all this should be put aside for when we're past this period [the current conflict between the US, Israel and Iran]. In any case, we have set a date for the Caspian Summit in Tehran: it will take place this year. If the summit does take place, I think, as is usually the case, the meetings will take place there," Jalali said.

He also said Iran is grateful to Putin for condolences over the death of former Iranian Supreme Leader Ali Khamenei and for congratulations to his successor.

**Sputnik**

# Six killed in central Nigeria attack: police

ABUJA March 14

At least six bodies have been recovered after gunmen attacked farmland in central Nigeria's Benue State, the police said on Saturday.

Edet Udeme, a spokesperson for the Benue State police, said in a statement that the victims, identified as cashew farmers from three communities in the Apa local government area, were working on their farms when the attackers struck and fled into a nearby forest on Friday.

A joint security team, supported by youth volunteers, later conducted a search and rescue operation, during which six bodies have been recovered so far, Udeme said.

The police have intensified patrols in the area to track down and apprehend those responsible for the attack, she added.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.


# Grapefruit, the juicy truth: Why the vitamin-rich citrus isn't just for breakfast... and the people who should NEVER eat it



With its wince-inducing bitterness, the taste of grapefruit is unmistakable – and, perhaps unsurprisingly given its tangy, refreshing qualities, it is often seen as a breakfast staple.

However experts insist that, thanks to its many health benefits, it can be a healthy addition to the diet at any time of day.

Grapefruit – a natural hybrid of oranges and the South-East Asian citrus fruit, the pomelo – has long been associated with weight-loss diets.

In fact, it formed the centre of a 1930s slimming plan called the 'Hollywood Diet', which involved eating half a grapefruit or drinking its juice before every meal for two weeks.

The theory was that grapefruits contained 'fat-burning' enzymes – a claim that remains largely unsubstantiated by credible scientific evidence.

Despite this, says nutritionist Rob Hobson, there's still a place for it in a weight-loss programme.

'Half a medium grapefruit contains around 40 to 50 calories because it is mostly water,' he said. 'That high water content helps contribute to hydration and helps you feel fuller for longer, making grapefruit a light yet satisfying addition to any meal.'

But grapefruit's appeal goes far beyond its low calorie count. It's also packed with nutrients that may help support the heart, immune system and metabolism – while also playing a role in blood sugar control. Here, Hobson reveals the key health benefits of adding grapefruit to your diet.

**Is grapefruit high in fibre?**

There is a relatively decent amount of fibre contained in grapefruit, but it shouldn't be relied on as a primary source, say experts.

'Grapefruit contains a modest amount of fibre, but I wouldn't describe it as high in fibre,' Hobson says.

'Half a medium grapefruit provides roughly 1.5 to 2g of fibre - the equivalent to the amount in a small apple or pear, or a slice of wholemeal bread.

'Much of this fibre is soluble, including pectin – a form of fibre linked in studies to improved cholesterol levels and better gut health.

'It contributes to daily fibre intake, though foods such as beans, lentils and wholegrains provide significantly higher amounts.'

**Is grapefruit high in carbohydrates?**

As with many fruits, grapefruit is full of natural sugars, but the carb content is low.

'Grapefruit contains natural sugars, but it's not particularly high in carbohydrates,' Hobson explains. 'Half a medium fruit provides around 8 to 10g of carbohydrate.

'Because it's high in water and contains fibre, it has a relatively low glycaemic load compared to fruit juices.'

**What nutrients are in grapefruit?**

Grapefruit contains a number of key vitamins and nutrients, making it a great addition to a healthy diet.

'It contains vitamin C, which supports immune function, collagen production and antioxidant defence. Vitamin A, from beta-carotene, especially in pink and red varieties,' Hobson says.

Grapefruit is also rich in folate, which is important for cell division. Potassium, which supports blood pressure regulation and small amounts of B vitamins and other phytonutrients.

'Pink and red grapefruit also contain lycopene, a carotenoid that acts as an antioxidant and is also found in tomatoes,' he adds.

**Is grapefruit good for weight loss?**

While it's low in calories and high in water, which contributes to feeling full, grapefruit, like most healthy food types, are best integrated into a healthy diet rather than relied on as the only way to lose weight.

'There's no magic fat–burning effect!' Mr Hobson states. 'Some small studies have shown modest weight changes when grapefruit is eaten before meals, possibly due to appetite regulation, but the effects are not dramatic.

'Weight loss depends on overall dietary patterns and energy balance, not one specific fruit.'

**What is the best form to eat grapefruit, whole or juiced?**

While grapefruit juice is delicious and convenient, it lacks the fibre that makes the whole fruit such a useful addition to your diet.

The NHS recommends that adults eat 30 g of fibre a day, but when you juice any sort of fruit or vegetable, you strip away much of the pulp where the fibre sits.

Furthermore, juicing leaves behind a more concentrated source of natural sugars.

'Whole is better because juicing removes most of the fibre, makes it easier to consume quickly and makes the sugar more accessible,' Mr Hobson explains.

'If you are having juice, stick to 150 ml and have it with a meal.'

Drinking juice alongside food can help slow the absorption of sugars and reduce spikes in blood glucose. Eating the fruit in segments, however, provides greater satiety and more of the nutritional benefits that make grapefruit worth including in the first place.

**Can you take a grapefruit supplement, or is it better to eat the fruit?**

There are grapefruit extract supplements on the market, and they're often positioned as being useful for weight loss. But, as Mr Hobson shares, 'The evidence for meaningful benefits in humans is limited and not strong enough to recommend them.

'Importantly, supplements may still carry the same medication interaction risks depending on the extract used. Just eat the whole fruit!'

**What foods can you pair grapefruit with for maximum nutrition?**

When it comes to the culinary side of things, grapefruit is used most prominently in American cuisine, particularly in breakfast dishes and fresh juices. It also features in Mexican salads and seafood dishes, where its acidity is used to cut through rich flavours.

In parts of Southeast Asia, especially Thailand and Vietnam, pomelo – its larger citrus cousin – appears in vibrant salads, and grapefruit can sometimes be used as a substitute in similar meals. Across the Mediterranean, it is found in salads with olives, herbs and olive oil.

Breakfast is actually a great time to serve up grapefruit, especially if you're already including healthy fats and proteins in the first meal of the day, says Hobson.

That said, it's versatile enough to be added to other meals throughout the day.

'Pair grapefruit with protein such as yoghurt, nuts or seeds to support satiety and help stabilise blood sugar,' says Mr Hobson.

'Add healthy fats like olive oil or avocado to improve absorption of fat–soluble carotenoids.


'Combine it with leafy greens, as the vitamin C can enhance absorption of non–haem iron from plant foods,' he adds.

Soluble fibres also complement grapefruit well. 'Pairing it with wholegrains or chia seeds means you're combining soluble fibres, which may help support cholesterol management,' Mr Hobson says.

'For example, try grapefruit segments in a salad with rocket, olive oil and grilled fish, or serve it with yoghurt and seeds at breakfast.'

**Mail Online**

# သံမဏိထက် ၁၀ ဆပိုမိုမာကြောတဲ့ တရုတ်နိုင်ငံရဲ့ ကမ္ဘာ့အခိုင်ခံ့ဆုံး ကာဗွန်ဖိုက်ဘာ



ကာဗွန်ဖိုက်ဘာဆိုတာ နည်းပညာမြင့်ပစ္စည်းများ၊ အကြမ်းခံပစ္စည်းများ ထုတ်လုပ်ရာမှာ မရှိမဖြစ်အရေးပါလာတဲ့ ကုန်ကြမ်းပစ္စည်းတစ်မျိုးဖြစ်လာပါတယ်။ ဒီလိုအရေးကြီးတဲ့ကုန်ကြမ်းပစ္စည်းဈေးကွက်ကို အရင်ကလွှမ်းမိုးထားသူတွေက ဂျပန်နိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ဖြစ်ပါတယ်။ ဒါပေမဲ့ အခုအဲဒီနေရာကို တရုတ်နိုင်ငံက ဝင်ရောက်နေရာယူလိုက်ပါပြီ။ ဘာကြောင့်လဲဆိုရင် ကမ္ဘာပေါ်မှာအခိုင်ခံ့ဆုံးလို့ဆိုနိုင်တဲ့ ကာဗွန်ဖိုက်ဘာတွေကို တရုတ်နိုင်ငံက အမြောက်အမြားထုတ်လုပ်လိုက်နိုင်လို့ပါ။

တရုတ်နိုင်ငံက အမြောက်အမြားထုတ်လုပ်နေတဲ့ ကာဗွန်ဖိုက်ဘာအမျိုးအစားက T1200 ဖြစ်ပါတယ်။ အဲဒီအမျိုးအစားက အလွန်စွမ်းဆောင်ရည်မြင့်မားပြီး သူ့ကို ကာကွယ်ရေး၊ လေကြောင်းအာကာသနဲ့ စက်ရုပ်နည်းပညာတို့မှာ အသုံးပြုကြတာဖြစ်ပါတယ်။ လက်ရှိ တရုတ်နိုင်ငံအနေနဲ့ ဒီလိုကာဗွန်ဖိုက်ဘာကို တစ်နှစ်ကိုတန်ချိန် ၁၀၀ အထိထုတ်လုပ်နိုင်တယ်လို့ CCTV သတင်းဌာနကဖော်ပြထားပါတယ်။

တရုတ်နိုင်ငံပိုင် CNBM ကုမ္ပဏီက အခုလိုမျိုးကာဗွန်ဖိုက်ဘာတွေကို အမြောက်အမြားထုတ်လုပ်နိုင်ဖို့အတွက် နှစ်ပေါင်း ၂၀ ကြာအောင် သုတေသနလုပ်ခဲ့ရတာပါ။ သုတေသနကနေထွက်ပေါ်လာတဲ့ရလဒ်အရ ပမာဏအမြောက်အမြားထုတ်လုပ်နိုင်တဲ့ကာဗွန်ဖိုက်ဘာအမျိုးအစားက သံမဏိထက် ၁၀ ဆပိုမိုမာကြောနေတာကို တွေ့ရပါတယ်။

**Ref: IE**

**ကိုထက်**

# ကြယ်စင်စုတွေကို မြေပုံရေးဆွဲနိုင်စေဖို့ကူညီမယ့် ကမ္ဘာ့အကြီးဆုံး အဝေးကြည့်မှန်ပြောင်း

စကြဝဠာကြီးက အလွန်ပဲဆန်းကြယ်လှပါတယ်။ ဆန်းကြယ်လှတဲ့ စကြဝဠာကြီးထဲမှာ ကြယ်စင်စုများစွာကလည်း သူ့အစုအဝေးနဲ့သူတည်ရှိနေပါတယ်။ သုတေသနပညာရှင်များက အဲဒီကြယ်စင်စုတွေတည်ရှိမှုမြေပုံကိုရေးဆွဲနိုင်စေဖို့အတွက် ကမ္ဘာ့အကြီးဆုံးအဝေးကြည့်မှန်ပြောင်းကို ချီလီနိုင်ငံ ရီယိုဟာတာဒိုတောင်ကြားမှာ စတင်တည်ဆောက်နေပါပြီ။

ဒီအဝေးကြည့်မှန်ပြောင်းကို MOTHRA လို့ခေါ်ပါတယ်။ သူ့ရဲ့တာဝန်က ကြယ်စင်စုတွေတစ်ခုနဲ့တစ်ခုကြားမှာရှိနေတဲ့ မှိန်ပျော့ပျော့ခတ်ငွေ့တွေကိုရှာဖွေပြီး မမြင်နိုင်တဲ့ အမည်းရောင်အရာဝတ္ထုတွေရဲ့ပျံ့နှံ့မှုကိုခြေရာခံဖို့ဖြစ်ပါတယ်။ သူ့ကိုတည်ဆောက်ပြီးသွားတဲ့အခါ ကမ္ဘာ့အကြီးဆုံးသော မှန်ဘီလူးအားလုံးပါဝင်တဲ့ အဝေးကြည့်မှန်ပြောင်းကြီးဖြစ်လာလိမ့်မယ်လို့ သုတေသနပညာရှင်များကပြောပါတယ်။

သမားရိုးကျအဝေးကြည့်မှန်ပြောင်းများက မှန်များကိုသာအခြေခံပြီးတည်ဆောက်ထားတာဖြစ်ပါတယ်။ အခုအဝေးကြည့်မှန်ပြောင်းမှာတော့ Canon ကုမ္ပဏီထုတ် မှန်ဘီလူးပေါင်း ၁၁၄၀ ကိုအသုံးပြုသွားမှာဖြစ်ပါတယ်။ အဲဒီမှန်ဘီလူးတွေက တစ်ပြိုင်နက်တည်းအလုပ်လုပ်မှာဖြစ်ပြီး ရရှိလာတဲ့ပုံရိပ်တွေကို ဒစ်ဂျစ်တယ်နည်းနဲ့ပေါင်းစပ်ကာ ပုံဖော်သွားမှာဖြစ်ပါတယ်။ ဒီဇိုင်းပိုင်းအနေနဲ့က ယခင် Dragonfly Telephoto Array ကို အဆင့်မြှင့်ပုံဖော်သွားမှာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**



# ဒရုန်း၊ လေယာဉ်၊ ဒုံးကျည်တွေရန်ကနေ ၃၆၀ ဒီဂရီ ပတ်ပတ်လည် ကာကွယ်ပေးနိုင်မယ့် SkyDefender

ပြင်သစ်ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီတစ်ခုက အလွှာပေါင်းစုံပါဝင်တဲ့ လေကြောင်းနဲ့ဒုံးကျည်ကာကွယ်ရေးစနစ်တစ်ခုကို စတင်မိတ်ဆက်လိုက်ပါပြီ။ အဲဒီစနစ်ကို SkyDefender လို့အမည်ပေးထားပြီး သူ့ရဲ့စွမ်းဆောင်ရည်က မြေပြင်၊ ရေပြင်နဲ့ အာကာသတို့မှာ ဝင်ရောက်လာမယ့်ဝေဟင်ရန်စွယ်အမျိုးမျိုးကို အပြည့်အဝကာကွယ်ပေးနိုင်မယ်လို့ဆိုပါတယ်။



Thales ကုမ္ပဏီကထုတ်လုပ်မယ့် အဲဒီစနစ်မှာ အဆင့်မြင့်အာရုံခံကိရိယာတွေနဲ့ အဆင့်မြင့်တဲ့ကြားဖြတ်လက်နက်တွေက ဘက်စုံအသုံးပြုနိုင်တဲ့ ကွပ်ကဲမှုထိန်းချုပ်မှုစနစ်နဲ့ပေါင်းစပ်ပြီး ကွန်ရက်သဖွယ်လုပ်ငန်းဆောင်ရွက်မှာဖြစ်ပါတယ်။ သူ့ရဲ့ပုံစံက မော်ဂျူးပုံစံရှိမှာဖြစ်ပြီး လေကြောင်းနဲ့ ဒုံးကျည်ကာကွယ်ရေးကွန်ချာတွေက အခုလက်ရှိအသုံးပြုနေတဲ့ လေကြောင်းရန်ကာကွယ်ရေးစနစ်တွေနဲ့လည်း ပေါင်းစပ်အသုံးပြုနိုင်ဦးမှာဖြစ်ပါတယ်။

ဒ့ါအပြင် Thales ကုမ္ပဏီရဲ့အထူးကျွမ်းကျင်လှတဲ့ ဆိုက်ဘာလုံခြုံရေးနဲ့အဆင့်မြင့်ဉာဏ်ရည်တုနည်းပညာတို့ကိုပါ ပေါင်းစပ်လိုက်တဲ့အခါ SkyDefender ရဲ့စွမ်းဆောင်ရည်ဟာ ဖြစ်ပေါ်လာနေတဲ့ခြိမ်းခြောက်မှုများကိုသာမက ဆိုက်ဘာတိုက်ခိုက်မှုများကနေပါ ကာကွယ်ပေးနိုင်စွမ်းရှိလာမှာဖြစ်တယ်လို့ဆိုပါတယ်။

**Ref: IE**

**ကိုထက်**

# အသံပိုင်းမှာတိတ်ဆိတ်မှုရှိလာတဲ့ လျှပ်စစ်စွမ်းအင်သုံး Shahed-101 အသေခံဒရုန်းများ



ယနေ့ခေတ်စစ်ပွဲများမှာ ဒရုန်းအသုံးပြုလာခြင်းက ထူးဆန်းတဲ့အရာမဟုတ်တော့ပါဘူး။ အထူးသဖြင့် အသေခံဒရုန်းများကို ပိုမိုအသုံးပြုလာကြတာတွေ့ရပါတယ်။ အများဆုံးတွေ့ရလေ့ရှိတဲ့အသေခံဒရုန်းများက အသံဆူညံမှုရှိတဲ့ အင်ဂျင်ကိုအသုံးပြုထားတာဖြစ်ပါတယ်။ အသေခံဒရုန်းများက စစ်မြေပြင်မှာအားသာချက်တစ်ခုဖြစ်ပေမယ့် အသံထွက်တဲ့အင်ဂျင်များကတော့ သူတို့အတွက်အားနည်းချက်ဖြစ်လာပါတယ်။

ဒီအတွက်ကြောင့် အီရန်နိုင်ငံကလက်ရှိပဋိပက္ခဖြစ်နေတဲ့ဇုန်တွေထဲမှာ အသံဆူညံမှုရှိတဲ့အင်ဂျင်တွေအစား အသံဆူညံမှုမရှိတဲ့လျှပ်စစ်မော်တာတွေအသုံးပြုထားတဲ့ အသေခံဒရုန်းတွေကိုသုံးလာတာတွေ့ရပါတယ်။ အဲဒီအသေခံဒရုန်းအမျိုးအစားကတော့ Shahed–101 ဖြစ်ပါတယ်။

ဒီဒရုန်းတွေမှာ အရင်ဒရုန်းတွေနဲ့မတူတာက အင်ဂျင်တစ်ခုတည်းမဟုတ်ပါဘူး။ ဒလက်တွေကိုလည်း သတ္တုဒလက်တွေအစား သစ်သားဒလက်တွေကိုအသုံးပြုထားတာကြောင့် သူတို့ကိုအသံလှိုင်းအာရုံခံစနစ်နဲ့ ဖမ်းယူနိုင်ဖို့ဆိုတာ တော်တော်လေးခက်ခဲသွားပါတယ်။

**Ref: IE**

**ကိုထက်**

# အလိုအလျောက်စနစ်သုံး တိုက်ခိုက်ရေးဒရုန်းများကို ပျက်ကျဖျက်ဆီးနိုင်စေမယ့် ထီးများ

အမေရိကန်နိုင်ငံမှ သုတေသနပညာရှင်များက အလိုအလျောက်စနစ်အသုံးပြုတဲ့ တိုက်ခိုက်ရေးဒရုန်းများကို ပျက်ကျဖျက်ဆီးနိုင်စေမယ့် ရိုးရှင်းတဲ့နည်းလမ်းတစ်ခုကိုရှာဖွေတွေ့ရှိလိုက်ပါတယ်။ အဲဒီနည်းလမ်းက နည်းပညာမြင့်မားတဲ့လက်နက်တွေကိုအသုံးပြုထားတာမဟုတ်ဘဲ သာမန်ထီးများကိုသာအသုံးပြုတာဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီထီးတွေမှာတော့ တမူထူးခြားတဲ့ဂရပ်ဖစ်ဒီဇိုင်းတွေကို ရေးဆွဲထားပါတယ်။



ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များက သီးခြားဂရပ်ဖစ်ဒီဇိုင်းဆွဲထားတဲ့ထီးများကိုအသုံးပြုပြီး သူတို့ဆီတိုက်ခိုက်ဖို့ပျံသန်းလာတဲ့ ဒရုန်းတွေကို ပျက်ကျသွားအောင်၊ ဒါမှမဟုတ် ဖျက်ဆီးနိုင်အောင် လုပ်ဆောင်နိုင်တယ်ဆိုတာကို လက်တွေ့သရုပ်ပြသနိုင်ခဲ့ပါတယ်။ သူတို့ရဲ့နည်းလမ်းကိုတော့ FlyTrap လို့အမည်ပေးထားပါတယ်။

သူတို့က ပစ်မှတ်ကိုအလိုအလျောက်လိုက်တဲ့နည်းပညာအတွက်အသုံးပြုထားတဲ့ ကင်မရာရဲ့အားနည်းချက်အပေါ်အခွင့်ကောင်းယူပြီး အခုနည်းလမ်းကိုတီထွင်လိုက်နိုင်တာဖြစ်ပါတယ်။ ဒါပေမဲ့လည်း အခုနည်းလမ်းဟာ အနည်းငယ်အန္တရာယ်များတယ်လို့ သုတေသီများကပြောထားပါတယ်။

**Ref: IE**


**ကိုထက်**

## အရှေ့အလယ်ပိုင်းအရေး နောက်ဆုံးရသတင်းများ စုစည်းမှု

- အမေရိကန်က အီရန်နိုင်ငံ ခါးကျွန်းရှိ စစ်ရေးပစ်မှတ်ပေါင်း ၉၀ ကျော်ကို တိကျမှုရှိစွာ ပစ်ခတ်မှုလုပ်ဆောင်ခဲ့ကြောင်း အမေရိကန်အလယ်ပိုင်းစစ်ဌာနချုပ်က မတ်လ ၁၄ ရက်တွင်ထုတ်ပြန်သည်။ ထိုတိုက်ခိုက်မှု၌ ရေတပ်သုံးမိုင်းသိုလှောင်ရုံများ၊ ဒုံးကျည်သိုလှောင်ဘန်ကာများနှင့် အခြားစစ်ရေးပစ်မှတ်များဖြစ်ကာ ရေနံနှင့်ပတ်သက်သော အဆောက်အအုံများထိခိုက်မှုမရှိကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။
- အမေရိကန်နိုင်ငံအနေဖြင့် အာရှ-ပစိဖိတ်ဒေသအတွက် ယုံကြည်အားကိုးနိုင်သော စွမ်းအင်ထောက်ပံ့မှုကိုပေးနိုင်စွမ်းရှိကြောင်း အမေရိကန်ပြည်ထဲရေးဝန်ကြီး ဒေါက်ဘာဂမ်က မတ်လ ၁၄ ရက်တွင်ပြောသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ စွမ်းအင်ကြီးစိုးမှုမူဝါဒက နိုင်ငံအတွင်း စွမ်းအင်ဖူလုံရေးသာမက ပြင်ပနိုင်ငံများသို့ပါ ရောင်းချနိုင်သည်အထိ ရည်မှန်းထားခြင်းဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။
- အီရန်နိုင်ငံနှင့်ဖြစ်ပွားလျက်ရှိသော ပဋိပက္ခအတွင်း အမေရိကန်စစ်သည် ၁၃ ဦးသေဆုံးကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦး၏ပြောဆိုချက်ကိုကိုးကား၍ Wall Street Journal ကဖော်ပြထားသည်။ ထို့ပြင် စစ်သည်အယောက် ၂၀၀ ခန့်မှာ ဒဏ်ရာရရှိကြောင်းနှင့် ၎င်းတို့အနက် ၁၀ ဦးမှာဒဏ်ရာပြင်းထန်ပြီး ၁၇၀ ခန့်မှာ တာဝန်များကိုပြန်လည်ထမ်းဆောင်နေပြီဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ပြောထားသည်။
- အီရတ်နိုင်ငံရှိ အမေရိကန်သံရုံးသည် မတ်လ ၁၄ ရက်တွင် အီရန်၏ဒရုန်းဖြင့် တိုက်ခိုက်မှုခံရကြောင်းနှင့် အာရပ်နိုင်ငံသားများအနေဖြင့် ဆိပ်ကမ်းများအနီး၌ နေထိုင်ခြင်းမပြုရန် အီရန်အစိုးရကသတိပေးထားကြောင်းသိရသည်။ အီရတ်နိုင်ငံရှိအမေရိကန်သံရုံးသည် ယခုတစ်ကြိမ်နှင့်ဆိုလျှင် ဒုတိယမြောက်တိုက်ခိုက်ခံရခြင်းဖြစ်သည်။
- လက်ရှိဖြစ်ပွားလျက်ရှိသော အရှေ့အလယ်ပိုင်းပဋိပက္ခအတွင်း အမေရိကန်က အီရန်အပေါ်တိုက်ခိုက်မှုသည် နှစ်များစွာကြာအသုံးပြုနိုင်သည့် ခဲယမ်းများကို အချိန်တိုအတွင်းအသုံးပြုလိုက်ခြင်းဖြစ်သည်ဟု Financial Times သတင်းဌာနကဖော်ပြထားသည်။ အီရန်နှင့်စစ်ဖြစ်ပြီး ခြောက်ရက်အတွင်းမှာပင် အမေရိကန်၏စစ်အသုံးစရိတ်က ဒေါ်လာ ၁၁ ဒသမ ၃ ဘီလီယံအနည်းဆုံးရှိကြောင်း ထိုကိစ္စနှင့်သက်ဆိုင်သူများကပြောသည်။ ထို့ပြင် အရှေ့အလယ်ပိုင်းဒေသသို့ ခဲယမ်းများပြန်လည်ဖြည့်တင်းရန် ကုန်ကျစရိတ်များစွာရှိနိုင်ကြောင်းသိရသည်။

**Ref: RT, Xinhua**

## အာရှ-ပစိဖိတ်ဒေသအတွင်း လောင်စာဆီကိစ္စဖြေရှင်းနိုင်ရေး အရေးပေါ်အစီအမံများစွာ ချမှတ်ဆောင်ရွက်လာနေရ



**ဟောင်ကောင်၊ လောင်စာဆီ**

အရှေ့အလယ်ပိုင်းဒေသ၌ တင်းမာမှုများမြင့်တက်လာခြင်းကြောင့် စွမ်းအင်ဈေးကွက်အတွင်း မတည်ငြိမ်မှုများဖြစ်ပေါ်နေသည့်အတွက် အာရှ-ပစိဖိတ်ဒေသအတွင်းရှိ အစိုးရအသီးသီးအနေဖြင့် လောင်စာဆီကိစ္စဖြေရှင်းနိုင်ရေး အရေးပေါ်အစီအမံများစွာ ဆောင်ရွက်လာနေရကြောင်းသိရသည်။

အရှေ့အလယ်ပိုင်းပဋိပက္ခစတင်ဖြစ်ပွားပြီးနောက် ကမ္ဘောဒီးယား၌ဒီဇယ်ဈေးနှုန်းသည် ၆၆ ရာခိုင်နှုန်းအထိမြင့်တက်လာသည်ကိုတွေ့ရသည်။ ဗီယက်နမ်တွင်မူ ဒီဇယ်လက်လီဈေးနှုန်းသည် နှစ်ရက်အတွင်းမှာပင် ၃၀ ရာခိုင်နှုန်းကျော်မြင့်တက်လာသည်။ အလားတူ အိန္ဒိယ၊ နယူးဇီလန်နှင့် ဖိလစ်ပိုင်တို့တွင် လောင်စာဆီနှင့် ဂက်(စ်)အိုးများကို ကြိုတင်ဝယ်ယူစုဆောင်းမှုများဖြစ်ပေါ်ကာ အချို့နိုင်ငံများတွင် ဆီဆိုင်များအရောင်းပိတ်သည်အထိဖြစ်ပွားသည်။

ထိုအခြေအနေများကြောင့်လေကြောင်းလိုင်းများတွင် ဆီဖိုးအတွက်အပိုဆောင်းကောက်ခံခြင်း၊ သယ်ယူပို့ဆောင်ရေးစရိတ်မြင့်မားလာခြင်းတို့နှင့်အတူ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းဈေးနှုန်းများပါ လိုက်ပါမြင့်တက်လာနိုင်ကြောင်း စီးပွားရေးပညာရှင်များက သတိပေးထားသည်။

ထို့နောက် နိုင်ငံအသီးသီးသည် လောင်စာဆီချွေတာရေးနှင့် ထိန်းချုပ်ရေးအတွက် အစီအမံများအကောင်အထည်ဖော်လျက်ရှိရာ ထိုင်းနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့က ဝန်ထမ်းများကို နေအိမ်မှသာအလုပ်လုပ်ရန်၊ ကိုယ်ပိုင်ကားများအစားအများသုံးသယ်ယူပို့ဆောင်ရေးစနစ်နှင့် လျှပ်စစ်စွမ်းအင်သုံးယာဉ်များကို ပြောင်းလဲအသုံးပြုရန်နှိုးဆော်ထားသည်။ ပါကစ္စတန်နိုင်ငံတွင် အစိုးရဌာနများ၏ လောင်စာဆီခွဲတမ်းကို ၅၀ ရာခိုင်နှုန်းလျှော့ချခြင်းနှင့် ရုံးပိတ်ရက်တိုးမြှင့်ခြင်းအပါအဝင် ပြင်းထန်သော ခြိုးခြံချွေတာရေးမူဝါဒများကို ချမှတ်ထားသည်။

တောင်ကိုရီးယားနိုင်ငံက လောင်စာဆီဈေးနှုန်းအဆမတန်တိုးမြှင့်ခြင်းနှင့် မှောင်ခိုရောင်းချခြင်းမရှိစေရေးအတွက် အမြင့်ဆုံးဈေးနှုန်းသတ်မှတ်ရန် စီစဉ်နေသည်။ ကမ္ဘောဒီးယားနိုင်ငံက စက်သုံးဆီရောင်းချမှုရပ်ဆိုင်းသည့်ဆီဆိုင်များကို စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်နေသည်၊ ထို့အတူ ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံတို့သည်လည်း လောင်စာဆီမှောင်ခိုဈေးကွက် ဖြစ်ပေါ်လာခြင်းမရှိစေရေးအတွက် လုပ်ဆောင်လျက်ရှိသည်။

အလားတူ နိုင်ငံအချို့သည် ရေတိုနှင့် ရေရှည်စီမံကိန်းများချမှတ်ဆောင်ရွက်နေသည်။ သြစတြေးလျနိုင်ငံနှင့် ဂျပန်နိုင်ငံတို့က အရန်လောင်စာဆီများထုတ်ရောင်းပေးမည်ဖြစ်ပြီး ရုပ်ကြွင်းလောင်စာအပေါ် မှီခိုနေရမှုကိုလျှော့ချရန် ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်လျက်ရှိသည်။ လာအိုနှင့် အင်ဒိုနီးရှားအပါအဝင် နိုင်ငံအများအပြားက လျှပ်စစ်စွမ်းအင်သုံးကားများတိုးမြှင့်အသုံးပြုရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Ref: Xinhua**

## မြောက်ကိုရီးယားက အမြင့်ပျံဒုံးကျည် ၁၀ စင်းကို ဂျပန်ပင်လယ်ထဲသို့ပစ်လွှတ်



**ဆိုး၊ စစ်ရေး**

မြောက်ကိုရီးယားနိုင်ငံက အမြင့်ပျံဒုံးကျည် ၁၀ စင်းကို ဂျပန်ပင်လယ်ထဲသို့ ပစ်လွှတ်ကြောင်း တောင်ကိုရီးယားစစ်ဘက်ကထုတ်ပြန်ထားသည်။ အမျိုးအမည်မသိရသေးသောဒုံးကျည် ၁၀ စင်းကို မတ်လ ၁၄ ရက်တွင်ပစ်လွှတ်လိုက်ခြင်းဖြစ်သည်ဟု တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်များရုံး၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ထို့ပြင် အဆိုပါဒုံးကျည်များသည် ကီလိုမီတာ ၃၅၀ ခန့်ပျံသန်းသွားခြင်းဖြစ်သည်ဟု ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

အမေရိကန်နှင့်တောင်ကိုရီးယားတို့က Freedom Shield အမည်ဖြင့်ပူးတွဲစစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်နေစဉ် မြောက်ကိုရီးယားက ယခုကဲ့သို့ဒုံးကျည်များပစ်လွှတ်ခြင်းဖြစ်သည်။ အမေရိကန်နှင့် တောင်ကိုရီးယားတို့က အဆိုပါစစ်ရေးလေ့ကျင့်ခန်းကို မတ်လ ၁၉ ရက်အထိ ဆောင်ရွက်သွားရန်စီစဉ်ထားသည်။

အမေရိကန်နှင့်တောင်ကိုရီးယားတို့ ပူးတွဲလုပ်ဆောင်နေသော စစ်ရေးလေ့ကျင့်မှုများသည် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကိုခြိမ်းခြောက်နေကြောင်း၊ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် အလွန်အင်အားကြီးပြင်းထန်သည့်ထိုးစစ်ဆင်တိုက်ခိုက်မှုများကို ကြိုတင်လက်ဦးမှုယူချေမှုန်းသွားရန် အသင့်ရှိကြောင်း မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအွန်၏ညီမ ကင်ယိုဂျုံကပြောထားသည်။

**Ref: Sputnik**

## အာဖဂန်နစ္စတန်က ပါကစ္စတန်စစ်ဘက်ပစ်မှတ်များကို လက်တုံ့ပြန်တိုက်ခိုက်

**ကဘူး၊ စစ်ရေး**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းဒေသများအပေါ် ပါကစ္စတန်မှ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခြင်းကို လက်တုံ့ပြန်သည့်အနေဖြင့် အာဖဂန်တပ်မတော်က ပါကစ္စတန်စစ်ဘက်ပစ်မှတ်များကိုတိုက်ခိုက်ခဲ့ရာ လူပေါင်း၁၄ဦးသေဆုံးကြောင်းအာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက မတ်လ ၁၄ ရက်တွင်ထုတ်ပြန်ကြေညာသည်။ အဆိုပါစစ်ဆင်ရေးအတွင်း ပါကစ္စတန်နိုင်ငံသား ၁၁ ဦးလည်းဒဏ်ရာရရှိကြောင်း ဝန်ကြီးဌာန၏ လူမှုကွန်ရက်စာမျက်နှာ၌ဖော်ပြထားသည်။

ပါကစ္စတန်သည် မတ်လ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့၊ ကန်ဒါဟာ၊ ပက်တီကာ၊ ခို့နှင့် နန်ဂါဟာဒေသများသို့ လေကြောင်းမှဗုံးကြဲတိုက်ခိုက်မှုများပြုလုပ်ခြင်းကြောင့် လူအများအပြားသေဆုံးရသည်ဟု အာဖဂန်တာဝန်ရှိသူများကပြောသည်။ ကဘူးမြို့တိုက်ခိုက်ခံရမှုတွင် လူ လေးဦးသေဆုံးပြီး ၂၅ ဦးဒဏ်ရာရရှိကြောင်း အာဖဂန်အစိုးရပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောသည်။

ထို့ပြင် ပြီးခဲ့သောသီတင်းပတ်များတွင် အိမ်နီးချင်းနှစ်နိုင်ငံကြားဖြစ်ပွားသော အပြန်အလှန်တိုက်ခိုက်မှုများကြောင့် နှစ်နိုင်ငံစလုံးမှ ပြည်သူများစွာ သေဆုံး သို့မဟုတ် ဒဏ်ရာရရှိမှုများရှိနေကြောင်း နှစ်နိုင်ငံတာဝန်ရှိသူများက အတည်ပြုထားသည်။

**Ref: Xinhua**



# (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများစာရင်း

**စစ်ချီသီချင်း**

၁။ **ကြည်း၊ ရေ၊ လေ သည် ထာဝရညီ** ပထမဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၂။ **တပ်မတော်သားပီပီ** ဒုတိယဆု
မိုးမြင့်ဦး (လုပ်သား-ရှုပ)

၃။ **ကြည်း၊ ရေ၊ လေ ညီနောင်တပ်မတော်** တတိယဆု
ခန့်ပြား (ကေတုမတီ)

၄။ **ပြည်သူ့အတွက် ဒို့တပ်မတော်** စတုတ္ထဆု
ဇော်မျိုးထွန်း(အုပ်ခွဲတပ်ကြပ်ကြီး)

၅။ **မျိုးချစ်ဒို့စစ်သည်** ပဉ္စမဆု
ဗိုလ်ထိန် (မီးသတ်)

**စစ်သည်တေးသီချင်း**

၁။ **သူရဲကောင်းစစ်သည်** ပထမဆု
စုစုဇော်(သီရိခေတ္တရာ)

၂။ **ဂုဏ်ပြုလျက်ပါအဖေ** ဒုတိယဆု
ခင်ငြိမ်းချမ်းစိုး(သဇင် FM)

၃။ **ကျွန်တော်စစ်သားပါ** တတိယဆု
ကျော်ဆွေအောင်

၄။ **မေ့စစ်သားမောင်** စတုတ္ထဆု
ကေသီအောင်

၅။ **တုနှိုင်းမဲ့စစ်သည်တွေ** ပဉ္စမဆု
လှိုင်ဝင်းထွန်း

**ကဗျာ(ဝါသနာရှင်)**

၁။ **ညီညာပေါင်းစည်း ရှေ့ခရီး၊ ကောင်းချီးမြတ်မော် တပ်မတော်** ပထမဆု
ထွန်းထွန်း(လားရှိုး)

၂။ **နိုင်ငံတော်သစ် သမိုင်းတစ်ခေတ်၊ ထုဆစ်ပုံဖော် မြန်မာ့တပ်မတော်** ဒုတိယဆု
မြတ်မင်းသန့်

၃။ **ရှစ်ဆယ့်တစ်နှစ်မြောက် ကမ္ဘည်းမော်ကွန်း** တတိယဆု
ရဲကျော်

၄။ **စွမ်းအားထိန်ဝေ နေ့သစ်နေ ပြည်သူ့သားဆွေ ကြည်း၊ ရေ၊ လေ** စတုတ္ထဆု
ကြေးမုံဖြိုးသန့်( ရွှေရတု)

၅။ **ပြည်မြန်မာရွှေတစ်ခေတ် ထွန်းသစ်စို့လေး** ပဉ္စမဆု
ထာဝရမွန် (ဂုဏ်ထူးတန်း)

**ကဗျာ(အလွတ်တန်း)**

၁။ **ကျည်ခွံများကပြောသော တာဝန်ကျေသူတို့အကြောင်း** ပထမဆု
ရဲမင်းစိုး

၂။ **ပြည်ထောင်စုရဲ့ တို့တပ်မတော် နိုင်ငံရွှေခေတ် ပြန်ထုတ်ဖော်** ဒုတိယဆု
မြတ်ထွဏ်းနောင်

၃။ **ဗန်းမော်၊ တောင်ခမ်း စစ်ဆင်စွမ်း အောင်ပန်း ဂုဏ်ကျော် ပြည့်တပ်မတော်** တတိယဆု
မျိုးစစ်သည်

၄။ **ရွှေရောင်လင်းသည့်နိုင်ငံတော်နှင့် ပြည်သူချစ်သောတပ်မတော်** စတုတ္ထဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၅။ **အရေးသုံးပါးဦးထိပ်ထား** ပဉ္စမဆု
မောင်အေးသန်း(ကြို့ပင်ကောက်)

**ဝတ္ထုတို(ဝါသနာရှင်)**

၁။ **ကျွန်တော့်သားမှာ ကိုယ်ပိုင်အမှတ်ရှိပါတယ်** ပထမဆု
မနော်ဖြူ

၂။ **မုန်းမုန်း ချစ်ချစ်** ဒုတိယဆု
မနောသစ်(ပခုက္ကူ)

၃။ **သူရဲကောင်းတို့၏ ဒိုင်ယာရီ** တတိယဆု
ရဲမွန်ကျော်

၄။ **အလေးပြုပါသည် ဆရာဖိုးနီ** စတုတ္ထဆု
မောင်အေးချမ်း(ခနုဖြူ)

၅။ **အမေဂုဏ်ယူနေပါတော့** ပဉ္စမဆု
ကိုစော (ပထဝီဝင်)

**ဝတ္ထုတို(အလွတ်တန်း)**

၁။ **ဝတ်မှုန်ကူးသော နှလုံးသားများ၏ ဝီရအလင်္ကာ** ပထမဆု
ကျော်တေဇ(ဥက္ကလာ)

၂။ **ပစ်မထားရက်ခဲ့ပါ** ဒုတိယဆု
မုန်းမောင်မောင်

၃။ **မအေးမြရဲ့ သတ္တိသွေးပုံ့နှံ့လို့နေပါပြီ** တတိယဆု
နွေးထက်လှိုင်

၄။ **စစ်ကိုမုန်းခဲ့သော်လည်း** စတုတ္ထဆု
မင်းလပြည့်(ဟားခါး)

၅။ **သစ္စာပန်းခက်ခြောက်တို့၏ ရင်တွင်းစကား** ပဉ္စမဆု
မောင်မောင်လွင်(ရွှေဘိုသား)

**ဝတ္ထုရှည်(ဝါသနာရှင်)**

၁။ **တိမ်တိုက်တွေရဲ့အဖြူရောင်သက်တံ** ပထမဆု
အမောင်

၂။ **အလွမ်းတွေဝေးလို့ ပန်းတွေဝေစေ** ဒုတိယဆု
ရှားမိန်း

၃။ **စစ်သားဂုဏ်ရည်** တတိယဆု
ကျော်စိုး(ဒိုက်ဦး)

၄။ **စိန်ပန်းနီနီနှလုံးသား** စတုတ္ထဆု
ဟန်ညွှန့်(ယဉ်ကျေးမှု)

၅။ **လှိုင်းကြီးလို့လေထန် ရေဆန်ကိုလှော်ခတ်ကြမည်** ပဉ္စမဆု
တင်ဦး(ရန်ကင်း)

**ဝတ္ထုရှည်(အလွတ်တန်း)**

၁။ **သစ္စာစမ်းမှာ ပန်းစုံလန်းသည်** ပထမဆု
ပိုင်ဇင်ဇော်(သတ္တု)

၂။ **လက်ဆင့်ကမ်းအမွေ** ဒုတိယဆု
ခန့်ပိုင်

၃။ **မလေးမောင်ချစ်မငြိုးနိုင်** တတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၄။ **မမေ့ဘယ်ခါ နှလုံးသားထဲကကြည်ပြာ** စတုတ္ထဆု
မောင်စူးရှ(အနောက်ရိုးမ)

၅။ **ရွံ့ကြောက်မဲ့တွန် နိုင်ငံ့ဝန်၌** ပဉ္စမဆု
ရဲခေါင်

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## တောင်ကြီးမြို့၌ နွေရာသီအခြေခံ သင်တန်းများဖွင့်လှစ်

တောင်ကြီး မတ် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ မြို့မရပ်ကွက်ရှိ လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ မတ်လ ၁၄ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် နွေရာသီအခြေခံကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ ကိုရီးယားစကားပြော၊ ပန်းချီနှင့် စစ်တုရင် သင်တန်းဖွင့်ပွဲကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး နွေရာသီသင်တန်းအတွက် ပံ့ပိုးငွေများ ပေးအပ်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွှန့်ရွှေက လက်ခံရယူသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က နွေရာသီသင်တန်းများအတွက် သင်ထောက်ကူပစ္စည်းများပေးအပ်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ကြီးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်က လက်ခံရယူသည်။

သင်တန်းများကို ဧပြီလ ၂၇ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၂၀ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ (၄၀၅)

## ပွင့်ဖြူမြို့နယ်၌ ကုလားပဲစိုက်ခင်းများရိတ်သိမ်းခြွေလှေ့လျက်ရှိ



ပွင့်ဖြူ မတ် ၁၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲသီးနှံ ၅၂၀၅၁ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဧက ၆၂၂၀ ထိစိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ အဆိုပါကုလားပဲစိုက်ခင်းများကို ရိတ်သိမ်းခြွေလှေ့ချိန်ရောက်ရှိလာပြီဖြစ်၍ ဒေသခံတောင်သူများက သီးနှံအထွက်နှုန်းလျော့နည်းမှုမရှိစေရေး အချိန်မီရိတ်သိမ်းခြွေလှေ့လျက်ရှိပြီး တစ်ဧကလျှင်ကုလားပဲ ၁၇ ဒသမ ၃၉ တင်းထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စိုက်ပျိုးခဲ့တဲ့ ကုလားပဲစိုက်ခင်းတွေ စတင်ရိတ်သိမ်းခြွေလှေ့လျက်ရှိပါတယ်။ ဒီနှစ်မှာ ကုလားပဲစိုက်ခင်းတွေက ပိုးမွှားရောဂါ မကျရောက်တဲ့အတွက် ယခင်နှစ်ကထက် အထွက်နှုန်းလည်း ကောင်းပါတယ်။ ရောင်းချရာမှာလည်း မြို့နယ်တောင်သူအကျိုးဆောင်အသင်း (FFA) က တောင်သူတွေ အချိန်ကုန်လူပင်ပန်းသက်သာစွာနဲ့ သင့်တင့်တဲ့ ဈေးနှုန်းရရှိအောင် ပဲမျိုးစုံသီးနှံတောင်သူစုပေါင်းရောင်းချပွဲကို စီစဉ်ဆောင်ရွက်ပေးတဲ့အတွက် အဆင်ပြေစွာရောင်းချခွင့်ရရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာမှ ဒေသခံတောင်သူတစ်ဦးကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံကုလားပဲ စိုက်ပျိုးတောင်သူများကို အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သဖြင့် ယခုနှစ်တွင် ကုလားပဲစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းများကောင်းမွန်ခြင်းဖြစ်ကြောင်းသိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ၂၀၂၆ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပြဌာန်း

**ယမန်နေ့မှအဆက်**

**ခြွင်းချက်။** သို့ရာတွင် ဤပြဋ္ဌာန်းချက်သည် ဤဥပဒေအရဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ တာဝန်အရထုတ်ဖော်ပြောကြားချက်များနှင့်သက်ဆိုင်ခြင်းမရှိစေရ။

၅၅။ ဤဥပဒေအရ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှအပ မည်သူမျှ သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်တစ်ရပ်ကို ပြုစုခဲ့သည့် သို့မဟုတ် ကိုင်တွယ်ဆောင်ရွက်ခဲ့သည့် လူပုဂ္ဂိုလ်ကို ဖော်ထုတ်နိုင်သော သို့မဟုတ် ဖော်ထုတ်နိုင်ဖွယ်ရှိသော မည်သည့်သတင်းအချက်အလက်ကိုမဆို ထုတ်ဖော်ပြောကြားခြင်းမပြုရ။

၅၆။ မည်သူမျှ သံသယဖြစ်ဖွယ်လွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက် သို့မဟုတ် အဆိုပါသတင်းပို့ချက်တွင်ပါဝင်သည့် သတင်းအချက်အလက်တစ်စုံတစ်ရာကို တရားရုံးက ထုတ်ဖော်ပြောကြားရန် သီးခြားခွင့်ပြုချက်မရှိလျှင် ထုတ်ဖော်ပြောကြားခြင်းမပြုရ။

၅၇။ ကြီးကြပ်ရေးအာဏာပိုင်ထံမှ ခွင့်ပြုထုတ်ပေးသည့် လိုင်စင် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကိုင်ဆောင်၍ ဆောင်ရွက်သည့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းလုပ်ငန်းများ၊ သတ်မှတ်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကိုလုပ်ကိုင်သည့် မည်သည့် လူပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းမျှ ကြီးကြပ်ရေး အာဏာပိုင်ထံ ကြိုတင်တင်ပြခြင်းမရှိဘဲ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဆ)ပါ လုပ်ငန်းတစ်ခုခုကို ဆောင်ရွက်ခြင်းမပြုရ။

## အခန်း ( ၁၃ )
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၅၈။ မည်သူမဆို ငွေကြေးခဝါချမှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံးငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သန်းငါးဆယ်မှ အများဆုံး ကျပ်သန်းတစ်ရာအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို အနည်းဆုံး ကျပ်သန်းနှစ်ရာမှ အများဆုံး ကျပ်သန်းငါးရာအထိ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်အား အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သန်းတစ်ရာမှ အများဆုံး ကျပ်သန်းသုံးရာအထိ ငွေဒဏ်ဖြစ်စေချမှတ်ရမည်။

၅၉။ (က) ငွေကြေးခဝါချမှုကို အားပေးကူညီသည့်ပြစ်မှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ငွေကြေးခဝါချမှုအတွက် သတ်မှတ်ထားသော ပြစ်ဒဏ်အတိုင်း ကျခံစေရမည်။

(ခ) ငွေကြေးခဝါချမှုကိုကျူးလွန်ရန်အားထုတ်ရာတွင် ငွေကြေးခဝါချမှုကျူးလွန်ခြင်းကို ရှေးရှုသော ပြုလုပ်မှုတစ်ခုကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေကြေးခဝါချမှုအတွက် ပြဋ္ဌာန်းထားသော အများဆုံး ထောင်ဒဏ်ကာလအပိုင်းအခြား၏ ထက်ဝက်အထိဖြစ်စေ၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၆၀။ ဘဏ်မှ တာဝန်ရှိသူမည်သူမဆို ပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂(ခ)၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၄၀၊ သို့မဟုတ် ပုဒ်မ ၅၃(ခ)တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သန်းနှစ်ရာထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ ဘဏ်အား ကျပ်သန်းငါးရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၁။ ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂(ခ)၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၄၀ သို့မဟုတ် ၅၃(ခ)တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ကျပ်သန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ ငွေရေးကြေးရေးအဖွဲ့အစည်းအား ကျပ်သန်း သုံးရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၂။ သတ်မှတ်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း (Designated Non-Financial Businesses and Professions-DNFBPs)ကို လုပ်ကိုင်သည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများမှ တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂(ခ)၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံးထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ကျပ်သန်းတစ်ရာထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ သတ်မှတ်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်း မဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလုပ်ကိုင်သည့် လူပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအား ကျပ်သန်းနှစ်ရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၃။ (က) မည်သူမဆို ပုဒ်မ ၅၃၊ ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မ ၅၇ ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှအများဆုံး ထောင်ဒဏ်နှစ်နှစ်အထိဖြစ်စေ၊ ကျပ်သန်းသုံးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ကျပ်သန်းငါးရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

(ခ) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းမှ တာဝန်ရှိသူမည်သူမဆို ပုဒ်မ ၅၃၊ ပုဒ်မခွဲ(ခ)ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်ခြောက်လမှ အများဆုံးထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ကျပ်သန်းသုံးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ ဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းအား ကျပ်သန်းငါးရာထက် မပိုသောငွေဒဏ်ချမှတ်ရမည်။

၆၄။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းမှ တာဝန်ရှိသူမည်သူမဆို ပုဒ်မ ၄၀ အရ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့ရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး ထောင်ဒဏ်နှစ်နှစ်အထိဖြစ်စေ၊ အနည်းဆုံးငွေဒဏ်ကျပ်သန်းငါးဆယ်မှ အများဆုံးကျပ်သန်းတစ်ရာအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းအား ကျပ်သန်းငါးရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၅။ မည်သူမဆို ပုဒ်မ ၄၈ ပါပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ငွေကြေး သို့မဟုတ် လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများဆိုင်ရာ လိမ်လည်ကြေညာမှုကို ပြုလုပ်လျှင်ဖြစ်စေ၊ အကောက်ခွန်အရာရှိ သက်ဆိုင်ရာအရာရှိသို့မဟုတ် အာဏာပိုင်တစ်ဦးဦးထံ ထုတ်ဖော်ကြေညာရမည့် အချက်အလက်များကိုဖုံးကွယ်လျှင်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး ထောင်ဒဏ် နှစ်နှစ်အထိဖြစ်စေ၊ ကျပ်သန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ကျပ်သန်းသုံးရာ ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေကြေးနှင့် ကိုင်ဆောင်သူက လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအား နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၆၆။ မည်သူမဆို ဤဥပဒေအရ စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း ၎င်းအား ထုတ်ဆင့်သည့် ငွေကြေးနှင့်ပစ္စည်းများဆိုင်ရာ တားမြစ်မိန့်များ၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံးထောင်ဒဏ် ၈နှစ်အထိဖြစ်စေ၊ ကျပ်သန်းနှစ်ရာထက် မပိုသော ငွေဒဏ်ဖြစ်စေချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ကျပ်သန်းသုံးရာထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၇။ သတင်းပို့အဖွဲ့အစည်းမှ တာဝန်ရှိသူမည်သူမဆို ပုဒ်မ ၅၄၊ ၅၅ သို့မဟုတ် ၅၆ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သန်းတစ်ရာထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းမှ တာဝန်ရှိသူဖြစ်ပါက ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၆၈။ မည်သည့် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းအဖွဲ့ဝင် သို့မဟုတ် စုံစမ်းစစ်ဆေးရေး အဖွဲ့ဝင်မဆို ဤဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုနှင့်စပ်လျဉ်း၍ စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းပြုရာတွင် အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံးထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ကျပ်သန်းနှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်-

(က) ပြစ်မှုကျူးလွန်သူအား အရေးယူခြင်း မပြုနိုင်စေရန် ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူကိုအရေးမယူဘဲ ထိမ်ချန်ခြင်း၊

(ခ) ငွေကြေးခဝါချရာမှရရှိသော ငွေကြေးနှင့် ပစ္စည်းကို အရေးယူခြင်းမပြုနိုင်စေရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်း၊

(ဂ) စာတမ်းအမှတ်အသားများအား ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း၊ မမှန်မကန်ရေးသွင်းခြင်း။

၆၉။ မည်သူမဆို ဤဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ ချိုးဖောက်ကြောင်း သို့မဟုတ် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် ပေါ့လျော့စွာဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားပါက ထိုသူအား ကျပ်သန်းတစ်ရာထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းအား ကျပ်သန်းသုံးရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

## အခန်း ( ၁၄ )
## နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၇၀။ တရားရုံးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်လျှင် ပြစ်မှုနှင့်သက်ဆိုင်သော အကျိုးအမြတ်၊ အသုံးပြုပစ္စည်းအပါအဝင် သက်သေခံပစ္စည်းအားလုံးကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

၇၁။ သက်ဆိုင်ရာတရားရုံးသည် ဤဥပဒေအရ စစ်ဆေးစီရင်သော အမှုတွင် အမိန့်ချမှတ်သည့် ငွေဒဏ်၏ ၂၅ ရာခိုင်နှုန်းကို ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ရန်ပုံငွေသို့ ပေးသွင်းရန် အမိန့်ချမှတ်ရမည်။

## အခန်း ( ၁၅ )
## နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၇၂။ ဗဟိုအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ကြီးကြပ်ရေးအာဏာပိုင်၊ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းနှင့် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများသည် အောက်ပါကိစ္စရပ်များအပါအဝင် သင့်လျော်သော အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းဝင်နိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်-

(က) ငွေကြေးခဝါချမှု၊ ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သောပြစ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်သက်ဆိုင်သည့် အခြားသတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ လုံခြုံစိတ်ချရသောနည်းလမ်းအသုံးပြု၍ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းထံသို့ ဆောလျင်စွာပေးအပ်ခြင်းနှင့် ပြည်တွင်းပြည်ပမိတ်ဖက်အဖွဲ့အစည်းများ၏ တောင်းဆိုချက်အား သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ပေးအပ်ခြင်း၊

(ခ) ငွေကြေးခဝါချမှု၊ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်ဆက်နွှယ်သည့် ငွေကြေးနှင့်ပစ္စည်းများအား အတည်ပြုဖော်ထုတ်ခြင်း၊ ထိန်းချုပ်ခြင်း၊ သိမ်းဆည်းခြင်းနှင့် နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်း အပါအဝင်ပြစ်မှုဆိုင်ရာ အကူအညီတောင်းခံသည့်ကိစ္စရပ်များ၌ "ပြစ်မှုဆိုင်ရာ **စာမျက်နှာ ၂၆ သို့ ▲**

▲ စာမျက်နှာ ၂၅ မှအဆက်

ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး ဥပဒေ"နှင့်အညီ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့် နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများ သဘောတူညီချက်များဖြင့် ဆောင်ရွက်ခြင်း၊

(ဂ) မှုခင်းများ စုံစမ်းစစ်ဆေးဖော်ထုတ်အရေးယူခြင်းနှင့် စပ်လျဉ်း၍ ပြည်ပနိုင်ငံများမှ တရားခံလွှဲပြောင်းရေး တောင်းဆိုမှုများနှင့် အခြားပုံစံများဖြင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပူးတွဲစစ်ဆေးခြင်း၊ စုံစမ်းထောက်လှမ်းချက်ဖလှယ်ခြင်းနှင့် တားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့တွင် ပါဝင်ခြင်း၊

(င) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်းနှင့် တားဆီးနှိမ်နင်းခြင်းကိစ္စရပ်များအတွက် အဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းနှင့် နည်းပညာအကူအညီများပေးအပ်ခြင်း၊ လက်ခံခြင်း၊

(စ) ဖြစ်ပေါ်လာသည့် ခြိမ်းခြောက်မှုများနှင့် ပြစ်မှုကျူးလွန်သည့် နည်းပုံစံများအပေါ် အခြေခံ၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး နည်းပညာသစ်များပေါ်ထွန်းရေး၊ မူဝါဒပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် သုတေသနလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) တိကျမှန်ကန်ပြီး နောက်ဆုံးအခြေအနေနှင့်ကိုက်ညီသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများနှင့် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုများ၏ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ သတင်းအချက်အလက်များကို သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက အချိန်နှင့်တစ်ပြေးညီ ရယူနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများချမှတ်ခြင်း၊ အဆိုပါသတင်းအချက်အလက်များကို နိုင်ငံတကာနှင့် သတင်းဖလှယ်နိုင်ရေးအတွက် ဆောင်ရွက်ခြင်း။

## အခန်း ( ၁၆ )

## ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ရန်ပုံငွေ

၇၃။ ဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ရန်ပုံငွေကို အောက်ပါရငွေများ၊ ပစ္စည်းများဖြင့် ထူထောင်နိုင်သည်-

(က) တည်ဆဲဥပဒေနှင့်အညီ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေ၊

(ခ) ဤဥပဒေပုဒ်မ ၇၁ အရ တရားရုံးက အမိန့်ချမှတ်သည့် ငွေဒဏ်၏ ၂၅ ရာခိုင်နှုန်း၊

(ဂ) ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ ထောက်ပံ့လှူဒါန်းငွေနှင့် ပစ္စည်းများ၊

(ဃ) ဤဥပဒေပုဒ်မ ၄၄ (ဃ) အရ စီမံခန့်ခွဲမှုဆိုင်ရာနည်းလမ်းဖြင့် အရေးယူမှုများမှရရှိသည့် ဒဏ်ကြေးငွေများ။

၇၄။ ဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးရန်ပုံငွေကို အောက်ပါလုပ်ငန်းများတွင် အသုံးပြုရန်နှင့် ကုန်ကျစရိတ်များကျခံရန်ခွင့်ပြုနိုင်သည်-

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်း၊

(ခ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ စုံစမ်းစစ်ဆေးရေးအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ လိုအပ်သောကုန်ကျစရိတ်များ၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် ဖော်ထုတ်ရာတွင် အကူအညီပေးသည့် ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ထိုက်သင့်သည့် ဆုငွေချီးမြှင့်ခြင်း၊

(ဃ) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေးအစီအစဉ်များ၊ စွမ်းရည်မြှင့်တင်ရေးအစီအမံများ ဆောင်ရွက်ခြင်း၊

(င) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများအတွက် အထောက်အကူပြုပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း၊

(စ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သူကိုဆုချီးမြှင့်ခြင်း၊

(ဇ) ဗဟိုအဖွဲ့ကသတ်မှတ်သော အခြားလိုအပ်သည့်ကိစ္စများနှင့် အခြားအရေးပေါ်လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

၇၅။ (က) ဗဟိုအဖွဲ့သည် ရန်ပုံငွေထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ထောက်ပံ့လှူဒါန်းထားသောပစ္စည်းများ စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း ရန်ပုံငွေစီမံခန့်ခွဲခြင်းဆိုင်ရာစည်းမျဉ်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့်ညှိနှိုင်း၍ သတ်မှတ်ရမည်။

( ခ ) ရန်ပုံငွေသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဗဟိုအဖွဲ့၏ ရုံးအဖွဲ့က ငွေထုတ်သူအရာရှိအဖြစ် ဆောင်ရွက်ရမည်။

( ဂ ) ဗဟိုအဖွဲ့၏ ရုံးအဖွဲ့သည် ရန်ပုံငွေသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ စနစ်တကျစာရင်းပြုစုထားရှိပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ၏စစ်ဆေးခြင်းကိုခံယူရမည်။

## အခန်း(၁၇)

## အထွေထွေ

၇၆။ ဗဟိုအဖွဲ့သည် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အတွက် ဘဏ္ဍာငွေခွဲဝေသတ်မှတ်ချက်ကို သီးခြားသတ်မှတ်ဆောင်ရွက်ပေးနိုင်သည်။

၇၇။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်သည့် သတင်းပို့အဖွဲ့အစည်း သို့မဟုတ် ယင်း၏ ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် ဝန်ထမ်းများကို ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ စည်းကမ်းထိန်းသိမ်းမှု သို့မဟုတ် စီမံခန့်ခွဲမှုနည်းလမ်းများအရဖြစ်စေ အရေးယူခြင်းမပြုရ။

(ခ) သတင်းပို့အဖွဲ့အစည်း သို့မဟုတ် ယင်းတို့၏ ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် ဝန်ထမ်းများက လိုက်နာရမည့် ငွေရေးကြေးရေးနှင့် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုဆိုင်ရာ လျှို့ဝှက်ချက်ထားရှိရေးနှင့် လုံခြုံမှုသတိပြုရေးဆိုင်ရာပြဋ္ဌာန်းချက်များကို ဤဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များက လွှမ်းမိုးသည်။

၇၈။ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များမဟုတ်ကြောင်း သက်သေထင်ရှားတင်ပြရန်တာဝန်သည် စွပ်စွဲခံရသူတွင် ရှိစေရမည်။

၇၉။ တရားစွဲအဖွဲ့အစည်းသည် ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များနှင့်စပ်လျဉ်း၍ တရားစွဲဆိုရာတွင်-

(က) ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များသည် ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှရရှိကြောင်း သက်သေထင်ရှားတင်ပြနိုင်လျှင် ဥပဒေကြောင်းအရ မြင်သာသောအထောက်အထားဖြစ်သည်ဟုမှတ်ယူရမည်။ ယင်းငွေကြေးနှင့်ပစ္စည်းများကို ရရှိစေခဲ့သည့် မူလပြစ်မှုကို မည်ကဲ့သို့ကျူးလွန်ခဲ့ကြောင်းနှင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရကြောင်းကို သက်သေတင်ပြရန် လိုအပ်ခြင်း မရှိစေရ။

( ခ ) ပုဒ်မခွဲ(က)ပါ ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ၏ပမာဏကို ထည့်သွင်းစဉ်းစားခြင်းမပြုရ။

(ဂ) ငွေကြေးခဝါချမှုပြစ်မှုမြောက်စေရန် လိုအပ်ချက်ဖြစ်သော အသိအမြင်၊ သံသယဖြစ်မှု၊ ရည်ရွယ်ချက် သို့မဟုတ် ကြံရွယ်ချက်များကို ဖြစ်ရပ်မှန်အကြောင်းခြင်းရာများမှ ကောက်ယူနိုင်သည်။

၈၀။ ဤဥပဒေအရ အရေးယူပိုင်ခွင့်ရှိသည့်ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၈၁။ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၊ ကြီးကြပ်ရေးအာဏာပိုင်နှင့် သတင်းပို့အဖွဲ့အစည်းသည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းများအား ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကူညီပံ့ပိုးခြင်းများ ပြုလုပ်ရမည်။

၈၂။ ငွေကြေးခဝါချရာမှရရှိသော ငွေကြေးနှင့်ပစ္စည်းများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်းခံနေရသူမဟုတ်သော၊ အခြားသူတစ်ဦးတစ်ယောက်က ယင်းငွေကြေးနှင့်ပစ္စည်းများအား သဘောရိုးဖြင့်ထိုက်တန်သည့် အဖိုးစားနားပေး၍ လွှဲပြောင်းရယူထားခြင်းဖြစ်ကြောင်း သက်သေထင်ရှားတင်ပြနိုင်ပါက ယင်း၏ရပိုင်ခွင့်နှင့် အခွင့်အရေးတို့ကို ထိခိုက်ခြင်းမရှိစေရ။

၈၃။ မည်သူမဆို ဤဥပဒေအရ ငွေကြေးခဝါချမှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ဆောင်ရွက်ရာတွင် စစ်ဆေးခံရသူအပေါ် တရားမျှတစွာပြုမူဆက်ဆံရေးနှင့် အခြားခံစားခွင့်အခွင့်အရေးများ ရရှိစေရေးတို့အတွက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၈၄။ ငွေကြေးခဝါချမှုဖြင့်စွပ်စွဲခံရပြီး ဖမ်းဆီးချုပ်နှောင်ခြင်းခံရသူသည် နိုင်ငံခြားသားဖြစ်ပါက ယင်း၏ အခွင့်အရေးများရရှိရေးအတွက် ယင်းပုဂ္ဂိုလ်နိုင်ငံသားဖြစ်သည့် နိုင်ငံ၏အနီးစပ်ဆုံး သင့်လျော်ရာသံရုံးသို့ဖြစ်စေ၊ ကောင်စစ်ဝန်ရုံးသို့ဖြစ်စေ၊ ကိုယ်စားလှယ်ထံသို့ဖြစ်စေ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ဆက်သွယ်အကြောင်းကြားနိုင်ရန် အခွင့်အရေး ရရှိစေရမည်။

၈၅။ ဗဟိုအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ကြီးကြပ်ရေးအာဏာပိုင်၊ သတင်းပို့အဖွဲ့အစည်း၊ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရသည့် အခြားသောအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ယင်းဌာနအဖွဲ့အစည်းများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးသည် မိမိတာဝန်ထမ်းဆောင်နေစဉ်အတွင်း လက်ခံရရှိသည့် မည်သည့်သတင်းအချက်အလက်ကိုမဆို တာဝန်ပြီးဆုံးသည့်တိုင်အောင် လျှို့ဝှက်ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး တာဝန်ရှိသူတိုင်းသည် ရရှိထားသော သတင်းအချက်အလက်များကို ဤဥပဒေပါပြဋ္ဌာန်းချက် သို့မဟုတ် တရားရုံး၏ အမိန့်အရသာအသုံးပြုနိုင်သည်။ ဤပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ပါက မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေအရ အရေးယူခြင်းခံရမည်။

၈၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ကြီးကြပ်ရေးအာဏာပိုင်တို့သည် လိုအပ်သောညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဃ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။

၈၇။ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၆/၂၀၀၂)အရဖြစ်စေ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁/၂၀၁၄)အရဖြစ်စေ ထုတ်ပြန်ခဲ့သည့်နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၈၈။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁/၂၀၁၄)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။


---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ**

○ **ကျောဖုံးမှအဆက်**

ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့များက သွားရောက်စစ်ဆေးရာ မတ်လ ၁၄ ရက် (ယနေ့)ညနေ ၄ နာရီခန့်တွင် မြဝတီမြို့နယ်၊ မဲ့ထော်သလေးကျေးရွာ၏ အရှေ့တောင်ဘက် ၂၅၀၀ မီတာအကွာရှိ အဆောက်အအုံနှင့်နေအိမ်များအတွင်းပုန်းအောင်းနေသည့် တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား ၄၃ ဦး၊ ဖိလစ်ပိုင်နိုင်ငံသားအမျိုးသား ၁ ဦးနှင့် ထိုင်းနိုင်ငံသားအမျိုးသမီး ၁ ဦး စုစုပေါင်း ၄၅ ဦးကိုလည်းကောင်း၊ မဲ့ထော်သလေးကျေးရွာ၏ အရှေ့တောင်ဘက် ၂၈၀၀ မီတာအကွာရှိအဆောက်အအုံနှင့် နေအိမ်များအတွင်း၌ ပုန်းအောင်းနေသည့် တရားမဝင်တရုတ်နိုင်ငံသားအမျိုးသား ၂၆ ဦးနှင့် အမျိုးသမီး ၁ ဦး၊ စုစုပေါင်း ၂၇ ဦးကိုလည်းကောင်း၊ မဲ့ထော်သလေးကျေးရွာ၏ အရှေ့တောင်




ဘက် ၂၇၀၀ မီတာအကွာရှိအဆောက်အအုံနှင့် နေအိမ်များအတွင်း၌ ပုန်းအောင်းနေသည့် တရားမဝင် တရုတ်နိုင်ငံသားအမျိုးသား ၁၀ ဦး၊ မလေးရှားနိုင်ငံသားအမျိုးသား ၁ ဦး၊ ဖိလစ်ပိုင်နိုင်ငံသားအမျိုးသမီး ၁ ဦး၊ ထိုင်းနိုင်ငံသားအမျိုးသမီး ၁ ဦးနှင့် ဗီယက်နမ်နိုင်ငံသားအမျိုးသမီး ၁ ဦး၊ စုစုပေါင်း ၁၄ ဦးကိုလည်းကောင်း အသီးသီးတွေ့ရှိဖမ်းဆီးထိန်းသိမ်းခဲ့သည်။

အဆိုပါ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားအမျိုးသား ၇၉ ဦးနှင့် အမျိုးသမီး ၁ ဦး၊ ထိုင်းနိုင်ငံသားအမျိုးသမီး ၂ ဦး၊ ဖိလစ်ပိုင်နိုင်ငံသားအမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၁ ဦး၊ မလေးရှားနိုင်ငံသားအမျိုးသား ၁ ဦး၊ ဗီယက်နမ်နိုင်ငံသားအမျိုးသမီး ၁ ဦး၊ စုစုပေါင်း တရားမဝင် ပြည်ပနိုင်ငံသား ၈၆ ဦးတို့အား မြဝတီမြို့၌ ထိန်းသိမ်းထားရှိပြီး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့်မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)




မလေးရှားနိုင်ငံသား



တရုတ်နိုင်ငံသား



တရုတ်နိုင်ငံသား



ဖိလစ်ပိုင်နိုင်ငံသား



တရုတ်နိုင်ငံသားများ



တရုတ်နိုင်ငံသားများ



တရုတ်နိုင်ငံသားများ



တရုတ်နိုင်ငံသားများ



တရုတ်နိုင်ငံသားများ



တရုတ်နိုင်ငံသားများ

မြဝတီမြို့နယ်၊ မဲ့ထော်သလေးကျေးရွာဝန်းကျင်အနီး တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

**ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ**

၁၅-၃-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၃၀ | ၂၉၄၀ | ၂၉၁၀ | ၂၈၄၅ | ၂၉၅၀ | ၂၉၆၅ | ၂၉၈၀ | ၂၉၀၀ | ၄၅၀၅ | ၃၁၉၅ | ၂၉၁၅ | ၃၃၃၀ | ၂၉၉၀ | ၂၉၅၅ | ၂၉၇၅ | ၃၂၃၀ |
| 95 Ron | ၂၉၃၀ | ၃၀၄၅ | ၃၀၁၀ | ၂၉၄၅ | ၃၀၅၀ | ၃၀၆၅ | ၃၀၈၅ | ၃၀၀၀ | ၄၅၆၀ | ၃၂၉၅ | ၃၀၂၀ | ၃၄၇၀ | ၃၀၉၀ | ၃၀၅၅ | ၃၀၇၅ | ၃၃၃၅ |
| HSD (500 ppm) | ၃၂၀၅ | ၃၃၂၀ | ၃၂၈၅ | ၃၂၂၀ | ၃၃၂၅ | ၃၃၄၀ | ၃၃၆၀ | ၃၂၇၅ | - | ၃၅၇၀ | ၃၂၉၅ | ၄၁၈၅ | ၃၃၆၅ | ၃၃၃၀ | ၃၃၅၀ | ၃၆၁၀ |
| HSD (50 ppm) | ၃၅၆၀ | ၃၆၇၅ | ၃၆၄၀ | ၃၅၇၅ | ၃၆၈၀ | ၃၆၉၅ | ၃၇၁၅ | ၃၆၃၅ | ၄၈၃၀ | ၃၉၂၅ | ၃၆၅၀ | ၄၂၂၅ | ၃၇၂၀ | ၃၆၈၅ | ၃၇၁၀ | ၃၉၆၅ |
| HSD (10 ppm) | ၃၅၆၀ | ၃၆၇၅ | ၃၆၄၀ | ၃၅၇၅ | ၃၆၈၀ | ၃၆၉၅ | ၃၇၁၅ | ၃၆၃၅ | - | ၃၉၂၅ | ၃၆၅၀ | ၄၂၂၅ | ၃၇၂၀ | ၃၆၈၅ | ၃၇၁၀ | ၃၉၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၆၂ | ၂၇၄၉ |
| 95 Ron | ၂၇၆၁ | ၂၈၅၀ |
| HSD (500 ppm) | ၃၀၂၇ | ၃၁၁၈ |
| HSD (50 ppm) | ၃၃၇၂ | ၃၄၆၉ |
| HSD (10 ppm) | ၃၃၇၂ | ၃၄၆၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ပရီးမီးယားလိဂ်ပြိုင်ပွဲ စပိန်လာလီဂါပြိုင်ပွဲနှင့် အီတလီစီးရီးအေပြိုင်ပွဲများ ပွဲကြိုသုံးသပ်ချက်




## မန်ယူ Vs အက်စ်တွန်ဗီလာ

**ကစားမည့် ရက် / အချိန်**

(၁၅-၃-၂၀၂၆ ရက် ည ၈:၃၀ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

အက်စ်တွန်ဗီလာ ၂ - ၁ မန်ယူ

မန်ယူ ၂ - ၀ အက်စ်တွန်ဗီလာ

အက်စ်တွန်ဗီလာ ၀ - ၀ မန်ယူ

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| မန်ယူ | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |
| အက်စ်တွန်ဗီလာ | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(နိုင်) |

**ခန့်မှန်းရလဒ်**

မန်ယူ ၂ - ၁ အက်စ်တွန်ဗီလာ

မန်ယူအသင်းက ပြီးခဲ့တဲ့ပွဲစဉ်မှာ ရှုံးပွဲကြုံခဲ့ပြီး ရမှတ်ဆုံးရှုံးခဲ့လို့ အခုအိမ်ကွင်းပွဲစဉ်မှာတော့ ရမှတ်ပြည့်ရရှိဖို့ အမှားခံမှာမဟုတ်ပါဘူး။ မန်ယူအသင်းက လက်ရှိနည်းပြ ကာရစ်လက်အောက်မှာ ရလဒ်ပိုင်း၊ ခြေစွမ်းပိုင်းနဲ့ စိတ်ဓာတ်ပိုင်းမှာပါ အမြင့်ဆုံးကို ပြန်လည်ရောက်ရှိနေတာတွေ့ရမှာပါ။ မန်ယူအသင်းက နယူးကာဆယ်အသင်းနဲ့ပွဲစဉ်မှာ တစ်ပွဲတည်းရှုံးနိမ့်ထားပြီး အမှတ်ပေးဇယားမှာလည်း အဆင့်(၃)နေရာအထိ ပြန်လည်တက်ရောက်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ မန်ယူအသင်းအတွက် အခုပွဲစဉ်မှာပါ ထပ်မံခြေချော်ခဲ့မယ်ဆိုရင်တော့ အဆင့်(၄)ပြင်ပကို ရောက်ရှိသွားနိုင်တာကြောင့် အကောင်းဆုံးပြင်ဆင်လာမှာပါ။ မန်ယူအသင်းက အိမ်ကွင်းမှာဆိုရင် အက်စ်တွန်ဗီလာအသင်းနဲ့ကစားရတိုင်း ရလဒ်ကောင်းလေ့ရှိပြီး ၂၀၂၂ ခုနှစ်နောက်ပိုင်း အိမ်ကွင်းမှာ အက်စ်တွန်ဗီလာအသင်းကို ရှုံးနိမ့်ထားခြင်းမရှိသေးတဲ့အထိ အသာစီးရယူထားပါတယ်။

အက်စ်တွန်ဗီလာအသင်းအတွက်ကလည်း ပရီးမီးယားလိဂ်ပြိုင်ပွဲမှာ သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးပြီးနောက် အမှတ်ပေးဇယားအဆင့်(၄)နေရာကျဆင်းခဲ့ရပြီး အခုပွဲစဉ်မှာသာ နိုင်ပွဲပျောက်ဆုံးမယ်ဆိုရင် ထပ်မံအဆင့်ကျဆင်းနိုင်တဲ့အခြေအနေမှာ ရှိနေပါတယ်။ အက်စ်တွန်ဗီလာအသင်းက နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်း သိသိသာသာကျဆင်းနေပြီး ဝက်စ်ကင်ဦးဆောင်နေတဲ့ တိုက်စစ်ပိုင်းက ဂိုးသွင်းအားတွေကျဆင်းနေလို့ အခုအဝေးကွင်းပွဲစဉ်မှာလည်း ရုန်းကန်ရနိုင်ပါတယ်။ အက်စ်တွန်ဗီလာအသင်းရဲ့ ဒီရာသီပရီးမီးယားလိဂ်အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင်လည်း ၁၄ ပွဲမှာ ခြောက်ပွဲနိုင်၊ လေးပွဲသရေနဲ့ လေးပွဲရှုံးနိမ့်ထားလို့ သာမန်ခြေစွမ်းပိုင်းပဲရှိတာကို တွေ့ရမှာပါ။

နှစ်သင်းကြားတွေ့ဆုံမှုပိုင်းကို ကြည့်မယ်ဆိုရင်တော့ မန်ယူအသင်းက ၁၉ ကြိမ် အနိုင်ရရှိထားပါတယ်။ အက်စ်တွန်ဗီလာအသင်းကတော့ သုံးကြိမ်သာအနိုင်ရရှိပြီး ခြောက်ကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ မန်ယူအသင်းက အသာစီးမှာရှိနေပါတယ်။ ဒါကြောင့် လက်ရှိခြေစွမ်းပိုင်းရော အိမ်ရှင်အားသာချက်ပါ အသာစီးမှာရှိနေတဲ့ မန်ယူအသင်းပဲ အနိုင်ရယူသွားမှာပါ။

## ဘာစီလိုနာ Vs ဆီဗီလာ

**ကစားမည့် ရက် / အချိန်**

(၁၅-၃-၂၀၂၆ ရက် ည ၉:၄၅ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

ဆီဗီလာ ၄ - ၁ ဘာစီလိုနာ

ဘာစီလိုနာ ၅ - ၁ ဆီဗီလာ

ဘာစီလိုနာ ၅ - ၁ ဆီဗီလာ

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| ဘာစီလိုနာ | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(သရေ) |
| ဆီဗီလာ | ဝေး(နိုင်) | ဝေး(သရေ) | အိမ်(သရေ) |

**ခန့်မှန်းရလဒ်**

ဘာစီလိုနာ ၂ - ၁ ဆီဗီလာ

ဘာစီလိုနာအသင်းအတွက် ဆီဗီလာအသင်းကို နှစ်ပွဲဆက်ဂိုးပြတ်ရှုံးနိမ့်ခဲ့တာကို ချေပနိုင်ဖို့ အိမ်ကွင်းမှာ အကောင်းဆုံးပြင်ဆင်လာမှာပါ။ ဘာစီလိုနာအသင်းက အမှတ်ပေးဇယားထိပ်ဆုံးက ဦးဆောင်နေတယ်ဆိုပေမယ့် အဆင့်(၂) နေရာက ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေလို့ အခုလိုအိမ်ကွင်းပွဲစဉ်တွေမှာ ရမှတ်ပြည့်ရရှိဖို့လိုအပ်နေပါတယ်။ ဘာစီလိုနာအသင်းရဲ့ ဒီရာသီ စပိန်လာလီဂါအိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကိုကြည့်မယ်ဆိုရင်လည်း ၁၃ ပွဲကစားပြီးချိန်မှာ ၁၃ ပွဲစလုံးအနိုင်ရရှိထားပြီး ရာနှုန်းပြည့်နိုင်ပွဲရရှိထားတဲ့အထိ ကောင်းမွန်နေတာကို တွေ့ရမှာပါ။ ရာဖင်ဟာ၊ ယာမယ်နဲ့ လီဝန်ဒေါ့စကီးတို့ဦးဆောင်နေတဲ့ ဘာစီလိုနာအသင်းတိုက်စစ်ပိုင်းကလည်း ဂိုးသွင်းအားကောင်းနေလို့ ဆီဗီလာအသင်းခံစစ်ပိုင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ လက်ရှိဘာစီလိုနာအသင်းရဲ့ ခြေစွမ်းပိုင်းကလည်း အိမ်ကွင်းမှာ ဆီဗီလာအသင်းကို အနိုင်ရယူဖို့ ခက်ခဲမှာမဟုတ်လို့ အိမ်ကွင်းမှာ ဆီဗီလာအသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်မှာပါ။

ဆီဗီလာအသင်းက ရမှတ် ၃၁ မှတ်နဲ့အဆင့်(၁၄)နေရာမှာ ရပ်တည်နေတယ်ဆိုပေမယ့် တန်းဆင်းဇုန်က မာယော့ကာအသင်းနဲ့ ရမှတ်ကွာဟချက် ခြောက်မှတ်သာရှိနေလို့ ရမှတ်လိုအပ်ချက်တွေရှိနေပါတယ်။ ဆီဗီလာအသင်းရဲ့ ဒီရာသီစပိန်လာလီဂါ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင်လည်း ၁၃ ပွဲကစားပြီးချိန်မှာ လေးပွဲသာအနိုင်ရရှိပြီး သုံးပွဲသရေရလဒ်နဲ့ ခြောက်ပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းဆိုရင် ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာကို တွေ့ရမှာပါ။ ဆီဗီလာအသင်းရဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်မယ်ဆိုရင်လည်း တစ်ပွဲမှရှုံးနိမ့်ထားတာမရှိဘူးဆိုပေမယ့် လေးပွဲအထိ သရေရလဒ်ထွက်ပေါ်ထားပြီး တစ်ပွဲတည်းပဲအနိုင်ရရှိခဲ့တာကြောင့် ရုန်းကန်နေရလို့ အခုအဝေးကွင်းပွဲစဉ်မှာလည်း ဘာစီလိုနာအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ကတော့ ခက်ခဲနေမှာအမှန်ပါပဲ။

နှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုပိုင်းကို ကြည့်မယ်ဆိုရင် ဘာစီလိုနာအသင်းက ၃၁ ကြိမ်အနိုင်ရရှိထားပါတယ်။ ဆီဗီလာအသင်းက ငါးကြိမ်အနိုင်ရရှိပြီး ခုနစ်ကြိမ် သရေရလဒ်ထွက်ပေါ်ထားလို့ ဘာစီလိုနာအသင်းက အပြတ်အသတ်အသာစီးမှာရှိနေပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ ဂိုးပြတ်ဖို့ခက်ခဲနိုင်ပေမယ့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဘာစီလိုနာအသင်းပဲ အနိုင်ရမှာသေချာပါတယ်။



## ကိုမို Vs ရိုးမား

**ကစားမည့် ရက် / အချိန်**

(၁၅-၃-၂၀၂၆ ရက် ည ၁၁:၃၀ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

ရိုးမား ၁ - ၀ ကိုမို

ရိုးမား ၂ - ၁ ကိုမို

ကိုမို ၂ - ၀ ရိုးမား

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| ကိုမို | အိမ်(နိုင်) | အိမ်(သရေ) | ဝေး(နိုင်) |
| ရိုးမား | အိမ်(သရေ) | ဝေး(ရှုံး) | ဝေး(သရေ) |

**ခန့်မှန်းရလဒ်**

ကိုမို ၂ - ၁ ရိုးမား

နည်းပြဖာဘရီဂတ်လက်အောက်မှာ ပုံစံကောင်းတွေရရှိနေပြီး ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်အတွက် တောင် မျှော်လင့်ချက်ရှိနေတဲ့ ကိုမိုအသင်းက အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့ အကောင်းဆုံးပြင်ဆင်လာမှာပါ။ ကိုမိုအသင်းက အဆင့်(၄)နေရာမှာ ရပ်တည်နေပြီး ရိုးမားအသင်းက အဆင့် (၅)နေရာမှာ ရပ်တည်နေလို့ ကိုမိုအသင်းအတွက် ဒီပွဲစဉ်မှာ အနိုင်ရရှိမယ်ဆိုရင် ရိုးမားအသင်းကိုလည်း ရမှတ်ဆက်ပြီးဖြတ်တောက်နိုင်မှာပါ။ ဒီရာသီ ကိုမိုအသင်းရဲ့ စီးရီးအေအိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကိုကြည့်မယ်ဆိုရင်လည်း ၁၄ ပွဲမှာ ခုနစ်ပွဲနိုင်၊ ငါးပွဲသရေနဲ့ နှစ်ပွဲတည်းသာ ရှုံးနိမ့်ခဲ့လို အိမ်ကွင်းဆိုရင် ရလဒ်ကောင်းလေ့ရှိတာကိုတွေ့ရမှာပါ။ ကိုမိုအသင်းက နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာလည်း တစ်ပွဲမှ ရှုံးနိမ့်ထားခြင်းမရှိဘဲ သုံးပွဲနိုင်၊ နှစ်ပွဲသရေရလဒ်ရရှိအောင်စွမ်းဆောင်ထားပြီး ဂျူဗင်တပ်စ်အသင်းကို အနိုင်ရရှိခဲ့သလို အင်တာမီလန်နဲ့ အေစီမီလန်အသင်းတို့ကိုလည်း သရေရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။

ရိုးမားအသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ စီးရီးအေသုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးပြီးနောက် အဆင့်(၄)နေရာကျဆင်းခဲ့ရပါတယ်။ ရိုးမားအသင်းက နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာလည်း တစ်ပွဲတည်းသာအနိုင်ရရှိပြီး နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ထားပါတယ်။ ရိုးမားအသင်းရဲ့ ဒီရာသီ စီးရီးအေအဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင်လည်း ၁၄ ပွဲမှာ ခုနစ်ပွဲသာအနိုင်ရရှိပြီး တစ်ပွဲသရေရလဒ်နဲ့ ခြောက်ပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းဆိုရင် ခြေစွမ်းပိုင်းက စိတ်ချလို့မရတာကို တွေ့ရမှာပါ။ လက်ရှိ ခြေစွမ်းပိုင်းအရလည်း အကျဘက်ရောက်နေသလို အဝေးကွင်းလည်းဖြစ်နေတာကြောင့် ကိုမိုအသင်းကို ပွဲချိန်ပြည့်ရင်ဆိုင်ဖို့ ခက်ခဲနေမှာပါ။ ရိုးမားအသင်းခံစစ်ပိုင်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ တည်ငြိမ်မှုအားနည်းနေလို့ ကိုမိုအသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့လိုအပ်ချက်တွေရှိနေမှာပါ။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကို ကြည့်မယ်ဆိုရင်တော့ ရိုးမားအသင်းက နှစ်ကြိမ်အနိုင်ရရှိထားပါတယ်။ ကိုမိုအသင်းကတော့တစ်ကြိမ်အနိုင်ရရှိထားလို့ ကွာခြားမှုကြီးကြီးမားမားမရှိပါဘူး။ ဒါကြောင့် အခုပွဲစဉ်မှာ အိမ်ရှင်အားသာချက်အခွင့်အရေးလည်းရှိနေတဲ့ ကိုမိုအသင်းပဲ လိုအပ်တဲ့ နိုင်ပွဲကိုရယူသွားပါလိမ့်မယ်။

**စည်သူအောင်**

# ပဲခူးမြို့တော် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပဲခူး မတ် ၁၄**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့တော် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးအား သတ္တမအကြိမ်မြောက် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနေမှုနှင့် ရင်ပြင်တော်ပေါ်ရှိ ဘက်စုံပြုပြင်မွမ်းမံနေမှုတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် ပဲခူးမြို့ ကျောက်တွင်းကုန်းလမ်းဆုံးအနီး၌ ဟံသာဝတီ ရှေးဟောင်းကျုံးဘေးနံရံ ဆလံလျှောဂဝံစီခြင်းလုပ်ငန်းဆောင်ရွက်နေမှုအားလည်းကောင်း၊ ကျောက်ကြီးစုရပ်ကွက် ရေကြီးရေလျှံမှု လျော့နည်းသက်သာစေရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ကုလားရိုက်ရိုး၂ ဒသမ ၂၅ မိုင် တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအားလည်းကောင်း၊ ပဲခူးမြို့ ရန်ကုန်–မန္တလေး လမ်းကူးတံတား (အထက်/အောက်) ပဲခူးမြစ်ကမ်းပါးအား Bored Pile အခြေပြု ကျောက်/ကွန်ကရစ် မြေထိန်းနံရံပေ ၁၀၀၀ ပြုလုပ်တည်ဆောက်ခြင်းနှင့် ဇိုင်းဂနိုင်းမြောက်ပိုင်း ပန်းခြံတည်ဆောက်နေမှုတို့အားလည်းကောင်း၊ ပဲခူးမြို့၏ အထင်ကရဖြစ်သည့် ကမ္ဘောဇသာဒီနန်းတော်ကြီး ဘက်စုံအဆင့်မြှင့်တင်နေမှုအားလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(၄၁၀)**

**▲ Road Bike စက်ဘီးပြိုင်ပွဲမှ**

ကန်ရိပ်သာလမ်း၌ကျင်းပရာ ကစားသမား ၃၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။


ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ကန်ရိပ်သာလမ်းနှင့် ဦးအောင်မြတ်လမ်းထောင့်ရှိ တင့်ကားကုန်းဝင်ပေါက်ရှေ့မှ အချက်ပေးသေနတ်ပစ်ဖောက်ကာပြိုင်ပွဲကိုဖွင့်လှစ်တာလွှတ်ပေးသည်။

တာလွှတ်သည်နှင့် ပြိုင်ပွဲဝင်အားကစားသမားများသည် ကန်ရိပ်သာလမ်းအတိုင်း ကန်တော်ကြီးကိုပတ်ကာ အမျိုးသားပြိုင်ပွဲဝင်များကခုနစ်ပတ်နှင့် အမျိုးသမီးပြိုင်ပွဲဝင်များကငါးပတ်စီးနင်း၍ တာလွှတ်သည့်နေရာသို့ပြန်လည်ပန်းဝင်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး စက်ဘီးဆပ်ကော်မတီဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ စက်ဘီးဝါသနာရှင်များက ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲကိုဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး စက်ဘီးဆပ်ကော်မတီဥက္ကဋ္ဌနှင့် အမှုဆောင်များက အမျိုးသား/အမျိုးသမီး(အလွတ်တန်း) Road Bike စက်ဘီးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုကြေးငွေကျပ်ငါးသိန်း၊ ဒုတိယဆုငွေကျပ် လေးသိန်း၊ တတိယဆုငွေကျပ်သုံးသိန်း၊ စတုတ္ထဆုငွေကျပ်နှစ်သိန်း၊ ပဉ္စမဆုငွေကျပ်တစ်သိန်းခွဲ၊ ဆဋ္ဌမဆုငွေကျပ် တစ်သိန်းနှင့် အဆင့်(၇)မှအဆင့်(၃၀)အထိဝင်ရောက်သူများအား တစ်ဦးလျှင် ငွေကျပ်ငါးသောင်း၊ ပြိုင်ပွဲဝင်အားလုံးအတွက်တစ်ဦးလျှင် ငွေကျပ်သုံးသောင်းချီးမြှင့်သည်။

အဆိုပါအမျိုးသား/အမျိုးသမီး(အလွတ်တန်း) Road Bike စက်ဘီးပြိုင်ပွဲတွင် အမျိုးသားစက်ဘီးအားကစားသမား ၃၂၀ ဦး၊ အမျိုးသမီး ၄၃ ဦး စုစုပေါင်း ၃၆၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ အမျိုးသားပြိုင်ပွဲတွင် စက်ဘီးအားကစားသမား ကောင်းထက်လင်းက ပထမ၊ ရဲမြတ်ကျော်က ဒုတိယနှင့် ဝေလျှံအောင်က တတိယဆုများရရှိခဲ့ကြပြီး အမျိုးသမီးပြိုင်ပွဲတွင် စက်ဘီးအားကစားသမား လှလှနွယ်က ပထမ၊ အဲလ်ပွင့်ကဒုတိယနှင့် နန်းလှသင်းဖြူက တတိယဆုများအသီးသီးဆွတ်ခူးရရှိခဲ့ကြကြောင်း သိရသည်။

**ဝန်းရံခ**




**❒ ကျောဖုံးမှအဆက်**

အိန္ဒိယယူ–၁၇ အမျိုးသမီးအသင်းကို ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ–၁၇ အမျိုးသမီးအသင်းနှင့် အိန္ဒိယ ယူ–၁၇ အမျိုးသမီးအသင်းတို့သည် ၂၀၂၆ အာရှဖလား ယူ–၁၇ အမျိုးသမီးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေကြသည့်အသင်းများဖြစ်ကြပြီး ပထမခြေစမ်းပွဲအဖြစ် မတ်လ ၁၂ ရက်က ယှဉ်ပြိုင်မှုတွင်လည်း အိန္ဒိယယူ–၁၇ အမျိုးသမီးအသင်းက ၂ ဂိုး ဂိုးမရှိဖြင့် မြန်မာယူ–၁၇ အမျိုးသမီးအသင်းကိုအနိုင်ရရှိခဲ့သည်။

ယနေ့ပြိုင်ပွဲတွင် မြန်မာအသင်းပွဲစကတည်းက အိန္ဒိယအသင်းဘက်ကို အကြိမ်ကြိမ်တိုက်စစ်ဆင်ထိုးဖောက်ကစားခဲ့သည်။ အိန္ဒိယနောက်တန်းနှင့် ဂိုးသမားမွန်နီတို့ကာကွယ်ဟန့်တားနိုင်မှုကြောင့် မြန်မာအသင်းဦးဆောင်ဂိုး မရရှိခဲ့ခြင်းဖြစ်သည်။ ပထမပွဲရှုံးနိမ့်ထား၍လည်း မြန်မာအသင်းယနေ့နိုင်ပွဲပြန်ရဖို့ အပေးအယူအတက်အဆင်းမှန်မှန်ဖြင့်ပြိုင်ဘက်အသင်းကိုတရစပ်ဖိအားပေးကစားခဲ့ရာ ပွဲကစားချိန် ၁၂ မိနစ်တွင်နှင်းဝင့်ဝါကျော်က မြန်မာအသင်းအတွက်ဦးဆောင်ဂိုးကိုသွင်းယူပေးခဲ့သည်။

အိန္ဒိယအသင်းကလည်း ချေပဂိုးရရှိရေးနှင့် ဦးဆောင်ဂိုးထပ်မံမပေးရရေး မြန်မာတိုက်စစ်မှူးများအား လူကပ်ကစားခဲ့ပြီး အပေးအယူတွဲလုံးများဖြင့် တန်ပြန်တိုက်စစ်မှတစ်ဆင့် ပွဲကစားချိန် ၃၃ မိနစ်တွင် အယ်လ်ဗာဒီဗီက ချေပဂိုးပြန်လည်သွင်းယူသွားခဲ့သည်။ သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်စစ်ဆင်မှုများကြားတွင် ပထမပိုင်းပြီးခါနီး၌ ဆောင်းသဇင်ဦး၏ထောင့်ကန်ဘောမှ မေထုန်မေဇီတာက မြန်မာအသင်းအတွက် ဒုတိယဂိုးကိုထပ်မံသွင်းယူနိုင်ခဲ့၍ ပထမပိုင်းတွင်မြန်မာအသင်းက ၂ဂိုး ၁ဂိုးဖြင့် ပွဲကိုဦးဆောင်ထားခဲ့သည်။

ဒုတိယပိုင်းပြန်စသည်နှင့် နှစ်ဖက်အသင်းလူစားလဲမှုများပြုလုပ်ယှဉ်ပြိုင်ခဲ့ကြရာ မြန်မာအသင်းကစားသမားများဖြစ်ကြသည့် ပင်မြင့်ယံ၊ သဲအိလှိုင်တို့ ဂိုးသွင်းခွင့်များကြုံခဲ့ကြသလို အိန္ဒိယအသင်းကစားသမားများဖြစ်ကြသည့် ဖာနန်ဒက်၊ အဲလိဇဘက်လက်ခရာနှင့် ဘားမန်းတို့ ဂိုးရရှိဖို့အခြေအနေကောင်းများရရှိခဲ့ကြသော်လည်း အဆုံးသတ်အားနည်းမှုများကြောင့်ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ကြပေ။ ပွဲကစားချိန် ၆၅ မိနစ်နောက်ပိုင်းတွင်မြန်မာအသင်းသက်လုံကျလာပြီး ကစားအားကျလာသည်ကို အိန္ဒိယအသင်းအခွင့်ကောင်းယူ၍ တရစပ်ဖိအားပေးလာခဲ့ရာ ပွဲကစားချိန် ၈၈ မိနစ်တွင် ဂိုးဧရိယာပြင်ပမှ အနက်ရှ်ကာကူမာရီက အိန္ဒိယအသင်းအတွက် ချေပဂိုးသွင်းယူသွားသည်။ တစ်ဖက်နှစ်ဂိုးစီဖြင့်ဆက်လက်ယှဉ်ပြိုင်ကြရင်း ဒုတိယပိုင်းပြီးခါနီးတွင် အိန္ဒိယအသင်းအတွက် တတိယမြောက်ဂိုးကိုဂျိုရာက ထပ်မံသွင်းယူနိုင်ခဲ့၍ ပွဲပြီးချိန်တွင် အိန္ဒိယယူ–၁၇ အမျိုးသမီးအသင်းက ၃ ဂိုး ၂ ဂိုးနှင့် မြန်မာယူ–၁၇ အမျိုးသမီးအသင်းကို အနိုင်ရရှိသွားသည်။ ပထမပြိုင်ပွဲတွင်ရှုံးနိမ့်ခဲ့သည့်မြန်မာအသင်း ယနေ့ပွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့သော်လည်း အိန္ဒိယအသင်းကို ထပ်မံရှုံးနိမ့်ခဲ့ကြောင်းသိရသည်။ **ဝန်းရံခ**



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာစက်မှုဇုန်(၁၀)လမ်းတွင် မတ်လ ၁၄ ရက် ည ၈ နာရီ ၁၈ မိနစ်အချိန်၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ ည ၈ နာရီ ၃၂ မိနစ်တွင် Level 1 အဆင့်၊ ည ၈ နာရီ ၃၄ မိနစ်တွင် Level 2 အဆင့်ဖြင့် မင်္ဂလာဒုံမြို့နယ် မီးသတ်စခန်းမှမီးသတ်ယာဉ်များက မီးငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ ၂၆ မိနစ်အချိန်၌ မီးထိန်းနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှ သိရသည်။ မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၁၄-၃-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
DAGON
MALTA FRESH
AIBA
2016
ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ISO 9001:2008 Cert. No.688076
HACCP
Cert. No.688429
Black Tea
ရွှေဖီဦး
Tea Mix
Lemon Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်း -ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
SHWE PHE OO
ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၃၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁


အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့

❖ စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်ရန်မှာ ပြည်သူအားလုံး၏ ဆန္ဒပင်ဖြစ်...
❖ ထိုသို့ တည်ဆောက်ရန်အတွက် သက်ဆိုင်ရာပုဂ္ဂိုလ်အားလုံးက ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားပြည်သူလူထု အကျိုး၊ နိုင်ငံတော်၏အကျိုးကိုကြည့်၍ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန်လို . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကျရောက်သော ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။


# မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၈၆ ဦးအား မြဝတီမြို့နယ်၊ မဲ့ထော်သလေးကျေးရွာအနီးရှိ အဆောက်အအုံများနှင့် နေအိမ်များ၌ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၄

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုံးဝအခြေမပြုနိုင်စေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များသည်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ တရားမဝင် ဝင်ရောက်နေထိုင်မှုမရှိစေရေးတို့ကို အသေးစိတ်စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မဲ့ထော်သလေးကျေးရွာ၏ အရှေ့ဘက်မီတာ ၁၅၀၀ ခန့်အကွာနေရာ၌ တရားမဝင် ပြည်ပနိုင်ငံသားများ ဝင်ရောက်ပုန်းအောင်း နေထိုင်လျက်ရှိကြောင်း သတင်းများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်

စာမျက်နှာ ၂၇ ကော်လံ ၁ ❍



မြဝတီမြို့နယ်၊ မဲ့ထော်သလေးကျေးရွာဝန်းကျင်အနီး တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၈၆ ဦးဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

အရှေ့အလယ်ပိုင်းအရေး နောက်ဆုံးရသတင်းများ စုစည်းမှု စာ - ၂၃ သို့
အာရှ-ပစိဖိတ်ဒေသအတွင်း လောင်စာဆီကိစ္စဖြေရှင်း နိုင်ရေး အရေးပေါ်အစီအမံများစွာ ချမှတ်ဆောင်ရွက်လာနေရ စာ - ၂၃ သို့
အာဖဂန်နစ္စတန်က ပါကစ္စတန်စစ်ဘက်ပစ်မှတ်များကို လက်တုံ့ပြန်တိုက်ခိုက် စာ - ၂၃ သို့

## မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းနှင့် အိန္ဒိယ ယူ-၁၇ အမျိုးသမီးအသင်း ဒုတိယခြေစမ်းပွဲယှဉ်ပြိုင်

ရန်ကုန် မတ် ၁၄

မြန်မာယူ-၁၇ အမျိုးသမီးအသင်းနှင့် အိန္ဒိယယူ-၁၇ အမျိုးသမီးအသင်းတို့၏ ဒုတိယမြောက်ခြေစမ်းပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာယူ-၁၇ အမျိုးသမီးအသင်းသည် ၃ဂိုး ၂ ဂိုးဖြင့်

စာမျက်နှာ ၂၉ ကော်လံ ၁ ❒



## တတိယအကြိမ် ကန်တော်ကြီးပတ်လမ်း အမျိုးသား၊ အမျိုးသမီး(အလွတ်တန်း) Road Bike စက်ဘီးပြိုင်ပွဲ ကစားသမား ၃၀၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်



ရန်ကုန် မတ် ၁၄

(၈၁)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့်ပြုလုပ်သည့် တတိယအကြိမ်ကန်တော်ကြီးပတ်လမ်း အမျိုးသား/အမျိုးသမီး (အလွတ်တန်း) Road Bike စက်ဘီးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ **စာမျက်နှာ ၂၉ ကော်လံ ၄ ▲**

ဇမ္ဗူလသသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း
ပုသိမ်သူ G & G Store ဆိုင်များ
Online
Easy Ticket, Go - Auto Ticket
ရန်ကုန် —
နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ဆွာ - ရေနီ
ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု